| | ၆ | ကုန်သွယ်မှု | ၃,၂၉၈,၃၁၀.၆ | ၃,၅၅၀,၆၆၈.၆ | ၇.၇ | ၃,၈၂၉,၄၄၅.၀ | ၃,၈၁၈,၀၈၇.၆ | ၉၉.၇ | ၇.၅ |

ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ဇယား (၁-၄)

## ၂၀၁၈ ခုနှစ်၊ဧပြီလမှ စက်တင်ဘာလအထိ(၆)လ အမျိုးသားစီမံကိန်းအပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်နိုင်မှုအခြေအနေ

### (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၆ ခုနှစ် ဧပြီလမှစက်တင်ဘာလ(၆)လ အကောင်အထည်ဖော်နိုင်မှု | ၂၀၁၇ ခုနှစ် ဧပြီလမှစက်တင်ဘာလ(၆)လ အကောင်အထည်ဖော်နိုင်မှု | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ(၆)လ | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု | | |
| | | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တိုးတက်မှုနှုန်း(%) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု(%) | တိုးတက်မှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင်ပြည်နယ် | ၃၁၃,၉၄၁.၉ | ၃၃၃,၆၆၈.၈ | ၆.၃ | ၃၄၄,၇၇၈.၅ | ၃၅၄,၉၂၆.၆ | ၁၀၂.၉ | ၆.၄ |
| ၂ | ကယားပြည်နယ် | ၇၉,၁၈၁.၉ | ၈၄,၁၃၂.၅ | ၆.၃ | ၈၄,၃၀၅.၃ | ၉၀,၈၁၃.၉ | ၁၀၇.၇ | ၇.၉ |
| ၃ | ကရင်ပြည်နယ် | ၃၄၂,၆၄၃.၀ | ၃၆၂,၃၄၁.၆ | ၅.၇ | ၃၈၆,၃၂၇.၆ | ၃၉၂,၃၁၃.၈ | ၁၀၁.၅ | ၈.၃ |
| ၄ | ချင်းပြည်နယ် | ၈၁,၆၃၂.၁ | ၈၂,၁၅၀.၈ | ၀.၆ | ၈၇,၄၄၈.၆ | ၈၈,၅၂၉.၃ | ၁၀၁.၂ | ၇.၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂,၂၀၅,၈၅၈.၀ | ၂,၄၁၅,၈၈၇.၅ | ၉.၅ | ၂,၆၃၀,၇၁၄.၄ | ၂,၆၄၈,၇၂၁.၆ | ၁၀၀.၇ | ၉.၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၉၁၄,၁၀၁.၉ | ၉၆၀,၆၃၇.၇ | ၅.၁ | ၁,၀၂၈,၇၈၈.၂ | ၁,၀၅၃,၉၃၉.၉ | ၁၀၂.၄ | ၉.၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၄၀၃,၁၉၃.၃ | ၁,၄၇၆,၉၃၉.၃ | ၅.၃ | ၁,၅၇၇,၇၀၂.၃ | ၁,၅၉၄,၉၁၄.၅ | ၁၀၁.၁ | ၈.၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၀၂၄,၃၆၂.၁ | ၂,၀၃၁,၆၈၇.၉ | ၀.၄ | ၂,၁၆၈,၂၄၇.၀ | ၁,၉၄၉,၈၅၆.၀ | ၈၉.၉ | -၄.၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၃၁၈,၃၅၅.၆ | ၂,၅၅၂,၈၄၂.၇ | ၁၀.၁ | ၂,၇၅၈,၇၄၃.၈ | ၂,၇၂၂,၂၇၈.၉ | ၉၈.၇ | ၆.၆ |
| ၁၀ | မွန်ပြည်နယ် | ၈၅၅,၂၃၆.၇ | ၉၁၉,၅၀၀.၂ | ၇.၅ | ၉၈၂,၀၁၅.၈ | ၉၉၁,၀၂၀.၈ | ၁၀၀.၉ | ၇.၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၇၀၂,၀၃၄.၄ | ၇၁၅,၀၄၅.၅ | ၁.၉ | ၇၆၁,၀၃၄.၈ | ၇၄၄,၃၀၃.၉ | ၉၇.၈ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၃၄၅,၁၄၁.၄ | ၅,၇၄၉,၆၃၆.၀ | ၇.၆ | ၆,၂၃၀,၄၁၂.၁ | ၆,၁၇၂,၂၁၂.၁ | ၉၉.၁ | ၇.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၃၅၆,၇၈၈.၈ | ၁,၄၄၄,၁၄၇.၇ | ၆.၄ | ၁,၄၈၂,၄၀၂.၇ | ၁,၅၅၇,၂၅၀.၆ | ၁၀၅.၀ | ၇.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁,၉၈၄,၃၆၆.၅ | ၂,၀၄၅,၉၇၉.၂ | ၃.၁ | ၂,၁၅၉,၄၃၇.၇ | ၂,၁၇၉,၀၆၉.၅ | ၁၀၀.၉ | ၆.၅ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၄၀၆,၉၄၅.၁ | ၄၆၇,၁၈၀.၀ | ၁၄.၈ | ၄၇၈,၄၈၉.၆ | ၅၁၁,၄၃၈.၉ | ၁၀၆.၉ | ၉.၅ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လတွင် စားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ပို့ကုန်တိုးမြှင့် တင်ပို့နိုင်စေရေးအတွက် အသားကဏ္ဍနှင့် ငါးကဏ္ဍအား တိုးတက်အောင်ဆောင်ရွက်ခဲ့ခြင်း၊ အသေးစားနှင့်အလတ်စား ထုတ်လုပ်မှုလုပ်ငန်းငယ်များ၏ ထုတ်လုပ်မှု တိုးတက်လာခြင်း၊ ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ခြင်းခဲ့ပြီး ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျော့နည်းခဲ့သော်လည်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများတိုးတက်ခဲ့ခြင်း၊ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ တိုးတက်ရောက်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိခဲ့ခြင်း၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း၊ ပုဂ္ဂလိကဘဏ်နှင့်ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းနှင့် ငွေရေးကြေးရေးဝန်ဆောင်မှုများ ကောင်းမွန်လာခြင်း၊ အခြားဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ဆောင်မှုများ ကောင်းမွန်ခဲ့ခြင်း ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၆.၅ ရာခိုင်နှုန်းတိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ဧပြီလမှ စက်တင်ဘာလအထိ (၆)လ တွင် မြန်မာနိုင်ငံ၏ စီးပွားရေး ညွှန်ကိန်းများအား အောက်ပါဇယားအတိုင်းဖော်ပြအပ်ပါသည်-

ဇယား(၁-၅)

မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | | | | |
| GDP (နှစ်အလိုက်ဈေးနှုန်း) | ကျပ်ဘီလီယံ | ၂၆,၄၈၅.၁ | ၂၉,၂၇၆.၅ | ၃၂,၅၂၂.၈ |
| GDP (ပုံမှန်ဈေးနှုန်း) | ॥ | ၂၀,၃၃၃.၈ | ၂၁,၆၄၁.၈ | ၂၃,၀၅၁.၆ |
| GDP တိုးတက်မှုနှုန်း | (%) | ၅.၄ | ၆.၄ | ၆.၅ |
| ကဏ္ဍကြီးများအလိုက် တိုးတက်မှုနှုန်း | | | | |
| လယ်ယာ | (%) | ၂.၆ | ၀.၄ | ၀.၄ |
| စက်မှု | (%) | ၅.၉ | ၈.၆ | ၉.၄ |
| ဝန်ဆောင်မှု | (%) | ၆.၇ | ၈.၄ | ၇.၉ |
| GDP တွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး(နှစ်အလိုက်ဈေးနှုန်း) | | | | |
| လယ်ယာ | (%) | ၂၃.၃ | ၂၁.၇ | ၂၀.၅ |
| စက်မှု | (%) | ၃၃.၀ | ၃၄.၂ | ၃၅.၁ |
| ဝန်ဆောင်မှု | (%) | ၄၃.၇ | ၄၄.၁ | ၄၄.၄ |

**လူမှုရေးညွှန်ကိန်းများ**

မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ လူမှုရေးညွှန်ကိန်းများကို အောက်ပါဇယားအတိုင်းဖော်ပြအပ်ပါသည်-

ဇယား(၁-၆)

မြန်မာနိုင်ငံ၏လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| **လူဦးရေ** | | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၆၈၄ | ၅၃,၁၅၂ | ၅၃,၆၂၅ |
| ကျား | ထောင်ပေါင်း | ၂၅,၃၅၃ | ၂၅,၅၄၉ | ၂၅,၇၄၈ |
| မ | ထောင်ပေါင်း | ၂၇,၃၃၀ | ၂၇,၆၀၃ | ၂၇,၈၇၇ |
| ကျား/မအချိုး | ရာခိုင်နှုန်း | ၉၃ | ၉၃ | ၉၂ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၄၆၂ | ၁၅,၆၆၀ | ၁၅,၈၆၇ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၂၂၂ | ၃၇,၄၉၀ | ၃၇,၇၅၈ |
| လူဦးရေတိုးနှုန်း | (%) | ၀.၈၉ | ၀.၈၉ | ၀.၈၈ |
| လူဦးရေသိပ်သည်းမှု (တစ်စတုရန်းကီလိုမီတာ) | ဦးရေ | ၇၇.၉ | ၇၈.၆ | ၇၉.၃ |
| မှီခိုသူအချိုး (သက်ကြီး ၆၅+ နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၅၂.၂ | ၅၁.၈ | ၅၁.၄ |
| မှီခိုသူအချိုး (သက်ကြီး ၆၀+ နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၆၀.၃ | ၆၀.၀ | ၅၉.၈ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၁,၆၁၇ | ၃၁,၉၂၁ | ၃၃,၆၀၂ |
| **ထုတ်လုပ်မှု** | | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၉,၄၃၀.၄ | ၁၀,၃၅၉.၆ | ၁၁,၂၈၄.၇ |
| ရေနံစိမ်းထုတ်လုပ်မှု (Production of CrudeOil) | အမေရိကန်စည်(ထောင်) | ၂,၆၅၁.၁၃၄ | ၂,၆၉၂.၂၀၆ | ၃,၀၈၄.၂၂၈ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေ(သန်း) | ၃၂၅,၇၂၇.၀ | ၃၁၀,၂၆၆.၆၇၃ | ၂၉၃,၀၂၉.၅၆၃ |


| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| **ဆက်သွယ်ရေး** | | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၁၆,၈၃၁ | ၅၂၀,၃၇၂ | ၅၂၁,၂၃၃ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၄၄,၄၁၈,၀၉၇ | ၅၆,၂၁၀,၅၀၈ | ၅၂,၂၉၁,၀၃၂ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၄၄,၄၃၉,၃၉၁ | ၅၆,၂၃၁,၄၄၄ | ၄၉,၈၉၃,၇၂၇ |
| **စာတိုက်** | | | | |
| အစိုးရစာတိုက် | ခုရေ | ၁,၃၈၁ | ၁,၃၈၂ | ၁,၃၈၈ |
| **လမ်း** | | | | |
| လမ်းအရှည်စုစုပေါင်း | ကီလိုမီတာ | ၄၁, ၄၁၃ | ၄၁, ၈၃၁ | ၄၂,၃၄၅ |
| လမ်းသိပ်သည်းဆ | ကီလိုမီတာ/စတုရန်းကီလိုမီတာ | ၀.၀၆၁ | ၀.၀၆၂ | ၀.၀၆၃ |
| မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ကွန်ကရစ်လမ်း) | ကီလိုမီတာ | ၂၆,၆၂၂ | ၂၈, ၀၇၂ | ၂၉,၅၆၈ |
| **အခြေခံလိုအပ်ချက်များသုံးစွဲမှု** | | | | |
| **ကျန်းမာရေး** | | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၁၉၁ | ၁,၂၂၀ | ၁,၂၂၂ |
| ခုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၇၀၃ | ၅၅,၀၀၄ | ၅၅,၀၂၂ |
| ဆရာဝန် | ဦးရေ | ၃၈,၉၁၂ | ၄၀,၃၅၄ | ၄၁,၉၄၆ |
| သူနာပြု | ဦးရေ | ၃၆,၂၅၁ | ၃၆,၆၃၀ | ၃၆,၉၂၆ |
| သားဖွားဆရာမ | ဦးရေ | ၁၂,၂၉၅ | ၁၃,၉၈၆ | ၁၄,၁၁၉ |
| **ပညာရေး(အခြေခံ)** | | | | |
| **အစိုးရ** | | | | |
| ကျောင်း | ဦးရေ | ၄၅,၄၈၆ | ၄၆,၄၉၄ | ၄၇,၀၀၅ |
| ကျောင်းသား | ဦးရေ(ထောင်) | ၉,၀၇၂ | ၉,၂၀၁ | ၉,၁၀၂ |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၃,၉၁၄ | ၃၆၈,၇၇၀ | ၄၀၃,၅၄၆ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ပုဂ္ဂလိက | | | | |
| ကျောင်း | ဦးရေ | ၅၈၅ | ၇၃၁ | ၈၉၉ |
| ကျောင်းသား | ဦးရေ | ၁၃၉,၆၄၈ | ၁၇၇,၈၁၆ | ၂၂၇,၉၉၅ |
| ဆရာ/ဆရာမ | ဦးရေ | ၈,၈၂၆ | ၁၀,၁၀၈ | ၁၂,၅၇၁ |
| ပညာရေး(အဆင့်မြင့်) | | | | |
| **အစိုးရ** | | | | |
| ကျောင်း | ဦးရေ | ၁၇၃ | ၁၇၇ | ၁၇၇ |
| ကျောင်းသား | ဦးရေ | ၈၉၆,၆၉၅ | ၉၂၀,၄၅၅ | ၁,၀၁၀,၈၄၈ |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၇၂၉ | ၂၆,၅၂၇ | ၂၇,၂၇၂ |
| **နိုင်ငံခြားခရီးသည်များ** | | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၁,၃၀၀,၂၈၇ | ၁, ၅၆၆, ၈၇၉ | ၁, ၅၉၄, ၅၃၁ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ စီးပွားရေးနှင့်လူမှုရေး အခြေအနေများကို ပုံပြဂရပ်များဖြင့် တင်ပြအပ်ပါသည်-


**ပုံ (၁-၃) အကောင်အထည်ဖော်မှုအရ ဂျီဒီပီ တန်ဖိုး(နှစ်အလိုက်ဈေးနှုန်း)**





၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ တွင် စုစုပေါင်းပြည်တွင်းထုတ် လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃၂,၈၇၃,၂၀၂.၅ သန်း အကောင်အထည်ဖော်ရန် ရည်မှန်းခဲ့ရာ ကျပ် ၃၂,၅၂၂,၈၁၈.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၉ ရာခိုင်နှုန်းအကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

**ပုံ (၁- ၄) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**





**ပုံ(၁-၅) ဂျီဒီပီတိုးတက်မှုနှုန်း ( ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ တိုးတက်မှုနှုန်းမှာ ယခင်နှစ် အလားတူကာလများတွင် ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုနှုန်းများထက် ပိုမိုခဲ့ပါသည်။

### ပုံ (၁-၆) စီးပွားရေးဖွံ့စည်းမှုပုံသဏ္ဍာန်(နှစ်အလိုက်ဈေးနှုန်း)





စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဍာန်မှာ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် တို့တွင် လယ်ယာကဏ္ဍကြီး အနေဖြင့် ၂၃.၃ ရာခိုင်နှုန်း၊ ၂၀.၇ ရာခိုင်နှုန်း၊ ၂၀.၅ ရာခိုင်နှုန်း အသီးသီး ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။ စက်မှုကဏ္ဍကြီး အနေဖြင့် ၃၃.၀ ရာခိုင်နှုန်း၊ ၃၄.၂ ရာခိုင်နှုန်း၊ ၃၅.၁ ရာခိုင် နှုန်း နှင့် ဝန်ဆောင်မှု ကဏ္ဍကြီး အနေဖြင့် ၄၃.၇ ရာခိုင်နှုန်း၊ ၄၄.၁ ရာခိုင်နှုန်း၊ ၄၄.၄ ရာခိုင်နှုန်းအသီးသီး ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ရင်းနှီးမြှုပ်နှံမှုအခြေအနေ


### ပုံ (၁-၇) နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု




နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုကို ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ အမျိုးသား စီမံကိန်း တွင် ပြည်ထောင်စု ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီး/ပြည်နယ် တို့မှ ကျပ် ၂,၈၈၄,၁၁၃.၆ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ကျပ် ၂,၂၇၉,၆၄၉.၄ သန်း ရင်းနှီးမြှုပ်နှံနိုင်ခဲ့သဖြင့် ၇၉.၀၄ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ပုံ ( ၁-၈) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု





အထူးစီးပွားရေးဇုန်အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ (၆) လ တွင် အမေရိကန်ဒေါ်လာ ၁,၁၁၂.၁ သန်းနှင့် ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လတွင် အမေရိကန် ဒေါ်လာ ၄,၃၅၈.၆ သန်း ခွင့်ပြုခဲ့ ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ (၆)လ စာရင်းအရ အထူးစီးပွားရေးဇုန်အပါအဝင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁,၉၄၄.၃ သန်း ခွင့်ပြုခဲ့ပါသည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

### ငွေရေးကြေးရေး


## ပုံ(၁-၉)ဘဏ်တွင်ပြည်သူတို့၏ စုဆောင်းငွေ




နိုင်ငံပိုင်ဘဏ်များ နှင့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ဘဏ်တွင် ပြည်သူတို့၏ စုဆောင်းမှုများ များပြားလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်တွင် ကျပ် ၃၁,၂၉၆,၇၂၁ သန်း စုဆောင်းခဲ့ပြီး၊ ၂၀၁၈ ခုနှစ် ဇူလိုင်လကုန်တွင် ကျပ် ၃၅,၄၀၃,၁၀၇ သန်း စုဆောင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### ပုံ (၁- ၁၀)နိုင်ငံခြားငွေလဲလှယ်နှုန်း





အမေရိကန်တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ ၂၀၁၈ ခုနှစ် ဧပြီလတွင် ၁,၃၄၀ ကျပ် ဖြစ်ပေါ်ခဲ့ရာမှ စက်တင်ဘာလ ကုန်တွင် ၁,၅၆၀ ကျပ်အထိ ဆက်တိုက် မြင့်မားခဲ့ပါသည်။ အမေရိကန် ဒေါ်လာတန်ဖိုးမြင့်မားလာသည့်အတွက် နိုင်ငံအများစု၏ ငွေကြေးတန်ဖိုးများမှာ အနည်းနှင့်အများ ကျဆင်းခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပ အကျိုးသက်ရောက်မှုများအပြင် ပြည်တွင်း နိုင်ငံခြားငွေ ဝယ်လိုအားမြင့်တက်ခဲ့ခြင်းကြောင့် ကျပ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ပါသည်။

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

မှတ်ချက်။ စက်တင်ဘာလနောက်ဆုံးရက်၏ ငွေလဲလှယ်နှုန်းများဖြစ်ပါသည်။


### ပုံ (၁-၁၁) ငွေကြေးဖောင်းပွမှုနှုန်း




ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ၂၀၁၆ခုနှစ် စက်တင်ဘာလ၌ ၉.၁၆ % ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၄.၆၆ % နှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၅.၉၄ % ဖြစ်ပေါ် ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။


## ပုံ (၁-၁၂)ပို့ကုန်အခြေအနေ




၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၆,၇၀၅.၀ သန်း လျာထားပြီး အမေရိကန်ဒေါ်လာ ၈,၈၂၁.၃ သန်း တင်ပို့နိုင်ခဲ့သဖြင့် လျာထားချက်၏ ၁၃၁.၆ ရာခိုင်နှုန်းအကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ အများဆုံး တင်ပို့သော ကုန်ပစ္စည်းများမှာ ချုပ်ပြီး အထည်၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့၊ သတ္တုနှင့် သတ္တုရိုင်း၊ ကျောက်စိမ်း၊ ပဲအမျိုးမျိုးနှင့် ဆန်တို့ဖြစ်ပြီး အများဆုံး တင်ပို့သည့် နိုင်ငံများမှာ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ (၁-၁၃) သွင်းကုန်အခြေအနေ




၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ အထိ သွင်းကုန် အမေရိကန်ဒေါ်လာ ၆,၉၉၅.၀ သန်း လျာထားပြီး အမေရိကန်ဒေါ်လာ ၉,၈၅၈.၀ သန်း တင်သွင်းခဲ့သဖြင့် လျာထားချက်၏ ၁၄၀.၉ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ အများဆုံးတင်သွင်း သော ကုန်ပစ္စည်းများမှာ ရေနံထွက် ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ မော်တော်ယာဉ် နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ် ရေးပစ္စည်းများ၊ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းများ၊ ဆေးဝါး ပစ္စည်း နှင့် စားအုန်းဆီ တို့ဖြစ်ပြီး အများဆုံး တင်သွင်းသည့် နိုင်ငံများမှာ တရုတ် ပြည်သူ့ သမ္မတ နိုင်ငံ၊ စင်္ကာပူ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါ သည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ(၁-၁၄) ကုန်သွယ်မှုပမာဏ




၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ အထိ ကုန်သွယ်မှု အနေဖြင့် အမေရိကန်ဒေါ်လာ ၁၃,၇၀၀.၀ သန်း လျာထားပြီး အမေရိကန် ဒေါ်လာ ၁၈,၆၇၉.၃ သန်း ကုန်သွယ်နိုင် ခဲ့သဖြင့် လျာထားချက်၏ ၁၃၆.၃ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါ သည်။ ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ထက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂,၃၅၃.၃ သန်း ပိုမို ကုန်သွယ် ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ (၁-၁၅) ကုန်သွယ်မှုပိုငွေ/လိုငွေ




၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလ တွင် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၈,၈၂၁.၃ သန်းနှင့် သွင်းကုန် တန်ဖိုး အမေရိကန် ဒေါ်လာ ၉,၈၅၈.၀ သန်း ဆောင်ရွက်နိုင်ခဲ့၍ ကုန်သွယ်မှု လိုငွေ အမေရိကန် ဒေါ်လာ ၁,၀၃၆.၇ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ကုန်သွယ်မှု လိုငွေ ပမာဏ သည် ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ ထက် အမေရိကန်ဒေါ်လာ ၈၂၇.၁ သန်း လျော့နည်း ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ (၁- ၁၆) ကုန်သွယ်ဘက်နိုင်ငံများ




၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင် ဘာလ တွင် ကုန်သွယ်မှု အများဆုံး ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဂျပန် နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ (၁-၁၇) ကုန်ပစ္စည်းအုပ်စု အလိုက် ပို့ကုန်အခြေအနေ




၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလတွင် စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၂,၉၈၃.၂ သန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၆၄၉.၄ သန်း၊ လယ်ယာ ထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၂၇၈.၈ သန်း၊ သတ္တုတွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၀၄၉.၂ သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၉၈.၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန် ဒေါ်လာ ၁၇၈.၃သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန် ဒေါ်လာ ၉၅.၂ သန်းနှင့် အခြားပစ္စည်း အမေရိကန် ဒေါ်လာ ၁,၂၈၉.၁ သန်း၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၈,၈၂၁.၃ သန်း တင်ပို့ခဲ့ ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ (၁-၁၈) ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ




၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၃,၄၅၄.၅ သန်း တင်သွင်းခဲ့သဖြင့် ၂၀၁၇ ခုနှစ် ဧပြီလမှစက်တင် ဘာလထက် အမေရိကန် ဒေါ်လာ ၇၆.၉ သန်း ပိုမို တင်သွင်း ခဲ့ပါသည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၃,၇၅၇.၄ သန်း တင်သွင်းခဲ့သဖြင့် ၂၀၁၇ ခုနှစ် ဧပြီလမှစက်တင်ဘာလထက် အမေရိကန် ဒေါ်လာ ၃၉၃.၉ သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ လူသုံးကုန် ပစ္စည်း အမေရိကန်ဒေါ်လာ ၂,၆၄၆.၁ သန်း တင်သွင်းခဲ့ သဖြင့် ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလထက် အမေရိကန်ဒေါ်လာ ၂၉၂.၃ သန်း ပိုမိုတင်သွင်းခဲ့ပြီး စုစုပေါင်းအမေရိကန် ဒေါ်လာ ၉,၈၅၈.၀ သန်း တင်သွင်း ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။


## ပုံ (၁-၁၉) မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့်သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ




နိုင်ငံတော်၏ စီးပွားရေးအား အထောက်အပံ့ ဖြစ်စေမည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည် တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကဏ္ဍတစ်ရပ်ပေါ်ထွန်းလာ အောင်ဖော်ဆောင် လျက်ရှိပါသည်။ ကမ္ဘာလှည့် ခရီးသည်များ ခရီးသွားလာမှု လွယ်ကူစေရန် ဖြေလျှော့မှုပေးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု မရှိစေရေး ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ဒေသခံများ ၏ ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် လေးစားလိုက်နာရေးဆောင်ရွက်နိုင်စေရန် လူထုအခြေပြု ခရီးသွား လုပ်ငန်းကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါသည်။

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန။


## ပုံ( ၁- ၂၀) ဆောက်လုပ်မှုအမျိုးအစားအလိုက်ဆောင်ရွက်မှုအခြေအနေ




၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလတွင် အိမ်ရာ ၅၆.၂%၊ ရုံး၊ ကျောင်း၊ ဆေးရုံစသည်များ ၁၄.၄%၊ လမ်း ၁၀.၆%၊ တံတား ၂.၃%၊ ဆိပ်ကမ်း၊ ဆည်မြောင်းများ ၃.၆%၊ ဆက်သွယ်ရေးနှင့် မဟာဓါတ်အားလိုင်းများ ၀.၉%၊ ဓါတ်အားလိုင်းတိုများတွင် ၁.၇%၊ သတ္တုတွင်း၊ စက်ရုံများ၁.၃%၊ အားကစားကွင်း၊ ပန်းခြံ ၀.၂% နှင့် အခြားမြို့ပြ အင်ဂျင်နီယာ လုပ်ငန်းများ (အဆောက်အဦ ဖြိုဖျက်ခြင်း၊ လုပ်ငန်းခွင်များ ရှင်းလင်းခြင်း၊ တောရိုင်း မြေပြုပြင်ခြင်း) ၈.၈% အသီးသီး ဆောင်ရွက်ခဲ့ပါသည်။

ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။


## ပုံ( ၁- ၂၁) လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အား




၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံပိုင် လျှပ်စစ်ဓာတ်အားတပ်ဆင်ထား သည့် အင်အားအနေဖြင့် ၅၇၉၄ မဂ္ဂါဝပ် ရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါ သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ အထိ တပ်ဆင်ထားသည့် အင်အား ၅၄၃၀ မဂ္ဂါဝပ် ရှိသဖြင့် ၃၆၄ မဂ္ဂါဝပ် တိုးတက် တပ်ဆင်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။


## ပုံ(၁-၂၂) လျှပ်စစ်ဓာတ်အားသုံးစွဲမှု




ပြည်တွင်းလျှပ်စစ် ဓာတ်အားသုံးစွဲမှုအနေဖြင့် စီမံကိန်းရည်မှန်းချက်၏ ၈၉.၆ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ရာဇဂြိုလ်ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၆.၉.၂၀၁၈ နေ့တွင် စမ်းသပ်လည်ပတ်ခြင်း၊ မြင်းခြံ (Sembcorp) နှင့် UREC (U-Energy Thaketa Power Company) သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများ တည်ဆောက်၍ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိခြင်း၊ နိုင်ငံပိုင်ရေအားလျှပ်စစ်စက်ရုံများကို ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်၍ စက်စွမ်းအား ပြည့်လည်ပတ်နိုင်ခဲ့ခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်သူများ ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။

ဓာစ်မြစ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်များ။


## ပုံ (၁-၂၃) အခြေခံပညာကျောင်းများအခြေအနေ




ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူနိုင်ရေးအတွက် ပညာသင်ကြားမှုဆိုင်ရာ ရုပ်ပတ်ဝန်းကျင်ကောင်းများ နှစ်စဉ်တိုးတက်ဖော်ဆောင်ခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ(၆)လ တွင်အခြေခံပညာကျောင်း စုစုပေါင်း ၅၁၁ ကျောင်း တိုးတက်ခဲ့ပါသည်။

ဓာစ်မြစ်။ ပညာရေးဝန်ကြီးဌာန။


## ပုံ (၁-၂၄) အခြေခံပညာကျောင်းဆရာများအခြေအနေ




ပညာသင်ကြား/သင်ယူမှု စွမ်းဆောင်ရည် မြင့်မားလာစေရန်လုပ်ငန်းခွင်အကြိုဆရာ အတတ်သင်တန်း၊ မာလ်တီမီဒီယာ အတတ် ပညာ ဘွဲ့လွန် ဒီပလိုမာ(ပညာရေး) (PGDMA) နှင့် ပညာရေး တက္ကသိုလ်တို့မှ ဆရာ/ဆရာမများ ကို တိုးမြှင့်ခန့် ထားနိုင်ခြင်းကြောင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြ ဆရာ/ဆရာမဦးရေ တိုးတက် ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန။


## ပုံ (၁-၂၅) အခြေခံပညာကျောင်းသားများအခြေအနေ




KG+၅-၄-၃ ပညာရေးစနစ်သို့ ပြောင်းလဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် မူလတန်းကျောင်းသား ဦးရေ လျော့နည်း ခဲ့သော်လည်း အခမဲ့ပညာရေး တိုးမြှင့် ဖော်ဆောင်မှုနှင့် အတူ ပညာသင် ထောက်ပံ့ ကြေးများ တိုးချဲ့ပေးအပ်ခြင်း တို့ကြောင့် အလယ်တန်းနှင့် အထက် တန်းရှိ ကျောင်းသား ဦးရေ တိုးတက် ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန။

## ပုံ (၁-၂၆) တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များအခြေအနေ





အဆင့်မြင့် လူ့စွမ်းအားများ ပိုမိုထိရောက်စွာ မွေးထုတ်နိုင်ရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်တို့တွင် ဆရာဦးရေ ၇၄၅ဦး တိုးမြှင့် ခန့်ထားနိုင်ခဲ့ပြီး အဆင့်မြင့်ပညာသင် ကျောင်းသား ဦးရေ ၉၀,၃၉၃ ဦး တိုးတက်ခဲ့ပါသည်။

ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ။

### ကျန်းမာရေး


## ပုံ(၁- ၂၇) ဆရာဝန်ဦးရေ




ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှုကို တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်စေရန် နှင့် လူတိုင်း လက်လှမ်းမီသော ကျန်းမာရေး ဝန်ဆောင်မှု ခိုင်မာအားကောင်းစေရန်အတွက် ထိရောက်ထက်မြက်၍ အရည်အသွေး ပြည့်ဝသည့် ဆရာဝန်များ နှစ်စဉ် မွေးထုတ်ခဲ့သဖြင့် ဆရာဝန် ဦးရေ မြင့်တက်ခဲ့ပါသည်။

ဓာတ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


## ပုံ(၁-၂၈) သူနာပြုဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

မြို့ပြဒေသမှ ကျေးလက် ဒေသထိ ကျန်းမာရေး စောင့်ရှောက်မှုများကို နိုင်ငံ တစ်ဝှမ်း လွှမ်းခြုံဖြည့်ဆည်း ပေးနိုင်ရေးအတွက် အရည်အသွေး ပြည့်ဝသော သူနာပြုများအား နှစ်အလိုက် တိုးမြှင့် ခန့်ထားနိုင်ခဲ့ပါသည်။

## ပုံ(၁-၂၉) သားဖွားဆရာမဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲတို့ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မွေးကင်းစ ကလေး သေဆုံးမှုနှုန်း လျော့နည်းစေရေး အတွက် သားဖွားဆရာမများအား နှစ်စဉ်တိုး မြှင့်ခန့်ထားခဲ့ပါသည်။

## အခန်း(၂)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ

ပြည်ထောင်စုအဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၃၁) ခု၏ အခြေအနေကို တင်ပြအပ်ပါသည်။

**ပြည်ထောင်စုရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၂၆) ခု နှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၅) ခု ၊ စုစုပေါင်း (၃၁) ခု မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သည့်**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

(က) ပြန်ကြားရေးဝန်ကြီးဌာန

(၁) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၁) ပြည်တွင်းရေကြောင်းပို့ ဆောင်ရေး

(၂) မြန်မာ့မီးရထား

(၃) ကုန်းလမ်းပို့ဆောင်ရေး

(၄) မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း

(၅) မြန်မာ့စာတိုက်လုပ်ငန်း

(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁) အမှတ်(၁)သတ္တုတွင်း လုပ်ငန်း

(၂) အမှတ်(၂)သတ္တုတွင်း လုပ်ငန်း

(၃) မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေး လုပ်ငန်း

(၄) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း

(၅) မြန်မာ့သစ်လုပ်ငန်း

(ဃ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း

(၂) လျှပ်စစ်ဓာတ်အားဖြန့် ဖြူးရေးလုပ်ငန်း

(၃) မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း

(၄) မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း

(၅) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း

(င) စက်မှုဝန်ကြီးဌာန

(၁) အမှတ်(၁)အကြီးစားစက်မှု လုပ်ငန်း

(၂) အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်း

(၃) အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်း

(၄) မြန်မာ့ဆေးဝါးလုပ်ငန်း

(စ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁) မြန်မာ့စီးပွားရေးဘဏ်

(၂) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူး သန်းရောင်းဝယ်ရေးဘဏ်

(၃) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

(၄) မြန်မာ့အာမခံလုပ်ငန်း

(၅) မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်

(ဆ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

(က) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(၂) မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

(၃) မြန်မာအမျိုးသားလေကြောင်း

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၁) ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း

(၂) မန္တလေးလျှပ်စစ်ဓာတ် အားပေးရေးကော်ပို ရေးရှင်း

**၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု**

အဆိုပါ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း စုစုပေါင်း(၃၁)ခု ရှိသည့်အနက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်း (၆)ခု ရှိပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ စုစုပေါင်း သာမန် ဝင်ငွေ ကျပ် ၃,၆၈၀,၉၇၃.၁၁၉ သန်း နှင့် သာမန် အသုံးစရိတ် ကျပ် ၃,၁၂၉,၅၃၀.၆၄၅ သန်း လျာထားခဲ့ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို ဖော်ပြထားသည့် သာမန်ဝင်ငွေ နှင့် သာမန် အသုံးစရိတ် စာရင်းများသည် ကုန်သွယ်မှုစာရင်း၏ ယာယီစာရင်းများကို အခြေခံ၍ ပြုစုထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ၏ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ယာယီ စာရင်းအရ သာမန်ဝင်ငွေ၊ သာမန်သုံးငွေ အခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

ဇယား (၂-၁)

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ယာယီ စာရင်းအရ သာမန်ဝင်ငွေ၊ သာမန်သုံးငွေ အခြေအနေ

| အကြောင်းအရာ | လျာထားချက် (ကျပ်သန်း) | အကောင်အထည်ဖော်မှု (ကျပ်သန်း) | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း |
|---|---|---|---|
| စုစုပေါင်းသာမန်ဝင်ငွေ | ၃,၆၈၀,၉၇၃.၁၁၉ | ၄,၀၈၀,၇၀၄.၅၇ | ၁၁၀.၉ |
| စုစုပေါင်းသာမန်သုံးငွေ | ၃,၁၂၉,၅၃၀.၆၄၅ | ၂,၉၁၉,၉၈၅.၅၁ | ၉၃.၃ |
| စုစုပေါင်းပိုငွေ/လိုငွေ(+/-) | (+)၅၅၁,၄၄၂.၄၇၄ | (+) ၁,၁၆၀,၇၁၉.၀၆ | |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ စုစုပေါင်း သာမန် ဝင်ငွေ လျာထားချက် တွင် ၁၁၀.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ သာမန်သုံးငွေတွင် ၉၃.၃ ရာခိုင်နှုန်းသာ သုံးစွဲခဲ့ပါ သည်။ စုစုပေါင်း ပိုငွေလျာထားချက်အပေါ်တွင် ကျပ် ၆၀၉,၂၇၆.၅၈၆ သန်း ပိုမိုရရှိခဲ့ပါသည်။

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ(၃၁) ခုအနက် အဖွဲ့အစည်း (၁၅) ခုသည် သာမန်ဝင်ငွေ လျာထားချက်အပေါ် ကျော်လွန်အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ အဖွဲ့အစည်းများ၏ အကောင် အထည်ဖော်နိုင်မှု အခြေအနေ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပြန်ကြားရေးဝန်ကြီးဌာန။** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ကြော်ငြာခမှ ဝင်ငွေ ရရှိခြင်းကြောင့် ပိုငွေဖြင့် ဆောင်ရွက် နိုင်ခဲ့ကြောင်း အောက်ပါအတိုင်းတွေ့ရှိရပါသည်-

ဇယား (၂-၂)

ပြန်ကြားရေးဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့ အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | သတင်းနှင့်စာနယ် ဇင်းလုပ်ငန်း | ၁၀,၁၅၁.၄၀၀ | ၉,၄၉၈.၄၄၂ | ၈,၀၈၉.၉၄၀ | ၆,၉၁၄.၆၈ | (+) ၁,၁၇၅.၂၆ |
| | စုစုပေါင်း | ၁၀,၁၅၁.၄၀၀ | ၉,၄၉၈.၄၄၂ | ၈,၀၈၉.၉၄၀ | ၆,၉၁၄.၆၈ | (+) ၁,၁၇၅.၂၆ |

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများအနက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုသာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျန်ဌာနများဖြစ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှာ အောက်ပါအချက်များကြောင့် လိုငွေပြကြောင်း တွေ့ရှိရပါသည်-

(၁) ခရီးလမ်းအချို့ ရပ်နားထားရခြင်း၊ ခရီးသည် လိုက်ပါမှု နည်းပါးခြင်း၊ ခရီးရှည် သွားလာမှု လျော့နည်းခြင်းတို့ကြောင့် ခရီးသည်၊ ခရီးသည်မိုင်နှင့် ခရီးသည်ခ ဝင်ငွေများ လျော့နည်း ရရှိခြင်း၊

(၂) ခရီးသည် ပို့ဆောင်ခြင်းအပိုင်းတွင် မြို့ပတ်လမ်းပိုင်းအား အဆင့်မြင့်တင်ရေး ဆောင်ရွက်နေသဖြင့် တစ်လမ်းသွားစနစ်ဖြင့်သာ ပြေးဆွဲနေရပြီး ရထားများ အချိန်နောက်ကျမှုကြောင့် ခရီးသွားလာမှုနည်းပါးခဲ့ခြင်း၊ ဆွာချောင်းရေလျှောင် တမံမှ ရေလျှံမှုဖြစ်သဖြင့် အချို့ခရီးစဉ်များအား ယာယီပိတ်သိမ်းထားရခြင်းများ ကြောင့် ဝင်ငွေလျော့နည်းခဲ့ခြင်း၊

(၃) ကုန်စည်ပို့ဆောင်ခြင်းအပိုင်းတွင် စက်ခေါင်းအသုံးပြုနိုင်မှု အခြေအနေအရ ကုန်ရထား ပြေးဆွဲမှု အရေအတွက်လျော့နည်းခြင်း၊

(၄) ကုန်စည်ရရှိမှု အခြေအနေ ပေါ်မူတည်၍ ခရီးစဉ်ပြေးဆွဲရခြင်း၊

(၅) ရေကြီးရေလျှံမှု၊ မတော်တဆဖြစ်စဉ်များ ကြောင့် ခရီးချိန် ကြန့်ကြာသည့်အတွက် ခေါက်ရေနည်းပါးခြင်း၊

(၆) ဝန်ထမ်းလစာနှင့် ပင်စင်စရိတ်များကျခံရခြင်း၊ မိုးတွင်းကာလဖြစ်သဖြင့် ခရီးသွား လာမှု လျော့နည်းခြင်း၊

(၇) ဌာနရှိသက်တမ်းလွန်နေသည့် ယာဉ်များအားပြန်လည်ပြင်ဆင်ရန် ပြင်ဆင်စရိတ် မြင့်မားခြင်း နှင့် ပြင်ဆင်မှု အကန့်အသတ်ဖြစ်ခြင်း၊

(၈) ဝန်ထမ်းလစာနှင့် ပင်စင်စရိတ်များ ကျခံရခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစရိတ်နှင့် စီမံခန့်ခွဲမှုစရိတ်များ ကျခံရခြင်း တို့ကြောင့်ဖြစ် ပါသည်။

ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့်လိုငွေဖြစ်ကြောင်းအောက်ပါအတိုင်းတွေ့ရှိရပါသည်-

ဇယား (၂-၃)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့အစည်း | မူလ လျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံး စရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး | ၂,၁၃၀.၅၇၉ | ၆,၆၇၀.၇၇၇ | ၂,၁၅၀.၆၅ | ၆,၆၇၄.၀၈ | (-)၄,၅၂၃.၄၃ |
| ၂ | မြန်မာ့မီးရထား | ၃၅,၇၃၂.၆၄၁ | ၇၄,၁၄၅.၆၁၅ | ၂၇,၉၇၃.၁၀ | ၇၃,၉၈၅.၂၅ | (-)၄၆,၀၁၂.၁၅ |
| ၃ | ကုန်းလမ်းပို့ဆောင် ရေး | ၄,၄၁၈.၇၀၆ | ၅,၉၀၀.၄၃၄ | ၃,၅၇၆.၂၃ | ၅,၄၄၁.၉၇ | (-)၁,၈၆၅.၇၄ |
| ၄ | မြန်မာ့ဆက်သွယ် ရေး လုပ်ငန်း | ၇၀,၅၆၀.၀၀၀ | ၄၁,၀၅၂.၀၇၆ | ၁၆၀,၅၀၇.၄၃ | ၁၁၆,၉၁၁.၉၁ | (+)၄၃,၅၉၅.၅၂ |
| ၅ | မြန်မာ့စာတိုက် လုပ်ငန်း | ၆,၂၆၅.၃၃၂ | ၉,၁၉၅.၅၁၆ | ၇,၅၆၁.၅၁ | ၈,၈၀၀.၆၄ | (-)၁,၂၃၉.၁၃ |
| | စုစုပေါင်း | ၁၁၉,၁၀၇.၂၅၈ | ၁၃၆,၉၆၄.၄၁၈ | ၂၀၁,၇၆၈.၉၂ | ၂၁၁,၈၁၃.၈၅ | (-)၁၀,၀၄၄.၉၃ |

(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ ပိုငွေဖြင့် ဆောင်ရွက် နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်-

ဇယား (၂-၄)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | အမှတ်(၁)သတ္တုတွင်း လုပ်ငန်း | ၁၈,၅၆၄.၉၅၈ | ၂,၅၇၃.၄၀၇ | ၁၃,၆၀၆.၄၄ | ၂,၄၂၃.၄၂ | (+)၁၁,၁၈၃.၀၂ |
| ၂ | အမှတ်(၂)သတ္တုတွင်း လုပ်ငန်း | ၁၄,၁၆၄.၆၁၀ | ၂,၈၈၃.၃၄၀ | ၉,၆၈၃.၁၁ | ၂,၅၈၉.၄၇ | (+)၇,၀၉၃.၅၄ |
| ၃ | မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ် ရေးလုပ်ငန်း | ၁၀၂,၂၉၅.၈၂၇ | ၂,၂၅၄.၃၈၂ | ၁၁၃,၅၁၆.၆၅ | ၁,၇၇၀.၂၃ | (+)၁၁၁,၇၄၅.၄၂ |
| ၄ | မြန်မာ့ပုလဲထုတ်လုပ် ရေးနှင့် ရောင်းဝယ် ရေး လုပ်ငန်း | ၅,၅၀၀.၀၀၀ | ၇၆၇.၀၈၂ | ၇,၁၁၅.၀၅ | ၁,၁၇၆.၆၅ | (+)၅,၉၃၈.၄၀ |
| ၅ | မြန်မာ့သစ်လုပ်ငန်း | ၆၅,၆၄၈.၀၁၀ | ၅၅,၉၁၉.၆၅၉ | ၁၄၀,၅၅၇.၁၁ | ၅၅,၆၅၄.၅၁ | (+)၈၄,၉၀၂.၆၀ |
| | စုစုပေါင်း | ၂၀၆,၁၇၃.၄၀၅ | ၆၄,၃၉၇.၈၇၀ | ၂၈၄,၄၇၈.၂၆ | ၆၃,၆၁၅.၂၈ | (+)၂၂၀,၈၆၂.၉၈ |

(ဃ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့်ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှာ အောက်ပါအချက် များကြောင့် လိုငွေပြခဲ့ပါသည်-

(၁) ဌာနပိုင် ရေအားလျှပ်စစ်စက်ရုံများမှ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာသော်လည်း ဌာနပိုင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများ၏တစ်ယူနစ် ထုတ်လုပ်မှု ကုန်ကျစရိတ်များ ကြီးမားခြင်း၊

(၂) ဓာတ်အားသုံးစွဲမှုအပေါ် အိမ်သုံး၊ စက်မှုသုံးအလွှာဖြင့် ဓာတ်အားခတောင်းခံရာတွင် ကောက်ခံသည့် အမြင့်ဆုံးနှုန်းထားအထိရောက်ရှိအောင် ရောင်းချနိုင်ခြင်း မရှိသည့်အတွက် ဝင်ငွေလျော့နည်းရခြင်း တို့ဖြစ်ပါသည်။ ဝန်ကြီးဌာန တစ်ခုလုံး အနေဖြင့် ပိုငွေဖြစ်ပေါ်ခဲ့ပါသည်-

**ဇယား (၂-၅)**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်း | ၆၀၈,၀၉၃.၅၇၅ | ၉၁၇,၂၃၀.၀၅၉ | ၅၉၉,၄၄၇.၁၁ | ၈၁၆,၂၅၃.၂၀ | (-)၂၁၆,၈၀၆.၀၉ |
| ၂ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၂၃၂,၆၇၉.၉၈၂ | ၂၃၂,၅၉၃.၇၅၇ | ၂၂၉,၀၉၉.၉၁ | ၂၂၉,၈၀၉.၂၀ | (-)၇၀၉.၂၉ |
| ၃ | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း | ၉၉၇,၀၅၉.၆၉၆ | ၅၇၃,၀၃၀.၄၆၅ | ၁,၀၄၄,၉၅၅.၉၆ | ၄၄၁,၄၄၉.၈၁ | (+)၆၀၃,၅၀၆.၁၅ |
| ၄ | မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်း | ၁၁၄,၆၆၇.၇၄၅ | ၁၀၆,၉၉၅.၂၇၄ | ၁၇၁,၈၂၇.၉၆ | ၁၄၀,၆၀၄.၇၇ | (+)၃၁,၂၂၃.၁၉ |
| ၅ | မြန်မာ့ရေနံထွက် ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း | ၁၃၈,၁၅၃.၇၂၆ | ၁၃၂,၉၅၉.၈၄၁ | ၁၀၉,၃၅၅.၂၃ | ၁၀၆,၁၅၉.၄၅ | (+)၃,၁၉၅.၇၈ |
| | စုစုပေါင်း | ၂,၀၉၀,၆၅၄.၇၂၄ | ၁,၉၆၂,၈၀၉.၃၉၆ | ၂,၁၅၄,၆၈၆.၁၇ | ၁,၇၃၄,၂၇၆.၄၃ | (+)၄၂၀,၄၀၉.၇၄ |

(ငု) **စက်မှုဝန်ကြီးဌာန။** စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများအနက် မြန်မာ့ဆေးဝါး လုပ်ငန်းတစ်ခုသာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်လုပ်ငန်းများဖြစ်သည့် အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှု လုပ်ငန်းတို့မှာအောက် ပါအချက်များကြောင့် လိုငွေ ပြခဲ့ပါသည်-

(၁) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းသည် ငွေကြေးစရိတ်၊ တန်ဖိုးလျော့စရိတ်နှင့် အခွန်စရိတ် (ကုန်သွယ်ခွန်) များ ကျခံရခြင်း၊ စီမံခန့်ခွဲမှုစရိတ် (လစာ၊ ပင်စင်) သည် သာမန်အသုံးစရိတ်များ၏ ၄၂.၅၁၁% ဖြစ်ခြင်း၊

(၂) အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်းသည် ပြည်ပချေးငွေအတွက် ပေးဆပ်ရသည့် ငွေကြေးစရိတ်နှင့် တန်ဖိုးလျော့စရိတ်များ ကျခံရခြင်း၊ ဝန်ထမ်းလစာနှင့် ပင်စင် စရိတ်သည် သာမန်အသုံးစရိတ်၏ ၆၀.၁၀၉% ဖြစ်ခြင်း ၊ ထုတ်လုပ်ပြီး ကုန်ချော လက်ကျန်များသာ ရောင်းချနေရခြင်း၊

(၃) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းသည် စက်တင်ဘာလအထိ သာမန်အသုံးစရိတ်၏ ၃၈.၈၄၂% သာဝင်ငွေရရှိခဲ့ခြင်း၊

(၄) ဝန်ထမ်းလစာနှင့် ပင်စင်စရိတ်သည် သာမန်အသုံးစရိတ်၏ ၆၀.၉၅၇%ဖြစ်ခြင်း ကြောင့် အသုံးစရိတ်ပိုမိုရခြင်းဖြစ်ပါသည်။ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့်လိုငွေဖြစ်ပေါ်ခဲ့ပါသည်

**ဇယား (၂-၆)**

**စက်မှုဝန်ကြီးဌာန**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့ အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | အမှတ်(၁)အကြီးစား စက်မှု လုပ်ငန်း | ၆,၆၁၅.၁၉၃ | ၂၈,၄၅၀.၆၂၄ | ၉၅၂.၃၇ | ၁၃,၄၅၆.၀၀ | (-)၁၂,၅၀၃.၆၃ |
| ၂ | အမှတ်(၂)အကြီးစား စက်မှု လုပ်ငန်း | ၁၅,၈၀၂.၁၉၃ | ၂၃,၀၅၃.၆၀၃ | ၅,၃၉၉.၆၀ | ၁၂,၃၉၉.၁၁ | (-)၆,၉၉၉.၅၁ |
| ၃ | အမှတ်(၃)အကြီးစား စက်မှု လုပ်ငန်း | ၁၃,၈၀၄.၀၁၈ | ၂၈,၄၇၆.၇၁၃ | ၁၀,၃၉၂.၃၀ | ၂၆,၇၅၅.၃၉ | (-)၁၆,၃၆၃.၀၉ |
| ၄ | မြန်မာ့ဆေးဝါး လုပ်ငန်း | ၂၁,၄၄၉.၉၀၃ | ၂၀,၇၅၈.၂၄၅ | ၁၉,၄၀၅.၀၇ | ၁၆,၂၆၃.၈၈ | (+)၃,၁၄၁.၁၉ |
| | စုစုပေါင်း | ၅၇,၆၇၁.၃၀၇ | ၁၀၀,၇၃၉.၁၈၅ | ၃၆,၁၄၉.၃၄ | ၆၈,၈၇၄.၃၈ | (-)၃၂,၇၂၅.၀၄ |

(စ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ပိုငွေဖြစ်ပေါ်ခဲ့ပါသည်-

**ဇယား (၂-၇)**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ၂၃၂,၁၀၈.၇၁၄ | ၂၁၅,၂၅၉.၆၇၈ | ၂၃၀,၃၈၄.၈၇ | ၂၁၄,၃၆၅.၈၃ | (+)၁၆,၀၁၉.၀၄ |
| ၂ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | ၂၂,၈၃၃.၆၆၄ | ၃,၅၅၉.၄၁၂ | ၃၄,၆၂၉.၀၀ | ၂,၇၈၅.၄၀ | (+)၃၁,၈၄၃.၆၀ |
| ၃ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၁၄,၀၀၀.၀၀၀ | ၂,၄၀၂.၅၄၀ | ၂၀,၄၅၉.၁၃ | ၁၀,၇၈၉.၉၃ | (+)၉,၆၆၉.၂၀ |
| ၄ | မြန်မာ့အာမခံလုပ်ငန်း | ၂၆,၂၅၀.၀၀၀ | ၇,၇၁၈.၃၉၈ | ၃၆,၁၈၄.၉၇ | ၇,၃၇၀.၄၇ | (+)၂၈,၈၁၄.၅၀ |
| ၅ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၇၄,၄၅၈.၄၁၀ | ၃၉,၇၃၈.၈၈၀ | ၈၃,၀၃၃.၉၂ | ၄၆,၀၃၀.၂၆ | (+)၃၇,၀၀၃.၆၆ |
| | စုစုပေါင်း | ၃၆၉,၆၅၀.၇၈၈ | ၂၆၈,၆၇၈.၉၀၈ | ၄၀၄,၆၉၁.၈၉ | ၂၈၁,၃၄၁.၈၉ | (+)၁၂၃,၃၅၀.၀၀ |

(ဆ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

**ဇယား (၂-၈)**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၅၂,၉၂၂.၆၀၇ | ၆၉,၁၃၀.၇၉၈ | ၄၂၉,၂၂၀.၄၈ | ၅၄,၆၄၂.၆၆ | (+)၃၇၄,၅၇၇.၈၂ |
| | စုစုပေါင်း | ၂၅၂,၉၂၂.၆၀၇ | ၆၉,၁၃၀.၇၉၈ | ၄၂၉,၂၂၀.၄၈ | ၅၄,၆၄၂.၆၆ | (+)၃၇၄,၅၇၇.၈၂ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ

(က) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် အောက်ပါအချက်များကြောင့် လိုငွေ ပြခဲ့ပါသည်-

(၁) ဆောင်ရွက်ဆဲရေယာဉ်များ၏ အသုံးစရိတ်များ၊ လစာ၊ပင်စင်၊မီတာခစသည့် မသုံး မဖြစ်သည့် အသုံးစရိတ်များနှင့် အခြားဝန်ဆောင် စရိတ်များပါ ကျခံသုံးစွဲရခြင်း၊

(၂) မြန်မာအမျိုးသားလေကြောင်း လိုငွေဖြစ်ပေါ်ရခြင်းမှာ ပြည်တွင်းခရီးစဉ်များတွင် ပျံသန်း ပြေးဆွဲလျက်ရှိသော ATR-72,XY-AEZ နှင့် Embraer E 190, XY-AGP လေယာဉ်တို့ရပ်နားခဲ့ရခြင်း၊ ATR-72,XY-AIA လေယာဉ်သည် စွမ်းအားပြည့် အသုံးမပြုနိုင် ခြင်း၊ ပြည်ပခရီးစဉ်များဖြစ်သော စင်္ကာပူ ၊ ဟောင်ကောင် ၊ ဘန်ကောက် နှင့် ချင်းမိုင်မြို့များသို့ ပြေးဆွဲရာတွင်ဒေသတွင်းအင်အား ကြီး လေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ပျံသန်းပြေးဆွဲရာတွင် လေယာဉ်လက်မှတ်ခ ဈေးနှုန်းများကို လျှော့ချ ပြေးဆွဲ ရသဖြင့် ဝင်ငွေ လျော့နည်းရရှိခဲ့ခြင်းတို့ကြောင့် အသုံးစရိတ်ပိုမိုရခြင်းဖြစ်ပါသည်။ ဝန်ကြီးဌာန တစ်ခု လုံးအနေဖြင့် ပိုငွေ ဖြစ်ပေါ်ခဲ့ ပါသည်-

ဇယား (၂-၉)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | (ယာယီ) (+/-) |
| ၁ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | ၄၂,၁၀၇.၉၂၇ | ၁၃,၇၀၄.၉၅၇ | ၃၇,၂၁၃.၂၇ | ၁၀,၄၁၆.၉၆ | (+)၂၆,၇၉၆.၃၁ |
| ၂ | မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | ၆၇၅.၀၀၀ | ၇၉၂.၈၃၅ | ၇၂၃.၇၀ | ၈၃၅.၂၉ | (-)၁၁၁.၅၉ |
| ၃ | မြန်မာအမျိုးသားလေကြောင်း | ၈၁,၉၃၃.၁၇၂ | ၇၈,၅၁၁.၉၅၂ | ၇၄,၃၇၆.၁၀ | ၇၈,၀၈၇.၀၃ | (-)၃,၇၁၀.၉၃ |
| | စုစုပေါင်း | ၁၂၄,၇၁၆.၀၉၉ | ၉၃,၀၀၉.၇၄၄ | ၁၁၂,၃၁၃.၀၇ | ၈၉,၃၃၉.၂၈ | (+)၂၂,၉၇၃.၇၉ |

(ခ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

**ဇယား (၂-၁၀)**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၃၁၅,၄၉၉.၈၅၂ | ၂၉၇,၀၆၄.၀၉၈ | ၃၁၈,၈၈၈.၉၃ | ၂၉၁,၀၇၄.၆၄ | (+)၂၇,၈၁၄.၂၉ |
| ၂ | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၁၃၄,၄၂၅.၆၇၉ | ၁၂၇,၂၅၅.၇၈၆ | ၁၃၀,၄၁၇.၅၇ | ၁၁၈,၀၉၂.၄၂ | (+)၁၂,၃၂၅.၁၅ |
| | စုစုပေါင်း | ၄၄၉,၉၂၅.၅၃၁ | ၄၂၄,၃၁၉.၈၈၄ | ၄၄၉,၃၀၆.၅၀ | ၄၀၉,၁၆၇.၀၆ | (+)၄၀,၁၃၉.၄၄ |

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ၂၀၁၈ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ခြုံငုံသုံးသပ်ပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှလွဲ၍ ကျန်ပြည်ထောင်စုဝန်ကြီးဌာန(၅)ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီး ဌာန(၂)ခုတို့မှာ ပိုငွေဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနများကြီးကြပ်မှုအောက်ရှိ ပိုငွေဖြင့်ဆောင်ရွက်ခဲ့သော အဖွဲ့အစည်း(၂၀)ခုမှာ-

(က) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း(၁၇)ခု

(ခ) ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(၃)ခု

ဝန်ကြီးဌာနများ ကြီးကြပ်မှုအောက်ရှိ လိုငွေဖြင့် ဆောင်ရွက်သော အဖွဲ့အစည်း(၁၁)ခုမှာ

(က) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း(၉)ခု

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း(၂)ခုတို့ဖြစ်ပါသည်။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ ရေးဆွဲပြီးဖြစ်သည့် မြန်မာနိုင်ငံ၏ ဟန်ချက်ညီသော ရေရှည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မဟာဗျူဟာ ၂.၅ (Strategy 2.5) သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် ဖြစ်ပြီး ယင်း မဟာဗျူဟာ တွင်ပါရှိသည့် အောက်ပါ လုပ်ငန်းအစီအစဉ် (Action Plan) (၅) ခု ကိုဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) နိုင်ငံပိုင်လုပ်ငန်းများဘက်စုံအကဲဖြတ် သုံးသပ်ပြီး နိုင်ငံပိုင်လုပ်ငန်းဆိုင်ရာ မူဝါဒ တစ်ခုပေါ်ပေါက်လာစေရန်၊

(ခ) နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရိတ် အသွင်ပြောင်းခြင်း၊ အကျိုးအမြတ် ရရှိစေရန်ဆောင်ရွက်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း တို့ဖြင့် ယှဉ်ပြိုင်နိုင်မှုရှိစေရန်၊

(ဂ) တစ်စိတ်တစ်ပိုင်းဖြစ်စေအပြည့်အဝဖြစ်စေရှယ်ယာခေါ်ယူဆောင်ရွက်သင့်သည့် နိုင်ငံပိုင်လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပြီး ဖြစ်နိုင်ချေရှိသည့် မဟာဗျူဟာ မိတ်ဖက်များရှာဖွေလုပ် ဆောင်ရန်၊

(ဃ) နိုင်ငံပိုင်လုပ်ငန်းများ၏ ဘဏ္ဍာရေးကိုအစီရင်ခံမှု ပုံစံများကိုစံသတ်မှတ်ရန်နှင့် ၎င်းတို့၏ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကိုပြည်သူများသို့ ထုတ်ပြန်ရန်၊

(င) နိုင်ငံပိုင်လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဝန်ထမ်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ယှဉ်နိုင်သည့်လစာပေးနိုင်မည့်အစီအစဉ် ဖော်ဆောင်ရန်၊

# အခန်း(၃)

## ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ


### ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆) လ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃၂,၈၇၃,၂၀၂.၅ သန်း နှင့် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ကျပ် ၃၂,၅၂၂,၈၁၈.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များနှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

ပုံ(၃-၁)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

(နှစ်အလိုက်ဈေးနှုန်းအရ)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လတွင် ကဏ္ဍအလိုက် ရည်မှန်းထားသည့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးများ အပေါ် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှု ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြား

ဝန်ဆောင်မှု ကဏ္ဍများမှာ ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကျန်ကဏ္ဍများ ရည်မှန်းချက်ကို ပြည့်မီခဲ့ခြင်းမရှိပါ ။


၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လတွင် ဒေသအချို့၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ် ခဲ့ပြီး အဆိုပါကာလအတွင်း ထွက်ရှိသည့် သီးနှံများ ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး လယ်ယာကဏ္ဍ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ပြည်တွင်း လက်လီ လက်ကား ရောင်းဝယ်မှု ပိုမို ဖွံ့ဖြိုးတိုးတက် လာခြင်း၊ အာရှဒေသမှ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု တိုးတက်ခဲ့ခြင်း၊ စိုက်ပျိုးစရိတ် ချေးငွေနှင့် SMEs ချေးငွေများ ပိုမိုထုတ်ချေးနိုင်ခဲ့ခြင်း၊ စားသောက်ကုန် လုပ်ငန်းအပါအဝင် အသေးစား နှင့် အလတ်စား ထုတ်လုပ်မှု လုပ်ငန်းငယ်များ၏ ထုတ်လုပ်မှု တိုးတက်လာခြင်းတို့ကြောင့် ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၂)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လအတွက်**

**တိုးတက်မှုနှုန်း ရည်မှန်းချက် နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(ပုံမှန်ဈေးနှုန်းအရ)**




ရင်းမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လတွင် ကဏ္ဍအလိုက် တိုးတက်မှုနှုန်း ရည်မှန်းချက်ထက် ကျော်လွန်ခဲ့သည့် ကဏ္ဍများမှာ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများဖြစ်ပါသည်။ ကျန်ကဏ္ဍများ၏ တိုးတက်မှုနှုန်းမှာ ရည်မှန်းထားသည့် တိုးတက်မှုနှုန်းထက် လျော့နည်းခဲ့ကြောင်း တွေ့ရှိရ ပါသည်။

လယ်ယာကဏ္ဍ။ နိုင်ငံသားများ စားနပ်ရိက္ခာဖူလုံစေရေးနှင့် အာဟာရပြည့်ဝရေး၊ ရေရှည် တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှု စနစ်ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင် နိုင်စွမ်း ရှိသော စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်မှန်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်း တွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၆၅၂,၆၈၄.၆ သန်း ဖြစ်ပေါ်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၃.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ယာယီစာရင်းများအရ လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများဖြင့် ကျပ် ၃,၃၀၈,၄၁၇.၇ သန်း ရှိသဖြင့် ရည်မှန်းချက်အပေါ် ၉၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်းများအရ ၂.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**ပုံ(၃-၃)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**လယ်ယာကဏ္ဍ၏ ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ အတွင်း လယ်ယာစီးပွားရေး လုပ်ငန်းများကို ခေတ်မီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ၊ ပြုပြင်ထုတ်ပိုးမှု နည်းလမ်းသစ်များ၊ သယ်ယူပို့ဆောင်ရေး

နည်းလမ်းများနှင့် ဈေးကွက်ဆိုင်ရာ နည်းပညာများအသုံးပြု၍ ဘေးအန္တရာယ် ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာနှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းများ တိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက် ခဲ့ ပါသည်။

၂၀၁၈ ခုနှစ်၊ ဇွန်လနှင့်ဇူလိုင်လအတွင်း ထူးကဲစွာမိုးရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သီးနှံစိုက်ဧက ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ကရင်၊ မွန်ပြည်နယ် တို့တွင် ထိခိုက် ပျက်စီးမှုများ အများဆုံးဖြစ်ပေါ်ခဲ့ပါသည်။ စုစုပေါင်း သီးနှံ ဧက (၁၃) သိန်းကျော် ရေနစ်မြုပ်ခဲ့ပြီး ဧက (၁၀) သိန်းခန့် ထိခိုက်၍ ဧက (၆) သိန်းကျော် ပျက်စီးခဲ့ပါ သည်။

ထိခိုက်ပျက်စီးခဲ့သော မိုးစပါးစိုက်ဧရိယာများတွင် ရာသီအချိန်မီ အစားထိုး စိုက်ပျိုးနိုင်ရေး အတွက် အရန်မျိုးများ ဖြည့်တင်းဆောင်ရွက်ပေးခြင်း၊ စုဆောင်းထားရှိသော အရန်မျိုးစပါး ဖြန့်ဖြူး ပေးခဲ့ခြင်းတို့ကြောင့် မိုးစပါး ဧက (၄) သိန်း ကျော် ပျက်စီးခဲ့သည့်အပေါ် (၃)သိန်းခန့် ပြန်လည် စိုက်ပျိုး နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ သီးနှံစိုက်ခင်းများတွင် ကျရောက်ခဲ့သည့် ရွှေခရုကို ထိရောက်စွာ နှိမ်နင်းနိုင်ရန် ရွှေခရု ကာကွယ် နှိမ်နင်းရေး သုတေသနစီမံချက်အား ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ် အထောက် အပံ့ဖြစ်သော Agriculture Development Support Project (ADSP) အစီအစဉ်ဖြင့် အပင်ရောဂါ နည်းပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခြင်း၊ သီးနှံ (၁၅) မျိုးအတွက် အပင်မျိုးသစ် စစ်ဆေးခြင်း ဆိုင်ရာ လမ်းညွှန်စာအုပ် (Test Guidelines) ဖော်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက် နိုင်ခဲ့ပါသည်။

ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး သီးနှံအလိုက်၊ ဒေသအလိုက် အကျိုးအမြတ် အများဆုံး ရရှိနိုင်မည့် စိုက်ပျိုးနည်းစနစ်များ ဖော်ထုတ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးရေထိရောက်စွာ အသုံးချခြင်းနည်းစနစ်များဖော်ထုတ်ခြင်း၊ သီးနှံကာကွယ်ရေး သုတေသန လုပ်ငန်းများ အပင်ဇီဝ နည်းပညာဖြင့် အပင်တစ်သျှူး မွေးမြူထုတ်လုပ်ခြင်းနှင့် မျိုးထွန်းနည်းပညာကိုသုံး၍ အချိန်တိုအတွင်း မိဘနှင့်တူသောအပင်များ ပွားများမွေးမြူခြင်း၊ အဏုဇီဝနည်းပညာဖြင့် သီးနှံမီဇမျိုးများ စစ်ဆေး ဖော်ထုတ်ခြင်း၊ သီးနှံအထွက်တိုးရေးအတွက် အထောက်အကူပြုမည့် အပင်ဇီဝကမ္မဗေဒဆိုင်ရာ လက္ခဏာများလေ့လာခြင်း စသည့်သုတေသန လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်း ရေးဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအထိ စနစ်ကျလယ်ယာမြေ ၁၂၂.၉၁ ဧကကို ဖော်ထုတ် ပေးနိုင်ခဲ့ပါသည်။

သီးနှံများစိုက်ပျိုးထုတ်လုပ်သူ တောင်သူများလိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ် ကျပ် ၁,၃၀၁,၆၁၄ သန်း ထုတ်ချေးနိုင်ခဲ့ပါ သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် ပုံမှန် ထုတ်ချေးပေးလျက်ရှိသည့် စိုက်ပျိုးစရိတ်ချေးငွေများအပြင် လက်တွန်း ထွန်စက်၊ ထော်လာဂျီ၊ ဆန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်စသော လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ နှစ်ဆင့်ချေးငွေ JICA Two Step Loan (နှစ်တို/နှစ်ရှည်) ဖြင့် ကျပ် သန်း၂၃,၀၅၀လည်းကောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကို အခြေခံသောစီးပွားရေးလုပ်ငန်းများအတွက် မြန်မာ့ စီးပွားရေးဘဏ် နှစ်ဆင့်ချေးငွေ MEB Two Step Loan (နှစ်တို/နှစ်ရှည်) ချေးငွေများဖြင့် ကျပ် သန်း၂,၄၄၁ ကိုလည်းကောင်း ချေးငွေများ ထုတ်ချေး ပေးလျက် ရှိပါ သည်။


လယ်ယာကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အကောင်အထည်ဖော်နိုင်မှု တန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**လယ်ယာကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၅) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ လယ်ယာကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

# ပုံ (၃-၆)

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ လယ်ယာကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ လယ်ယာကဏ္ဍ ၏ ရည်မှန်းချက်အပေါ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့သည်ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့သည် ရည်မှန်းချက်ပြည့်မီစွာ အကောင်အထည် ဖော်နိုင်မှု မရှိပါ။

လယ်ယာကဏ္ဍတွင် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့သည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါကလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များသည် ယခင်နှစ်ကထက် တိုးတက်ခဲ့ ပါသည်။

ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာစနစ်တွင် တောင်ယာခင်းသစ်ခုတ်ထွင်သည့် လုပ်ကွက်မှာ တစ်နှစ်ပြီးတစ်နှစ် ကျဉ်းမြောင်းလာခြင်း၊ တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများပြီး သီးနှံစိုက်ပျိုး ဖြစ်ထွန်းမှု မရှိသောကြောင့် ဝမ်းစာဖူလုံရေးအတွက် သီးနှံစိုက်ပျိုးမှုထက် အခြားစီးပွားရေး

လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ကြသဖြင့် သီးနှံအချို့ စိုက်ဧကများနှင့် အထွက်များ လျော့နည်းခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် မိုးသီးနှံ အချို့ရေကြီး နစ်မြုပ်ခဲ့ခြင်း၊ ပြည်ပဝယ်လိုအားအပေါ်မှီခိုသည့် သီးနှံအချို့တွင် စိုက်ပျိုး ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်းများရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် လည်းကောင်း၊ မောင်တောဒေသနယ်မြေအတွင်း တည်ငြိမ်မှုပျက်ပြားခဲ့ခြင်းကြောင့် အချို့ စိုက်ပျိုးမြေများ၌ လက်ရှိအချိန်ထိ စိုက်ပျိုးနိုင်ခြင်း မရှိပါ ။

စိုက်ပျိုးမြေကွက်များ အရွယ်အစားမညီညာခြင်းနှင့် ကျဉ်းမြောင်းခြင်းများကြောင့် စက်စွမ်းအား အသုံးမပြုနိုင်ခြင်း၊ စက်ကိရိယာများ အလွယ်တကူဝင်ရောက်နိုင်သည့် ကုန်ထုတ်လမ်းများမရှိခြင်း၊ လုပ်ကွက်ငယ် တောင်သူများမှာ ငွေကြေးအရင်းအနှီး မပြည့်စုံသဖြင့် သုံးစွဲနိုင်မှုမရှိခြင်း၊ စက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အတွက်သင်ကြား မွေးထုတ်ပေးနိုင်မည့် စက်မှုလယ်ယာ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ခြင်းတို့ကြောင့် စက်မှုလယ်ယာ စနစ် ကူးပြောင်းအကောင်အထည် ဖော်နိုင်ရန် အခက်အခဲများ ကြုံတွေ့နေရဆဲဖြစ်ပါသည်။

စက်မှုလယ်ယာစနစ် လျင်မြန်စွာ ကူးပြောင်းနိုင်ရေးအတွက် စနစ်ကျလယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲလာနိုင်အောင်ပံ့ပိုးကူညီ ပေးခြင်း၊ တောင်သူလယ်သမားများ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ သုံးစွဲလာနိုင်အောင် သရုပ်ပြသခြင်း၊ မီဒီယာများမှတစ်ဆင့် အသိပညာပေးစည်းရုံးခြင်း၊ တောင်သူလယ်သမားများနှင့် မျိုးဆက်သစ် လူငယ်များအား စက်မှုအသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ကုမ္ပဏီများနှင့် ဒေသခံတောင်သူများ အကျိုးတူပူးပေါင်းပြီး စံပြစက်မှုလယ်ယာစိုက်ခင်း ထူထောင်ခြင်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

**သားငါးကဏ္ဍ။** နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ရေရှည် တည်တံ့သည့် ပတ်ဝန်းကျင် အကျိုးပြု မွေးမြူထုတ်လုပ်မှု ဖြစ်စေရေးအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practice – GAHP) ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊ ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် အနာဂတ် မျိုးဆက်သစ်များ ငါးရိက္ခာဖူလုံစေရေးအတွက် ထာဝရရေရှည် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ငါးသယံဇာတပစ္စည်းများကို အကန့်အသတ်ဖြင့် ထုတ်ယူ သုံးစွဲခြင်း၊ ဖမ်းဆီးမှုစွမ်းအား လျှော့ချနိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းဖြင့်ကုစားခြင်း၊ ကျွဲနွားများပြည်ပသို့ တရားဝင်တင်ပို့ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုရေးဆွဲခြင်း၊ တိရစ္ဆာန် ကျန်းမာရေးစောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) ဆောက်လုပ်ခြင်း စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ အမျိုးသားစီမံကိန်းတွင် သားငါး ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၂၇၀,၀၀၁.၈ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းများအရ ၃.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ယာယီစာရင်းများအရ သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၃,၃၁၉,၁၁၁.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ်၁၀၁.၅ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၇)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**သားငါးကဏ္ဍ၏ ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

အသားကဏ္ဍ တိုးတက်ရေးအတွက် နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန် မျိုးမြှင့်သားစပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်မှု တိုးတက်ရေး စီမံကိန်းများကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆိတ်မွေးမြူသူ တောင်သူများအား နည်းစနစ်မှန်ကန်သော ဖြည့်စွက်စာကျွေးခြင်းဖြင့် အချိန်တိုအတွင်း အမြတ်ငွေ များများရရှိစေမည့် နည်းလမ်းများပညာပေးခြင်း၊ စီးပွားဖြစ် ဈေးကွက်ဝင် ဥစားကြက်နှင့် အသားစား ကြက်များမွေးမြူခြင်း လုပ်ငန်းကို အားပေးကူညီ ဆောင်ရွက်ခြင်း၊ နို့ထုတ်လုပ်မှု တိုးတက်စေရေးနှင့် နို့အရည်အသွေး ကောင်းမွန်စေရေးအတွက် မြန်မာ-နယူးဇီလန် ကောင်းမွန်သော နို့စားနွား မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ မေထုံမဲ့မျိုးရည်ခဲချောင်း ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ပသို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ၁၃၅၆၃.၄၄ တန် နှင့် သိုး၊ ဆိတ်၊ ကျွဲ၊ နွားအရှင် ၁၉၉၉၀၀ ကောင် တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၁၈၈.၅၂၇ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ပါသည်။ ကူးစက်ရောဂါကာကွယ်ဆေး အမျိုးမျိုးတွင် အဆ ၈၀၇.၁၅၂ သန်း၊ ကာကွယ်ဆေး အမျိုးမျိုးထိုးနှံခြင်းတွင် အကြိမ် ၂၇.၅၀၅ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၂.၁၃၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပျားရည် ၁,၁၀၀.၃၄ တန် ကိုပြည်ပတင်ပို့နိုင်၍ အမေရိကန်ဒေါ်လာ ၁.၆၅၁ သန်းရရှိခဲ့ပါသည်။ စုစုပေါင်းသီးနှံဧက (၈၇၅,၆၁၈)ကို ပျားများဖြင့် ဝတ်မှုန် ကူးစေခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကောင်းမွန် သောရေသတ္တဝါမွေးမြူရေး ကျင့်စဉ်အပါအဝင် ခေတ်မီသားဖောက်မွေးမြူ နည်းစနစ်များဖြင့် အကောင်အထည်ဖော်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များမှ မှန်ကန် ထိရောက်သည့် ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများမှ နည်းပညာအကူအညီ ရယူဆောင်ရွက်ခြင်း၊ အသေးစား ငါးမွေးမြူရေးနည်းပညာများ တိုးချဲ့ပညာပေးခြင်းနှင့် ငါးမွေးမြူရေးအစုအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရောဂါကင်းရှင်းပြီး သဘာဝငါးသယံဇာတများတည်ရှိမှုအား မထိခိုက်သောအရည်အသွေးမြင့် ငါးမျိုးကောင်းမျိုးသန့်များ တင်သွင်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေရှိသော သားဖောက်မွေးမြူရေး နည်းစနစ်များဖော်ထုတ်ဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်မီသော ဖော်စပ်အစာများ ထုတ်လုပ် သုံးစွဲနိုင်ရေးပုဂ္ဂလိကကဏ္ဍ အားတွန်းအားပေး ဆောင်ရွက်ခြင်းတို့ကို ဦးစားပေး ဆောင်ရွက်လျက် ရှိပါသည်။ ငါးသားပေါက် ထုတ်လုပ်မှုတွင် ကောင်ရေ ၄,၈၅၂.၈ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၃,၈၇၄.၈ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်းသို့ ငါးမျိုးကောင်ရေ ၉၇၈.၀ သိန်း မျိုးစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာ့ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှု

အခြေအနေများကို အကဲဖြတ် လေ့လာဆန်းစစ်သော သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်နှင့် မျိုးသုဉ်းရှားပါးရေသတ္တဝါများ ထိန်းသိမ်းရေးလုပ်ငန်း၊ အဏ္ဏဝါထိန်းသိမ်းရေးလုပ်ငန်းနှင့် ပင်လယ်လိပ် မျိုးထိန်းသိမ်းရေးလုပ်ငန်းများ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာပညာပေး လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအတွင်း ပြည်ပသို့ ငါးပုစွန် မက်ထရစ်တန် ၂၂၁၀၇၄.၄၇ တန် တင်ပို့နိုင်ခဲ့ပြီး၊ နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာ ၂၉၃.၅၂၆ သန်းရရှိခဲ့ပါသည်။


သားငါးကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အကောင်အထည်ဖော်နိုင်မှု တန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**သားငါးကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၈) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၉) တိုးတက်မှုနှုန်း


(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ သားငါးကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

## ပုံ(၃-၁၀)
## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ
## သားငါးကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်
## အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ သားငါးကဏ္ဍ၏ ရည်မှန်းချက်အပေါ် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့်ရှမ်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှာ ပြည့်မီကျော်လွန်စွာ အကောင် အထည်ဖော်နိုင်ကြောင်းတွေ့ရှိရ ပါသည်။

မွေးမြူရေးကဏ္ဍအနေဖြင့် တိရစ္ဆာန် အစားအစာအတွက် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများရှိခြင်း၊ မွေးမြူရေးဇုန်များတိုးချဲ့ရန် မြေနေရာရှိခြင်းစသည့် အားသာချက်များရှိသော်လည်း၊ ကူးစက်ရောဂါများ ကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်ကျွဲ၊ နွားစသည့်တိရစ္ဆာန်များ ဆုံးရှုံးခြင်း စသည့် အားနည်းချက်များလည်းရှိနေသည်ကိုတွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်အတွင်း ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေ စာရင်းကို ဒီဇင်ဘာလတွင် တရားဝင်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိရာတိကျမှန်ကန်သော တိရစ္ဆာန်ဦးရေ အချက်အလက်များ ရရှိပါက ပိုမိုထိရောက်သောအသားကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်နိုင်ခြင်း၊ စီမံကိန်းများရေးဆွဲနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် အစားအစာဖူလုံရေးမူဝါဒများချမှတ်ရာတွင် တိကျမှန်ကန်သော အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ပြည်ပနိုင်ငံများမှ မွေးမြူရေးဆိုင်ရာ

နည်းပညာ၊ ငွေကြေးထောက်ပံ့မှုများ ရရှိသဖြင့် အဆင့်မီမွေးမြူရေး လုပ်ငန်းသုံး ပစ္စည်းများကိုင်တွယ် အသုံးပြုနိုင်ခြင်းကြောင့် ထုတ်လုပ်မှု တိုးတက်လာစေပြီး လုပ်ငန်းအရည်အသွေးများ ကောင်းမွန် တိုးတက်လာမည်ဖြစ်ပါသည်။

ငါးကဏ္ဍအနေဖြင့်သဘာဝမြစ်ချောင်း၊ အင်းအိုင်၊ ရေနက်ကွင်းများစွာရှိခြင်း၊ ရေထွက်ကုန် ပစ္စည်းများ ပြည်တွင်းပြည်ပဈေးကွက်ရှိခြင်း၊ ငါး/ ပုစွန်မွေးမြူရေး ဧရိယာတိုးချဲ့ရန် အလားအလာ ကောင်းခြင်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ လုပ်သားအင်အားများစွာ ရှိခြင်း၊မွေးမြူရေးဇုန်များ ဖော်ထုတ်ရန် အလားအလာကောင်းများရှိခြင်း၊ သဘာဝရေအရည်အသွေးကောင်းမွန်ခြင်း၊ ငါး/ပုစွန် မွေးမြူရေးအစာ ကုန်ကြမ်း လွယ်လင့်တကူ ရရှိနိုင်ခြင်းစသည့် အားသာချက်များရှိ သော်လည်း အခြေခံအဆောက်အဦဖြစ် သည့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ လျှပ်စစ်မီး ရရှိရန် ခက်ခဲခြင်း၊ ငါးမွေးမြူ ရေးကန်များ အတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် (လယ ၃၀) ခွင့်ပြုမိန့်ရရှိရန် လိုအပ်ခြင်း၊ ငါးမွေးမြူ သူများအနေဖြင့် ခေတ်မီမွေးမြူထုတ်လုပ်ခြင်း ဆိုင်ရာ နည်းပညာ အားနည်းခြင်း၊ ငါး/ပုစွန်မွေးမြူ ထုတ်လုပ်သူ အသင်းအဖွဲ့များ အားကောင်းရန်လိုအပ်ခြင်း စသည့်အချက်များသည် ငါး/ပုစွန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အားနည်းချက်များ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်ခြင်း ကြောင့် ပြောင်းလဲလာသောခေတ်စနစ်၊ လုပ်ငန်းအခြေအနေများအရပြန်လည်ပြင်ဆင်ရေးဆွဲလျှက် ရှိသော ဥပဒေများအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးမှုများကို တိုက်ဖျက်ခြင်း လုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစု ဝင်ငွေတိုးပွားစေရန် အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈ ခုနှစ်အတွင်း ကျေးရွာပေါင်း ၂၀၀ တွင် ငွေကျပ် ၆.၀၀၀ ဘီလီယံဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကျေးလက်နေပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး ဆောင်ရွက်ပေးနိုင် ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြု နေသော သစ်တောသယံဇာတအရင်းအမြစ်များနှင့် သဘာ၀ဂေဟစနစ်များ ရေရှည် တည်တံ့စေရေး အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာ၀ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဟန်ချက် ညီစေရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။


၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် သစ်တောကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁၂၆၀၉.၆ သန်း အကောင် အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၃၃.၇ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ(၆)လအထိ ယာယီစာရင်းများအရ သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၂၂၁၂.၅ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက် အပေါ် ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၆.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**ပုံ(၃-၁၁)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**သစ်တောကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိတွင် ပြည်တွင်း သစ် လိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်း ပေးနိုင်ရန်အတွက် နိုင်ငံပိုင်အခန်းမှ ကျွန်း ၂၈၄ ကုဗတန်၊ သစ်မာ ၃၉၃၁ ကုဗတန်နှင့် ကိုင်းဖျား ကိုင်းနား ၇ ကုဗတန်တို့ကိုထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းတွင်လည်း ကျွန်း၊ သစ်မာ၊

ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျောနှင့် သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါးနှင့် ကြိမ် အစရှိသည်တို့ကိုဒေသတွင်းသုံးစွဲမှုအခြေအနေအရ ထုတ်လုပ်နိုင်ခဲ့ပါသည်။


သစ်တောကဏ္ဍ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ(၆)လအထိ အကောင်အထည် ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

**သစ်တောကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**


**ပုံ(၃-၁၂) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၁၃) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ သစ်တောကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၃-၁၄)

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ သစ်တောကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင် ဘာလ (၆) လ အထိ သစ်တောကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့်သစ်မာ၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျွန်းနှင့်သစ်မာတိုင်၊ ထင်းနှင့်မီးသွေးတို့ကို ပိုမိုထုတ်လုပ်ခဲ့ခြင်းနှင့် အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖမ်းဆီးသစ်များ ပါဝင်ခြင်းကြောင့် ရည်မှန်းချက်ပြည့်မီခဲ့ပါသည်။ သို့ရာတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့သည် ယခင်နှစ်အလားတူ ကာလ ထုတ်လုပ်မှုထက် လျော့နည်းခဲ့ ကြောင်း တွေ့ရှိရပါသည်။

သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သစ်တောသယံဇာတရေရှည်တည်တံ့စေရန်ရည်ရွယ်၍ သစ်တောများ ပြန်လည်ပြုစု ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများထုတ်လုပ်ရာတွင်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်

လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်လျက်ရှိပါသည်။

သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော အထူးစီးပွားရေး ဇုန်များ၊ စက်မှုဇုန်များအတွက်ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံစာများ ထုတ်ပြန်ပေးခြင်း၊ နိုင်ငံပိုင်နယ်နိမိတ်များမဆုံးရှုံးစေရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲ စစ်ဆေးခြင်း၊ နိုင်ငံအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော မြေပုံများထုတ်လုပ်ခြင်းနှင့် မြေတိုင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။

**သစ်တောသယံဇာတထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးကို ရည်မှန်း၍ အစီရင်ခံသည့်ကာလအတွင်း ပုဂ္ဂလိကကျွန်းစိုက်ခင်း ၄,၀၄၁ ဧက စိုက်ပျိုး တည်ထောင်ရန် လျှောက်ထားမှုကို ခွင့်ပြုခြင်း၊ ကြိုးပြင်ကာကွယ်တော ၅၈,၇၅၈ ဧက ဖွဲ့စည်း သတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းစာရင်းမှ ဧရိယာ ၆,၃၅၅.၉၂ ဧကကို ပယ်ဖျက်ခြင်း၊ သဘာဝကြိုးဝိုင်း/ ဘူမိရုပ်သွင် ထူးခြားသည့် နယ်မြေ ၆၃၁ ဧကသတ်မှတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ပေါင်းသင်ရှင်းလင်းခြင်း ၃၅၇၁၉ ဧက၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း ၁၃၇၀၅ ဧကတို့ကို ရာသီအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

သစ်တောစိုက်ခင်းတည်ထောင်ခြင်းတွင် စီးပွားရေးစိုက်ခင်း ၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်း၊ အရိပ်ပင်စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို ရည်မှန်းချက် ပြည့်မီစွာ အကောင် အထည် ဖော်နိုင်ခဲ့ ပါသည်။ ကျေးရွာသုံးစိုက်ခင်း ရည်မှန်းချက် ၂,၀၅၀ဧက အပေါ် ၁,၉၀၀ ဧက တည်ထောင် နိုင်ခဲ့ပါသည်။ စုစုပေါင်းသစ်တောစိုက်ခင်းတည်ထောင်ရန် ရည်မှန်းချက် ၂၅,၇၆၀ ဧကအပေါ် ၂၆,၂၃၅ ဧကကို ၂၀၁၈ခုနှစ် မိုးရာသီကာလအတွင်း စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များကို သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိရာတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၁,၇၇၀ ဧကနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၅,၆၉၂ ဧကတို့ကိုလည်းစိုက်ပျိုးတည်ထောင် နိုင်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဖြစ်သော သဘာဝတောကျန် ၄၁,၀၀၀ ဧကကိုထိန်းသိမ်းခြင်း ၊ ထင်းအစားအခြား လောင်စာတိုးမြှင့် အသုံးချရေး

အတွက် စွမ်းအားမြင့်မီးဖို ၁၂,၉၈၇လုံး၊ လောင်စာတုံး ၁,၇၇၄,၀၅၅ တုံးဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း ၇၃,၃၇၁ တန် သုံးစွဲရန် စည်းရုံးခြင်း လုပ်ငန်းများကို ရည်မှန်းချက်ပြည့်မီစွာ အကောင် အထည် ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရေရရှိရေးလုပ်ငန်းများအနေဖြင့် ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ခု၊ မိုးရေစုကန် ၁၂ကန် နှင့် တိမ်ကောရေကန် ၇ ကန် တို့ကိုတူးဖော်နိုင်ခဲ့ပါသည်။ ထို့အပြင် ပြည်သူများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း လုပ်ငန်းများကိုလည်းဆောင်ရွက် နိုင် ခဲ့ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

အမျိုးသားအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ဗဟိုကော်မတီ၏ လမ်းညွှန်မှုအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှု ဆိုင်ရာပင်မအစီစဉ်(မူကြမ်း)၊ အမျိုးသားပတ်ဝန်းကျင် အရည်အသွေးစံချိန် စံညွှန်းများတွင် ပါဝင်သည့် မြေပေါ် ရေအရည်အသွေးစံချိန်စံညွှန်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် နိုင်ငံအဆင့် အစီရင်ခံစာ၊ အစိမ်းရောင် စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာ မူဘောင်၊ ကြာရှည်စွာမပျောက်မပျက်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဓာတုဒြပ်ပစ္စည်းများ ဆိုင်ရာ အမျိုးသားအဆင့် အကောင်အထည်ဖော်မှု စီမံချက်တို့ကိုရေးဆွဲပြုစုလျက် ရှိပါသည်။ ထို့အပြင် ပါရီ သဘောတူညီချက်အရ ရေးဆွဲတင်ပြထားသည့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ဆောင်ရွက်လျက် ရှိပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ရေး လုပ်ငန်းများအနေဖြင့် အစီရင်ခံသည့် ကာလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်နေခြင်းကြောင့် ကန့်ကွက်ကြောင်း တိုင်ကြားစာများအပေါ် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ၁၇၅ ကြိမ်၊ ပတ်ဝန်းကျင် ထိခိုက်မှု ရှိ/မရှိ ပုံမှန်စစ်ဆေးခြင်း လုပ်ငန်းများကို ၅၇၈ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**စွမ်းအင်ကဏ္ဍ။** တိုးတက်လာသောလူဦးရေနှင့် လူနေမှုဘဝအတွက် အခြေခံဖြစ်သည့် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုကို အနည်းဆုံးဖြစ်စေရေး အတွက် Environmental Impact Assessment (EIA) နှင့် Social Impact Assessment (SIA)တို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသောကုန်းတွင်းနှင့် ကမ်းလွန်ရှိ ရေနံကုမ္ပဏီများအား ကြီးကြပ်ကွပ်ကဲခြင်းကိုတွန်းအားပေး ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းတွင် စွမ်းအင် ကဏ္ဍ ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၇၅၁၂၇၂.၄ သန်းဖြစ်ပေါ်ရန် နှင့် ပုံမှန်ဈေးနှုန်း အရ ၂.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ယာယီစာရင်းများအရ စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၇၀၉၁၈၆.၆ သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၉၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၆၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၁၅)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**စွမ်းအင်ကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ တွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု သည် ရတနာသဘာဝဓာတ်ငွေ့မြေမှ တိုးတက်ထုတ်လုပ်နိုင် ခဲ့သော်လည်း ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကမ်းလွန် သဘာဝဓာတ်ငွေ့များကို ပို့လွှတ်ရောင်းချသည့် တရုတ်နိုင်ငံဘက်မှ ပိုက်လိုင်းကျိုးပေါက် သွားပါသဖြင့် သဘာဝဓာတ်ငွေ့ တင်ပို့မှု လျော့နည်းခြင်း၊ ရဲတံခွန်နှင့် ဇော်တိက သဘာဝ ဓာတ်ငွေ့မြေမှ အထွက်နှုန်းကျဆင်းလာခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လတွင် ဘူမိရူပဗေဒ ကွင်းဆင်းခြင်း လုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် ဘိုကလေးမြို့နယ်၊မကွေးတိုင်း ဒေသကြီး ပခုက္ကူမြို့နယ်နှင့် ကံမမြို့နယ်တို့တွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၆၁.၂၃ တိုင်းတာ ပြီးစီးခဲ့ပါသည်။

နိုင်ငံခြားကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကုန်းပိုင်း လုပ်ကွက် ၂၈ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၉ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၄ ခု၊ စုစုပေါင်းကုမ္ပဏီ ၃၃ ခု၊ ကမ်းလွန်လုပ်ကွက် ၃၈ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၂၁ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၂ ခု ၊ စုစုပေါင်း ကုမ္ပဏီ ၃၃ ခုတို့မှ ဆောင်ရွက်နိုင်ခဲ့ပါသည်။


စွမ်းအင်ကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အကောင်အထည်ဖော်နိုင်မှု တန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**စွမ်းအင်ကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ(၃-၁၆)အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၃-၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ စွမ်းအင်ကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၃ - ၁၈)

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ
## စွမ်းအင်ကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်
## အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ စွမ်းအင်ကဏ္ဍ၏ ရည်မှန်းချက်အပေါ် မန္တလေး တိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည့်မီကျော်လွန်စွာ အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ရေနံစိမ်း အထွက်ကျဆင်းလာခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေသဘာဝ ဓာတ်ငွေ့ စီမံကိန်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကမ်းလွန် သဘာဝ ဓာတ်ငွေ့များကို ပို့လွှတ်ရောင်းချ သည့် တရုတ်နိုင်ငံဘက်မှ ပိုက်လိုင်းကျိုးပေါက် သွားပါသဖြင့် သဘာဝဓာတ်ငွေ့ တင်ပို့မှု လျော့နည်းခြင်း၊ ကျန်တိုင်းဒေသကြီး ပြည်နယ် အားလုံးတွင် ဘူးသွင်းသဘာဝဓာတ်ငွေ့များ ပိုမိုမှာယူသုံးစွဲသဖြင့် တိုးတက်ထုတ်လုပ်ခြင်း ၊ ပုဂ္ဂလိကရေနံစိမ်း ထုတ်လုပ်မှုတွင် တရားမဝင်ရေနံစိမ်း တူးဖော်မှုများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ တူးဖော် ထုတ်လုပ်ရာတွင် နိုင်ငံ၏ သယံဇာတများကို စဉ်ဆက်မပြတ်သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်မှုကို ထိန်းချုပ်ဆောင်ရွက်ရန်၊ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အချိန်ကာလကြာမြင့်စွာ ကျောက်မျက်ရတနာ အရိုင်းများကိုအသုံးပြုနိုင်ရန်၊ တန်ဖိုးမြင့်အချောထည်များ ပြုလုပ်ရောင်းချခြင်း ဈေးကွက် တိုးတက်ဖွံ့ဖြိုးစေရန်၊ အခြေခံ လူတန်းစား များ ဘဝမြင့်တင်ရန်၊ အသက်မွေးပညာဆင့်ပွား တိုးတက်မှုရှိစေရန်၊ နိုင်ငံတော် အခွန်ဘဏ္ဍာများ တိုးပွားရရှိစေရန် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄၂၃,၉၃၃.၂ သန်း အကောင် အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၃.၁ရာခိုင်နှုန်း တိုးတက် ရန်ရည်မှန်းထားပါသည်။


၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ယာယီစာရင်းများအရ သတ္တုနှင့်တွင်းထွက် ပစ္စည်း ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ်၄၆၆,၄၀၂.၆သန်းရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၁၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁၃.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ပုံ(၃-၁၉)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ခနောက်စိမ်းရောရာ သတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် ဖယ်ရိုနီကယ်တို့ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ကြေးနီ

သတ္တုစင် ထုတ်လုပ်မှုတွင် သတ္တုရိုင်း၌ကြေးနီပါဝင်မှုများပြီး ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ခရိုမီယံသတ္တုရိုင်း နှင့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်တို့ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။


အစီရင်ခံသည့်ကာလအတွင်း ကျောက်မီးသွေး ရှာဖွေစမ်းသပ် တိုင်းတာရေး လုပ်ငန်းကို စစ်ကိုင်းတိုင်း ဒေသကြီး၊ပုလဲ- ကနီ-မင်းကင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါ-ထီးလင်း-ပေါက်မြို့နယ်၊ ဒေသန္တရဘူမိဗေဒ မြေပုံရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ပဏာမအဆင့် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ခဲသတ္တုရိုင်း ဖြစ်ထွန်းမှု အသေးစိတ်စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၊ ယုံတောင်-ဒုတ္တိရေဒေသ၊ ဂရက်ဖိုက်ရှာဖွေရေးလုပ်ငန်းနှင့် စိန်လွန်တွင်းတူးဖော် ဆောင်ရွက်ရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ဝန်းကျင်ဒေသ၊ ပဏာမကွင်းဆင်း လေ့လာရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဒေါင်းဘုံ၊ ကျောက်ဖြူနှင့် ရေညှာဦးဝန်းကျင်ဒေသ၊ ထုံးကျောက်တိုင်းတာခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ရှင်မတောင်ဝန်းကျင်နှင့်သဲတော၊ ကျောက်ထပ်၊ ကွမ်းသီးကန်ဝန်းကျင်ဒေသများတွင် ဆောင်ရွက်ခဲ့ပါသည်။ ထုတ်လုပ်ထားသော သတ္တုရိုင်းများ၊ ကျောက်မျက်ရတနာ အရိုင်းများကို ဆင့်တက်ပြုပြင် အချောထည်များပြုလုပ်ပြီး တန်ဖိုးမြှင့်(Value Added) ပြုလုပ်ခြင်းကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆)လ အကောင် အထည်ဖော်နိုင်မှုတန်ဖိုး နှင့်တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါ သည် -


**သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ (၃-၂၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -


**ပုံ (၃-၂၂)**

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ**

**သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ သတ္တုနှင့်တွင်းထွက် ပစ္စည်း ကဏ္ဍ၏ ရည်မှန်းချက် အပေါ် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှအပ ကျန် တိုင်းဒေသကြီး/ပြည်နယ် အားလုံးမှာ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

ကရင်ပြည်နယ်တွင် ဂေါဒန်ကျောက်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ခဲမဖြူသတ္တုသန့်စင်နှင့် ခဲမဖြူအဖြိုက်နက်ရောရာ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီး တို့တွင် ဆောက်လုပ်မှုလုပ်ငန်းသုံး ကျောက်အမျိုးမျိုး၊ မန္တလေးတိုင်းဒေသကြီးတွင် ရွှေ ထုတ်လုပ်မှု တို့သည် ရည်မှန်းချက် မပြည့်မီခဲ့ပါ။

ကြေးနီသတ္တုစင်ထုတ်လုပ်မှုတွင် သတ္တုရိုင်း၌ ကြေးနီ ပါဝင်မှုများ၍အထွက်ပိုမိုပြီး ခဲမဖြူ သတ္တုသန့်စင်၊ သလင်းကျောက်၊ ခနောက်စိမ်းရောရာ သတ္တုရိုင်း၊ ဖယ်ရီနီကယ်၊ ခရိုမီယံသတ္တုရိုင်း၊ ခဲသတ္တုသန့်စင်၊ ခဲနှင့်ရောရာသတ္တုရိုင်း၊ သွပ်နှင့် ရောရာသတ္တုရိုင်း၊ ဂေါဒန်ကျောက်တို့ ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။ ကျောက်မီးသွေးနှင့်ထုံးကျောက် လုပ်ကွက်များ၏ အထွက်ပိုမိုလာခြင်း၊ လိပ်သဲကျောက် နှင့် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်တို့ ဝယ်လိုအားပေါ်မူတည်၍ တိုးမြှင့် ထုတ်လုပ်နိုင်ခဲ့ခြင်း၊ အဖြိုက်နက်

သတ္တုသန့်စင်အသေးစားလုပ်ကွက်များမှ အဖြိုက်နက် သတ္တုသားပါဝင်မှုများသည့်သတ္တုများကို တူးဖော် ထုတ်လုပ်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွှေသတ္တု အသေးစား လုပ်ကွက်များ သက်တမ်းတိုး ခွင့်ပြုမိန့်များရရှိခဲ့ပြီး ရွှေစင်များ ပေးသွင်းနိုင်ခဲ့ပါသည်။

ကျောက်မျက်တူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန် ညွှန်ကြားစာများကို မိုင်းရှူးရတနာနယ်မြေ၌ (၂၈-၄-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ မိုးကုတ်ရတနာနယ်မြေ၌ (၁၁-၆-၂၀၁၈) ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ပေးခဲ့ခြင်း၊ ထူးခြားဖြစ်စဉ်နှင့် ပတ်သက်၍ လုပ်ငန်းခွင်မတော်တဆမှုများ ပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန် ညွှန်ကြားစာကို (၁၂-၆-၂၀၁၈) ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့ပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် Underground Mining Method ဖြင့်တူးဖော်သည့် လုပ်ကွက်များနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရန် အချက်များ၊ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်ထုရုပ်ထွင်းများ၊ ကျောက်မျက်အရိုင်း/အချောများ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်း လိုင်စင်ချထားမှုနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် စံချိန်စံညွှန်းနှင့် အညီ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP)ကိုရေးဆွဲခဲ့ပါသည်။

ခေတ်သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် ဒေသခံများ တိုင်းရင်းသားလုပ်ငန်းရှင်များ အကျိုးရရှိပြီး နိုင်ငံတော်မှလိုအပ်သောအခွန်ဘဏ္ဍာငွေကို ရရှိစေပါသည်။ သို့ဖြစ်ပါ၍ သက်တမ်းတိုးမြှင့်ပေးခြင်း မရှိသည့် လစ်လပ်လုပ်ကွက်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုလျော့ကျလာခြင်း နှင့် နယ်မြေလုံခြုံရေး တည်ငြိမ်မှု မရှိသည့်အတွက် တရားမဝင်တူးဖော်ခြင်းများ ပိုမိုများပြားလာခြင်း တို့ကြောင့် မူလ လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီများက ဆက်လက်ထိန်းသိမ်း စောင့်ရှောက်စေခြင်းဖြင့် ပိုမို ကောင်းမွန်သည့် စီမံခန့်ခွဲမှု ရရှိနိုင်မည်ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဘက်ညီဖွံ့ဖြိုးရေးအတွက် လယ်ယာ အခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဘိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ နှင့်စားသောက်ကုန်ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရေးတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါသည်။ သွင်းကုန်အစား ထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်လာစေရန် နည်းပညာ၊ ငွေကြေးအရင်းအနှီးများ ပံ့ပိုးကူညီခြင်းမှာလည်း အလားတူ အရေးကြီးသည့်အချက်များ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှု ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၉၂၀,၅၇၀.၇ သန်း အကောင်အထည် ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၀ ရာခိုင်နှုန်းတိုးတက်ရန် လျာထား ခဲ့ပါသည်။


ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ယာယီစာရင်းများအရ စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၈၄၆,၃၆၆.၄ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၉၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများ အရ ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၂၃)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**စက်မှုလက်မှုကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာ ဆိုင်ရာ ကူညီပံ့ပိုးနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ကုန်ထုတ်စွမ်းအား တိုးမြှင့်နိုင်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး နှင့် စွန့်ဦးတီထွင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ပိုင်းမှ ကူညီပံ့ပိုး ပေးခဲ့ပါသည်။

နိုင်ငံပိုင်အခန်းရှိ ဘိလပ်မြေစက်ရုံ၊ အထည်စက်ရုံများ၏ ထုတ်လုပ်မှုများ၊ စားသောက်ကုန်လုပ်ငန်းစက်ရုံများ၏ ထုတ်လုပ်မှုများနှင့် သစ်ခွဲသားထုတ်လုပ်မှုများ ယခင်နှစ်ထက်ပိုမိုခဲ့ပါသည်။ ပုဂ္ဂလိကနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ဘီယာ၊ သကြားရမ်းစက်ရုံများ၊ ဖက်စပ်နှင့် အကျိုးတူ ပူးပေါင်း စက်ရုံများ၏ ထုတ်လုပ်မှုများမှလည်း ပိုမိုဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရ ပါသည်။


မြန်မာ့ဆေးဝါးလုပ်ငန်းမှ Levonorgestrel 1.5 mg Tablet ဆေးဝါးအသစ်ကို တီထွင်ခဲ့ခြင်း၊ Azithromycin Capsule ကို Stability စမ်းသပ် ဆောင်ရွက်လျက်ရှိခြင်းနှင့် Iron Folate, Tramadol Injection, Salbutamol Inhalation Solution, Doxycycline Capsule တို့ကို စမ်းသပ်အောင်မြင်ခဲ့ပြီး FDA ၏ လိုင်စင်ရရှိခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


**စက်မှုလက်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ( ၃-၂၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ (၆)လ စက်မှုလက်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

# ပုံ(၃-၂၆)

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ စက်မှုလက်မှုကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ စက်မှုလက်မှုကဏ္ဍ၏ ရည်မှန်းချက် အပေါ် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေတို့တွင် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

မြန်မာ့စီးပွားရေးဘဏ်မှ စီးပွားရေးအခြေခံလုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေး သည့် SME ချေးငွေအစီအစဉ်တွင် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ချေးငွေများ ထုတ်ချေး ပေးခဲ့ပါသည်။ ဂျပန်နိုင်ငံ JICA Two Step Loan ( Phase I) အစီအစဉ်တွင် မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်နှင့် အသေးစား နှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် တို့ပါဝင်သည့် Participating Financial Institutions-PFI ဘဏ် ( ၆ ) ခုမှ လည်းကောင်း၊ Phase II အစီအစဉ်တွင် ဘဏ် (၁)ခု ပိုမိုပါဝင်လာပြီး SME လုပ်ငန်းရှင်များသို့ ချေးငွေများထုတ်ချေးပေးလျက် ရှိပါသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC)၊ ပုဂ္ဂလိကဘဏ်များနှင့်ပူးပေါင်းပြီး Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေ

ထုတ်ချေးခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပိုမို အထောက်အပံ့ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် SME Agency များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလအထိ အကြီးစားလုပ်ငန်း ၇၆၆၆ ခု၊ အလတ်စား လုပ်ငန်း ၁၁၀၃၅ခု၊ အငယ်စားလုပ်ငန်း ၄၃၀၂၄ ခု၊ စုစုပေါင်းလုပ်ငန်း ၆၁၇၂၅ ခု တို့မှာ စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့တွင် မှတ်ပုံတင်ထား ရှိပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စက်မှုဇုန် အသီးသီးတွင် အကြီးစား လုပ်ငန်း ၃၁၁၅ ခု၊ အလတ်စားလုပ်ငန်း ၂၂၂၃ ခု၊ အငယ်စား လုပ်ငန်း ၁၉၁၅ခု၊ စုစုပေါင်းလုပ်ငန်း ၇၂၅၃ခု တို့မှာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင် ထားပြီးဖြစ်ပါသည်။

ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် PMSME,s (Promotion of Micro, Small and Medium Enterprise ) အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သမဝါယမဦးစီး ဌာနနှင့်ပူးပေါင်း၍ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ပံ့ပိုးချေးငွေ ထုတ်ချေးနိုင်ရေး အတွက် သမဝါ ယမ အသင်း ဖွဲ့စည်းရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ ချိတ်ဆက်ပေး နိုင်ရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများ (ဆန်စက်၊ ဆီစက် လုပ်ငန်းရှင်များအသင်း) ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ချိတ်ဆက် ဆောင်ရွက်ပေးလျက် ရှိပါသည်။

တိုင်းဒေသကြီးများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း များ၊ အစားအသောက် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လျှပ်စစ် ဓာတ်အားရရှိမှု များပြားလာအောင် ဆောင်ရွက်လျက်ရှိပါသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဥပဒေကြမ်းကို ပြဋ္ဌာန်း နိုင်ရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား ဦးစားပေး အစီအစဉ်အနေဖြင့် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက် လာခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိ စေရန်နှင့် တိုင်းဒေသကြီးအနေဖြင့် စက်မှုဇုန်များကို အဆင့်မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အဓိကကျသည့် စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်း ဆောင်ရွက် လျက်ရှိပါသည်။ ရနိုင်သမျှသော စွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊ ခေတ်မီနည်းစနစ်များနှင့်အညီ ဖြန့်ဖြူးရာတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် Public Private Partnership (PPP) သို့မဟုတ် Joint Venture (JV)/BOT စနစ်ဖြင့် ဆောင်ရွက်ရေး၊ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စနစ် Independent Power Producer (IPP) ကျင့်သုံး ဆောင်ရွက်ရေးတို့ကို မူဝါဒချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ၊ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းတွင် လျှပ်စစ် ဓာတ်အား ကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း များအရကျပ် ၆၉၆,၀၇၀.၅ သန်း အကောင် အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်း များအရ ၁၂.၀ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်း ထားပါသည်။


၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ ယာယီစာရင်းများအရ လျှပ်စစ်ဓာတ်အား ကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်း များအရ ကျပ် ၆၆၁,၁၉၂.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

ပုံ(၃-၂၇)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သော အလယ်ပေါင်းလောင်း ၊ ရွှေလီ(၃) ၊ အထက်နမ့်ထွမ် ၊ ဒီးဒုတ်၊ အထက်ရဲရွာ ၊ သူဌေး၊ အထက်ကျိုင်းတောင်း၊ အထက်ဘီလူးချောင်းတို့ကို ဆက်လက် တည်ဆောက်လျက် ရှိပါသည်။ နိုင်ငံပိုင်အခန်း၌ အကြီးစား

ရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံ ၂၈ ရုံ ၊ အသေးစား ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံ ၁ ရုံ၊ သဘာဝ ဓာတ်ငွေ့ ဓာတ်အား ပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေး စက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အား ပေးစက်ရုံ ၁၅ ရုံ တို့မှ စုစုပေါင်း ၅,၇၉၄ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ (၆) လ တွင် စုစုပေါင်း ကီလိုဝပ်နာရီ ၁၁,၁၀၀ သန်း ထုတ်လုပ်၍ ကီလိုဝပ်နာရီ ၉,၄၇၂.၅ သန်း သုံးစွဲနိုင်ခဲ့ ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ တွင် ၁,၁၆၉ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်နိုင်သဖြင့် စုစုပေါင်း ၃၃,၆၀၂ ရွာမီးလင်းခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများကို နိုင်ငံပိုင် ဓာတ်အားလိုင်း အပြင် အခြား ဒီဇယ်မီးစက်၊ အသေးစား ရေအား၊ ဆိုလာ၊ ဇီဝ ဓာတ်ငွေ့ (Bio gas/ Bio mass)၊ လေအား စသည်တို့ဖြင့် ဆောင်ရွက်ပေး ခဲ့သောကြောင့် တစ်နိုင်ငံလုံး ကျေးရွာများ၏ ၅၃.၁ ရာခိုင်နှုန်း အထိ မီးလင်းနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ (၅၀၀) ကေဗွီမဟာ ဓာတ်အားလိုင်း စီမံကိန်းကို ဆက်လက် တည်ဆောက် လျက်ရှိသည့် အပြင် (၂၃၀) ကေဗွီ ဓာတ်အားလိုင်း ၂ လိုင်း၊ (၆၆) ကေဗွီ ဓာတ်အားလိုင်း ၄ လိုင်း ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက် ရှိပါသည်။


ပင်မဓာတ်အားခွဲရုံများဖြစ်သော (၂၃၀) ကေဗွီပင်မ ဓာတ်အားခွဲရုံ (သီလဝါ ၊ ကျိုက်လတ်၊ နမ့်စန်) ဓာတ်အားခွဲရုံများပြီးစီးပြီး ( ကလေး၊ မြဝတီ၊ ဂန့်ဂေါ၊ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ နဘား၊ ရွှေဘို၊ ဗန်းမော်) တို့ကို ဆက်လက် ဆောင်ရွက်ရှိသည့် အပြင် (၆၆)ကေဗွီ ဓာတ်အား ခွဲရုံ (မင်းကင်း၊ ရသေ့တောင်၊ မဒဲ ၊ ဖားကန့်) တို့ ပြီးစီးပြီး ကော့ကရိတ်၊ ၊ ငွေဆောင်၊ ငရုတ်ကောင်း (တောင်) ၊ ကလေးဝ၊ သံဖြူဇရပ်၊ နမ့်ဖက်ကာ၊ မောင်တော၊ မော်လိုက်၊ မတူပီ၊ မြဝတီ၊ ဘူးသီးတောင် နှင့် ငါန်းဖွန် တို့ကို ဆက်လက် ဆောင်ရွက် လျက်ရှိပါသည်။ ဓာတ်အား ဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၂,၈၄၃ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၆၄,၀၃၁ မိုင် အထိ သွယ်တန်း နိုင်ခဲ့ပါ သည်။

ရာဇဂြိုလ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၂၆.၉.၂၀၁၈ နေ့တွင် စမ်းသပ်လည်ပတ်ခြင်း၊ မြင်းခြံ (Sembcorp)၊ UREC (U-Energy Thaketa Power Company) သဘာဝ ဓာတ်ငွေ့ သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိခြင်း၊ နိုင်ငံပိုင် ရေအား စက်ရုံများ ကို ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ခဲ့ခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။


လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## လျှပ်စစ်ဓာတ်အားကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၃-၂၈) အကောင်အထည်ဖေါ်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၃-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

ပုံ(၃-၃၀)
၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ
လျှပ်စစ်ဓာတ်အားကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်
အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ (၆) လ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ရည်မှန်းချက်အပေါ် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတ ဓာတ်အားပေးစက်ရုံရှိ (JICA) ချေးငွေဖြင့် ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်ငွေ့တာဘိုင်စက် (၃) လုံး အဆင့်မြှင့် တင် ပြုပြင်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုခဲ့ပြီး ဆောင်ရွက် လျက်ရှိရာ ၁၂.၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံတွင် IPP, BOT စနစ်ဖြင့် (၂၂၅) မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့ နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို Sembcorp ကုမ္ပဏီမှ ဆောင်ရွက် လျက်ရှိပါသည်။ ယခုအခါ စီမံကိန်း ပထမအဆင့်အနေဖြင့် (၇.၅.၂၀၁၈) ရက်နေ့တွင် ၁၄၃ မဂ္ဂါဝပ်နှင့် စီးပွားဖြစ် ဓာတ်အား ထုတ်လုပ်ခဲ့ပြီး စွန့်ပစ် အပူသုံး ဘွိုင်လာနှင့် ရေနွေးငွေ့ တာဘိုင်စက် မောင်းနှင်နိုင်ရေး Commissioning လုပ်ငန်းများ ဆောင်ရွက် လျက် ရှိပါသည်။

မွန်ပြည်နယ် သထုံဒေသတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် နိုင်ငံပိုင် (၁၁၈.၉) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို CEEC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီး အမှတ်(၁)ဓာတ်ငွေ့ တာဘိုင်စက်ကို ဧပြီလ၊ အမှတ်(၂) ဓာတ်ငွေ့တာ ဘိုင်စက်ကို ဇူလိုင်လတွင် စမ်းသပ် မောင်းနှင်မှုများ ပြုလုပ်ခဲ့ပြီး ယခုအခါ ရေနွေးငွေ့တာဘိုင်စက် စမ်းသပ် မောင်းနှင်မှုများ ပြုလုပ်နိုင်ရေး Commissioning လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ဒေသ ဘဲလင်းဓာတ်အားခွဲရုံ အတွင်း ဓာတ်ငွေ့ အင်ဂျင်သုံး ၁၄၅ မဂ္ဂါဝပ် Rental ဓာတ်အားပေး စက်ရုံစီမံကိန်းကို တင်ဒါ အောင်မြင် သည့် The Powergen Kyaukse Co.,Ltd နှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်အား အရောင်းအဝယ် (PPA) စာချုပ် လက်မှတ် ထိုးနိုင်ရေး ပြည်ထောင်စု အစိုးရ အဖွဲ့သို့ တင်ပြထားပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံဒေသ ဓာတ်ငွေ့ အင်ဂျင်သုံး ၉၀ မဂ္ဂါဝပ် Rental ဓာတ်အားပေး စက်ရုံစီမံကိန်းကို တင်ဒါ အောင်မြင်သည့် VPower Holdings Limited နှင့် ဆောင်ရွက်သွားမည် ဖြစ်ပြီး ဓာတ်အား အရောင်းအဝယ် (PPA) စာချုပ် လက်မှတ် ရေးထိုးနိုင်ရေး ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြထားပါသည်။

နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေးတို့အတွက် လုပ်ငန်းအစီအစဉ်များကို စီးပွားရေး မူဝါဒများနှင့် အညီ ရေးဆွဲဆောင်ရွက် လျက်ရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍ။ နိုင်ငံအဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်သောလမ်းများ၊ ပြည်ထောင်စုလမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ လမ်းမကြီးများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ခရိုင်ချင်း ဆက်လမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းများအားစနစ်ကျနစွာ ခေတ်မီစွာအဆင့်ဆင့်ဖွံ့ဖြိုး တိုးတက်စေရန် လမ်း/တံတားများကို အဆင့်မြှင့်တင်ခြင်း၊ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များပေါ်တွင် အခြေခံပြီး သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျော ညီထွေဖြစ်စေမည့် မြို့ပြကွန်ယက်စနစ် ပေါ်ပေါက်နိုင်ရေးအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှု ကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကိုနှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁,၇၃၉,၀၇၃.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၀ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


ဧပြီလမှ စက်တင်ဘာလ (၆)လ ယာယီစာရင်းများအရ ဆောက်လုပ်မှု ကဏ္ဍ၏ ဆောက်လုပ်မှု တန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၇၄၅,၀၉၁.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၀၀.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၁၀.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပုံ(၃-၃၁)

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ

## ဆောက်လုပ်မှုကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ဆောက်လုပ်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်း အကောင် အထည်ဖော်နိုင်မှုများမှာဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များ ချိတ်ဆက်လျက်ရှိသည့် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ ကရင်ပြည်နယ်တွင် အိန္ဒူ-ကော့ကရိတ် လမ်း၊ ချင်းပြည်နယ်တွင်သိုင်းငင်း-တီးတိန်လမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦး-စစ်တောင်းလမ်း၊ ရခိုင်ပြည်နယ်တွင် ရသေ့တောင်-ဘူးသီးတောင်လမ်း၊ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်း နှင့် မောင်တော (ကြိမ်ချောင်း)-တောင်ပြို-နယ်စပ်ခြံစည်းရိုး ချဉ်းကပ်လမ်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အပါအဝင်လမ်းများအား လမ်းဖောက်လုပ်ခြင်း၊ လမ်းတိုးတက်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

(ခ) နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကွန်ကရစ် လမ်း (၁၈)မိုင်၊ကတ္တရာလမ်း (၂၉)မိုင်၊ ကျောက်လမ်း (၂၈၃)မိုင်၊ မြေသားလမ်း (၅၄၂)မိုင် အသီးသီး ဖောက်လုပ်လျက် ရှိပါသည်။

(ဂ) ကျေးလက်ဖွံ့ဖြိုးရေးလမ်းများကို ၂၀၁၈ခုနှစ်(ဧပြီလမှစက်တင်ဘာလ) (၆) လတွင် ကွန်ကရစ်လမ်း (၃)မိုင် (၇)ဖာလုံ၊ ကတ္တရာလမ်း(၂၂)မိုင်(၂)ဖာလုံ၊ ကျောက်ချော လမ်း (၁)မိုင် (၁)ဖာလုံ၊ မြေသားလမ်း (၅)မိုင်၊ စုစုပေါင်း (၃၂)မိုင်(၂) ဖာလုံနှင့် Box Culvert (၂)စင်း(၁၀)ပေတို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) ထို့အပြင်ကချင်ပြည်နယ်တွင် တီယာန်ဇွပ်တံတား(၂/၅၄)၊ ဒရုခတံတား(၂/၇၇)၊ ဆီနင်ခ တံတား(၆/၁၁၁)၊ ကရင်ပြည်နယ်တွင် နောင်လုံတံတား၊ ဂျိုင်း(ကော့ကရိတ်)တံတား၊ ချင်းပြည်နယ်တွင် ကုလားတန်မြစ်ကူး (ပလက်ဝ) တံတား၊ မွာလ်ဇမ်(ကွဲ) ချောင်းကူး တံတား၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေကျင်တံတား၊ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)၊ မန္တလေးတိုင်းဒေသကြီးတွင် သူရဲချောင်းတံတား(၃/၁၁၉)၊ ကုန်းသာတံတား(၄/၃၂၉)၊ ဆင်တဲဝချောင်းတံတား၊ ရခိုင်ပြည်နယ်တွင် ဒါးလက်တံတား၊ ကြပ်စင်တံတား၊ တိမ်ညို တံတား၊ တေန်ပျင်းတံတား(၁/၂၀)၊ ကင်းချောင်းတံတား၊ ရန်ကုန်တိုင်း ဒေသကြီးတွင် သာကေတတံတား၊ ပဲခူးမြစ်ကူးတံတားအမှတ်(၃)၊ ရှမ်းပြည်နယ်တွင် နမ့်ဝမ်း(၂) တံတား၊ ဧရာဝတီတိုင်းဒေသကြီးတွင် သကံချောင်းတံတား၊ ကျွန်းပြသာဒ် တံတား (၂၂/၄)၊ စော်ကဲတံတား အပါအဝင် တံတားကြီးများကို တည်ဆောက်လျက် ရှိပါသည်။


ထို့အပြင်အရေးပေါ်ရန်ပုံငွေဖြင့် ပဲခူးတိုင်း ဒေသကြီးတွင် ဆွာချောင်း တံတားနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် မြောင်းမြ တံတားတို့ကို တည်ဆောက်လျက် ရှိပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် လှည့်ပတ်ရန်ပုံငွေဖြင့် အိမ်ရာစီမံကိန်း (၁၁) ခုကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အောင်မြင့်မိုရ်အိမ်ရာ စီမံကိန်းနှင့် အင်းဝအိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၃)နှင့် ရိုးမတန်ဖိုးနည်းအိမ်ရာ စီမံကိန်း၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့ Commercial Area အိမ်ရာစီမံကိန်း၊ ကျန်စစ်မင်း တန်ဖိုးနည်း အိမ်ရာစီမံကိန်းအပိုင်း(၁)နှင့်အပိုင်း(၂)၊ ရွှေပြည်သာမြို့နယ်၊ စက်မှုမြို့အပိုင်း (၃)Commercial Area(၂)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန် တန်ဖိုးသင့်အိမ်ရာစီမံကိန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဥမ္မာဒန္တီ အိမ်ရာ စီမံကိန်း၊ သန်လျင်မြို့နယ်၊ သီလဝါစက်မှုဇုန်အနီးအိမ်ရာစီမံကိန်း တို့ဖြစ်ပါသည်။ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အိမ်ရာစီမံကိန်း (၂၄)ခုတို့ကို လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းများကို ကချင်ပြည်နယ်ဗန်းမော် ခရိုင်မန်စီမြို့၊ ချင်းပြည်နယ် ပလက်ဝမြို့နှင့် မတူပီမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ရေဦးမြို့၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၊ မန္တလေးတိုင်း ဒေသကြီး ဝမ်းတွင်းမြို့၊ ရခိုင်ပြည်နယ်မောင်တောမြို့တို့ တွင် ဆောင်ရွက်နိုင်ရေးအတွက် မြေတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မြေအောက်ရေ ကြီးကြပ် ထိန်းသိမ်းရေး ဥပဒေ (မူကြမ်း)ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ အကြံပြုချက်အရ ပြန်လည်ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက် ရှိပါသည်။ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဥပဒေ၊ အမျိုးသား အိမ်ရာဖွံ့ဖြိုးရေး ဥပဒေများကို မူကြမ်းအဆင့်မှ အတည်ပြု နိုင်ရေး ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။ စုပေါင်းပိုင်အဆောက် အအုံဆိုင်ရာ နည်းဥပဒေ (မူကြမ်း) ကို ရေးဆွဲ တင်ပြ ထားပါသည်။


ဆောက်လုပ်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင် အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆောက်လုပ်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၃-၃၂) အကောင်အထည်ဖေါ်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၃)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဆောက်လုပ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

## ပုံ(၃-၃၄)

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဆောက်လုပ်မှုကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ (၆) လ ဆောက်လုပ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ပြည့်မီစွာ အကောင်အထည် ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်ဖြင့် လမ်းများအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်း များ၊ ပြုပြင်ထိန်းသိမ်းခြင်း၊ တာတမံပြုပြင် ထိန်းသိမ်းခြင်း၊ ပဲခူးမြစ်ကူးတံတား၊ ငဝန်တံတား (လေးမျက်နှာ) တည်ဆောက်ခြင်း လုပ်ငန်းများ၊ ဆေးရုံ၊ ရုံး၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ လွှတ်တော်တည်ဆောက်ခြင်းနှင့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်းများ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော တံတားနှင့်ပြိုကျပျက်စီးသွားသောတံတားများ၊ကျောင်းများအားအရေးပေါ်ပြန်လည်တည်ဆောက်ပေးခဲ့ ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် လူနေအိမ်နှင့် အိမ်ခန်း၊ ဟိုတယ်၊ ရုံးခန်း နှင့်ဈေးဝယ်စင်တာများ၊ ယာဉ်ရပ်နားစခန်း နှင့် တွဲလျက်ခန်းမဆောင် ပါဝင်သော ဝန်ဆောင်မှု လုပ်ငန်းများ၊ အိမ်ရာစီမံကိန်းများ၊ ကွန်ဒိုဆောက်လုပ်ခြင်းများ၊ ဆီဆိုင် ဆောက်လုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ။ ပို့ဆောင်ရေးကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်းနှင့်လေကြောင်း အဖွဲ့ချုပ်တို့၏သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်နှင့်ပြည်သူတို့ အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခု အဖြစ်ရပ်တည်နိုင်ရေးအတွက်ကြိုးပမ်း တည်ဆောက်ရန်၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံများမှ နည်းပညာများ ရယူ၍ ကုန်စည်ပို့ဆောင်ရေးနှင့်ခရီးသည် ပို့ဆောင်ရေး ကဏ္ဍကို အာဆီယံ အဆင့်မီ အောင်ဆောင်ရွက်သွားရန်ဟူ၍ မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ပိုမိုကောင်းမွန်သည့် ပို့ဆောင်ရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများအားခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင် ပြဋ္ဌာန်းရေး၊ နိုင်ငံတကာစံညွှန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့ကိုဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေး ကဏ္ဍ ၏ ဝန်ဆောင်မှုတန်ဖိုးကိုနှစ်အလိုက်ဈေးနှုန်းများအရကျပ် ၄,၄၈၄,၅၂၅.၉သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းခဲ့ပါသည်။


၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ယာယီစာရင်းများအရ ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုး သည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၄,၄၅၀,၆၀၂.၉ သန်းရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၉.၂ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီးပုံမှန်ဈေးနှုန်းများအရ ၇.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၃-၃၅)

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**ပို့ဆောင်ရေးကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ နိုင်ငံပိုင်အခန်းမှ ခရီးသည် ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၄.၂ သန်း ၊ ခရီးသည်မိုင် ၁၈၁.၅ သန်း ၊ ကုန်တန်ချိန် ၀.၆ သန်း ၊ ကုန်တန်မိုင် ၉၈.၅ သန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာ့မီးရထားမှ ခရီးသည်ဦးရေ ၂၁.၀ သန်း ၊ ခရီးသည်မိုင် ၉၃၂.၆ သန်း၊ ကုန်တန်ချိန် ၀.၉ သန်း ၊ ကုန်တန်မိုင် ၂၆၆.၂ သန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၅.၀ သန်း ၊ ခရီးသည်မိုင် ၁၈.၆ သန်း ၊ ကုန်တန်ချိန်၀.၄သန်း၊ ကုန်တန်မိုင်၃၀.၉သန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဃ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည် ဦးရေ ၀.၆ သန်း၊ ပြည်တွင်း ခရီးသည်မိုင် ၁၆၅.၅ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၂ သန်း၊ ပြည်ပခရီးသည်မိုင် ၁၃၇.၃ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၁ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၁၆ သန်း ၊ ပြည်ပ ကုန်တန်ချိန် ၀.၀၀၀၂ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၂၁ သန်းပို့ ဆောင်ပေးနိုင်ခဲ့ ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မြစ်ကြီးများ ဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ရှိမြစ်များနှင့် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များရှိ ရေလမ်းကြောင်းများတွင် ရေလမ်းကြောင်းကောင်းမွန်စေရေး၊ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ မြို့ရွာများ ရေတိုက်စားမှုမှကာကွယ်ရေး၊ စီမံကိန်းဝင် မြစ်ကူး တံတားကြီးများ ရေရှည် တည်တံ့ ခိုင်မြဲရေးအတွက် မပြတ်စစ်ဆေးပေးရေး၊ ရေထုညစ်ညမ်းမှုမပေါ်ပေါက်စေရေး၊ မြစ်ကြောင်း များ ရေအနက်မြင့်မားလာစေရေးနှင့် ရေယာဉ်များကုန်တင် အလေးချိန်တိုးတက်တင် ဆောင်သွား လာနိုင်ရေး အတွက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာနိုင်ငံရှိဆိပ်ကမ်းအသီးသီးသို့ ပင်လယ်ကူး သင်္ဘောကြီး များကုန်များသယ်ဆောင်ရန်အတွက်ဝင်/ထွက်သွားလာရာတွင် လိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရေကြောင်းကုန်စည် (၉၀)% ကျော်ကိုကိုင်တွယ်လျက် ရှိပါသည်။ သင်္ဘောအဝင်/ အထွက်စီးရေ(၁,၀၄၈)စီး နှင့် ကုန်သေတ္တာအဝင် (၂၄၂,၈၂၆)လုံး (၃,၄၅၂,၁၆၀) မက်ထရစ်တန်၊ ကုန်သေတ္တာ အထွက် (၂၁၀,၄၆၂) လုံး (၁,၆၀၁,၅၀၂) မက်ထရစ်တန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် တန်ချိန် (၁၂၀၀၀) ရေလုံသင်္ဘောကျင်း တစ်ခုဖြစ်ပြီး၊ ပြည်တွင်းပြည်ပမှ လုပ်ငန်းအပ်နှံလာသည့် ရေယာဉ်များအား တည်ဆောက်ခြင်းလုပ်ငန်း၊ ပြင်ဆင်ခြင်း လုပ်ငန်း၊ သံရည်ကျိုနှင့်စက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ဓါတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ရေယာဉ်များဖြင့် ကမ္ဘာလှည့်ခရီးသည်များ ပို့ဆောင်ပေးခြင်း မြစ်ဝကျွန်းပေါ်၊ အထက်မြန်မာပြည်၊ ချင်းတွင်းမြစ်ကြောင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်ခရီးလမ်းစုစုပေါင်း(၁၅)လမ်းဖြင့်ခရီးသည်နှင့်ကုန်စည်များကိုသယ်ယူပို့ဆောင်ပေး လျက်ရှိပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် BOEING လေယာဉ်(၄)စီး၊ ATR-72 လေယာဉ် (၈)စီး၊ Embraer E 190 လေယာဉ်(၁)စီး ၊ Caravan 208 B လေယာဉ်(၂)စီးတို့ဖြင့် စုစုပေါင်းလေယာဉ်(၁၅)စီး၏ ပျံသန်းချိန်နာရီ ၁၃,၅၁၀:၀၀၊ စွမ်းဆောင်ချက်ရာခိုင်နှုန်း၉၅%၊ ပျံသန်းပေးမှုအနေဖြင့် လေယာဉ်အားလုံး၏ ပုံမှန်ခေါက်ရေ ၄,၄၃၇၊ အထူးခေါက်ရေ၆၃၊ စုစုပေါင်းခေါက်ရေ ၄,၅၀၀ ဖြင့် ပျံသန်းပို့ဆောင်ရေး လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသစခန်း(၆၄)စခန်း၊ ဇလဗေဒ စခန်း (၂၄) စခန်း၊မိုးလေဝသ နှင့်ဇလဗေဒ(မိုး) စခန်း(၄၂)စခန်း၊ မိုးလေဝသနှင့် ဇလဗေဒ (ဇလ)စခန်း (၄၈)စခန်း၊ စိုက်ပျိုးရေးမိုးလေဝသစခန်း(၁၈)စခန်း၊ မြေငလျင် တိုင်းထွာရေးစခန်း(၁၇) စခန်း၊ လေကြောင်းမိုးလေဝသစခန်း (၁၀)စခန်းနှင့် ရေဒါ(၃)ခုတို့မှ တိုင်းထွာချက်အကြိမ်ပေါင်း ၁၉၂,၃၈၂ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် ရန်ကုန်နှင့်နေပြည်တော်တိုးချဲ့အခြေစိုက်၍ ခရီးစဉ်များပြေးဆွဲပေးလျက်ရှိပါသည်။


ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းမှ ထုတ်လုပ်သောယာဉ်များ စုစုပေါင်း ၉,၃၈၄စီးနှင့် ပြည်ပမှ တင်သွင်းလာသော ယာဉ်များ စုစုပေါင်း ၃၇၃,၄၇၉ စီးတို့ကို မှတ်ပုံတင် ပေးခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင်များကိုလည်း လိုင်စင် အမျိုးအစားအလိုက် ထုတ်ပေးခဲ့ရာ စုစုပေါင်း ၅,၂၁၀,၃၁၅ ထုတ်ပေးနိုင်ခဲ့ပါသည်။

မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအသီးသီး၌နေ့စဉ်ပျမ်းမျှ အမြန်ရထား (၃၈)စင်း၊ စာပို့ရထား (၆၂)စင်း၊ လူစီးကုန်တင်ရထား(၅၀)စင်း၊ ခရီးတိုရထား(၁၈)စင်း၊ မြို့ပတ်ရထား (၂၂၁)စင်း၊ စုစုပေါင်း လူစီးရထား (၃၈၉)စင်းနှင့် ကုန်ရထား(၂၅)စင်းတို့ ပြေးဆွဲပေးလျက်ရှိပါသည်။ အချက်ပြနှင့် ဆက်သွယ်ရေး စနစ်များ ကောင်းမွန်စေရေးအတွက် ရန်ကုန်ယာဒ်ဝင်းနှင့် ပုဇွန်တောင်ယာဒ်ဝင်းများ တွင်လည်းElectronic Interlocking စနစ်တပ်ဆင်ခြင်းလုပ်ငန်း၊ရန်ကုန်-မန္တလေး လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ တင်ဒါတစ်ခုဖြစ်သော CP -102 အား ၆.၉.၂၀၁၈ ရက်နေ့တွင် Contract စာချုပ် ချုပ်ဆို ဆောင်ရွက်ခဲ့ ပါသည်။


ပို့ဆောင်ရေးကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ပို့ဆောင်ရေးကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၃-၃၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

ပုံ (၃-၃၈)

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် ဧပြီလမှစတင်ဘာလအထိ (၆)လ ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန် တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ပြည့်မီစွာ အကောင်အထည် ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် အာရှလမ်းမကြီးတစ်ခုဖြစ်သည့် မိုးရေး-တမူး-မုံရွာ-မန္တလေး လမ်းမကြီး၏ အလယ်ဗဟိုတွင် ဖြတ်သန်း တည်ရှိနေသည့်အတွက် အိန္ဒိယနိုင်ငံနှင့်ကူးသန်း သွားလာမှု ပိုမိုတိုးမြှင့် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ Yangon Region Transport Authority (YRTA) ကိုဖွဲ့စည်းခဲ့ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ် Yangon Bus Service (YBS)ကို အကောင် အထည်ဖော်ခဲ့ပါသည်။ ရန်ကုန်မြစ်တွင်း ခရီးသည် ပို့ဆောင်ရေး Yangon Water Bus ကို ရန်ကုန်မြစ်ကြောင်း တစ်လျှောက် ဗိုလ်တထောင်၊ ပန်းဆိုးတန်း၊ လမ်းသစ်၊ ကြည့်မြင်တိုင်၊ ပန်းလှိုင်နှင့် အင်းစိန်တို့ အထိပြေးဆွဲပေးလျက်ရှိပါသည်။

နိုင်ငံတစ်ဝှမ်းခရီးသည်နှင့်ကုန်စည်များ အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာသယ်ယူ ပို့ဆောင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ပို့ဆောင်ရေးကဏ္ဍဘက်ညီဖွံ့ဖြိုး တိုးတက်မှု အတွက်ပြည်သူပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ဆောင်ရေး လမ်းကြောင်းများဖြစ်သည့် ရေလမ်း၊ ကုန်းလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်း များကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပထဝီအနေအထား၊ လူဦးရေအခြေအနေများ ပေါ်မူတည်၍ ဦးစားပေး စီမံကိန်းများ ချမှတ်ပြီးဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ။ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာကြေးနန်း ဆက်သွယ်ရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ စံသတ်မှတ်ချက်များနှင့်အညီ အခြေခံအဆောက်အဦများ၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်၍ ဆန်းသစ်တီထွင် မှုရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုများဆောင်ရွက်စေမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွား အခြေအနေများ တိုးတက်လာစေရန်၊ e-Government လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းကို ခေတ်မီစက် ကိရိယာများ တပ်ဆင်၍ ပြည်သူလူထုယုံကြည်မှု အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ခုနှစ်၊ဧပြီလမှ စက်တင်ဘာလအထိ(၆)လအမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေး ကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၀၀၀,၉၆၅.၆သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၉.၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ယာယီစာရင်းများအရ ဆက်သွယ်ရေး ကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်း များအရ ကျပ် ၉၆၃,၂၂၅.၈ သန်းရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်း အရ ယခင်နှစ်အလားတူကာလထက် ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ (၃-၃၉)

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ

ဆက်သွယ်ရေးကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တိုးတက်ပြောင်းလဲလာစေရန်အတွက် မြို့ပြဒေသများအားလုံး ဖြန့်ကျက် သုံးစွဲနိုင်ရေးနှင့် သင့်တင့် မျှတသောဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်သွားရန်နှင့်မြန်မာနိုင်ငံ တစ်ဝှမ်းလုံး ဆက်သွယ်မှုအခွင့်အလမ်းများရ၍နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဆက်သွယ်ရေး ကွန်ရက်ကို မြန်မာနိုင်ငံလူဦးရေ၏ ၉၀% ကျော်အထိ လွှမ်းခြုံမှုရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် "အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီ" ၏ လုပ်ငန်း တာဝန်များကို အထောက်အကူပြုဆောင်ရွက်ပြီး အော်ပရေတာများထံမှ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ ကောက်ခံရရှိနိုင်ရေးအလေးထားဆောင်ရွက်ခြင်း၊ စိစစ်ရေးအဖွဲ့ဖွဲ့စည်း၍ ဆက်သွယ်ရေးကွန်ရက်ပြည့်မီခြင်းရှိ/မရှိစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အမျိုးသား ရည်မှန်းချက်အဖြစ် ချမှတ်ခဲ့သော စီးပွားရေးမူဝါဒများတွင် အပါအဝင်ဖြစ်သော "Data ID Card System, Digital Government Strategy နှင့် e-Government System တို့ကိုထူထောင်သွားရန်" အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားနိုင်ရေးဦးတည်ရည်မှန်းချက်ထား၍ e-Government လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရဌာနများသို့ လက်ရှိဝန်ဆောင်မှုပေးနေသော ICT Infrastructure များနှင့် Common/ Shared Application များအတွက် လိုအပ်သောလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။


မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ပြည်တွင်းပြည်ပငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ပုဂ္ဂလိကဘဏ် အချို့နှင့် ပူးပေါင်း၍ ဘဏ်လုပ်ငန်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊ ချောစာနှင့် ချောထုပ်များကို အချိန်နှင့်တပြေးညီရောက်ရှိအောင်ဆောင်ရွက်ခြင်း၊ Online Shopping လုပ်ငန်းများတွင် ပစ္စည်းပေးဝေမှု လုပ်ငန်းအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ပါသည်။

၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ တာဝါတိုင် ဆောက်လုပ်ပြီးစီးမှုအခြေ အနေမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၇၅၇၃ ခု၊ အော်ရီဒူးမြန်မာလီမိတက်က ၅၂၁၈ ခု နှင့် တယ်လီနောမြန်မာလီမိတက်က ၆၄၉၁၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ၁၀၅၆ ခု၊ Mytel ကုမ္ပဏီလီမိတက်က ၂၀၆၂ ခုစုစုပေါင်းတာဝါတိုင် ၂၂၄၀၀ ခု ဆောက်လုပ် ပြီးစီးခဲ့ပါသည်။


ဆက်သွယ်ရေးကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆက်သွယ်ရေးကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၃-၄၀)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၁)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

### ပုံ(၃-၄၂)
### ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ
### ဆက်သွယ်ရေးကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်
### အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ (၆) လ ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှအပ ကျန် တိုင်းဒေသကြီး/ပြည်နယ် အားလုံး၌ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှု အခြေအနေများမှာ အော်ပရေတာအသစ်ဖြစ်သော Mytel မှ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း မိုဘိုင်းဖုန်းများ ထပ်မံဖြန့်ဝေခဲ့ခြင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်း နှင့် ADSL လိုင်းတိုး ချဲ့ခြင်းများဆောင်ရွက်ခြင်း၊ @Post လုပ်ငန်းဖြင့် တယ်လီဖုန်းဘီလ်ကတ်များ ရောင်းချပေးခြင်း၊ Easy Mobile လုပ်ငန်းကို CB Bank ဖြင့် ချိတ်ဆက်ပြီးငွေပို့/ငွေယူများ ဆောင်ရွက် ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ AGD ၊ CB Bank ၊ ABank စသည့် ဘဏ်များနှင့် Mykyats ၊ OK$ ၊ Myanmar Mobile Money စသည့် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း၊ Online Shopper များနှင့် ပူးပေါင်းပြီး မှာယူပစ္စည်းများပေးပို့ခြင်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါ သည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြည်တွင်းပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင်လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေး နှင့် အင်တာနက်ဝန်ဆောင်မှုများကို ပြည်သူများ စိတ်ကြိုက်ရွေးချယ် သုံးစွဲနိုင်မည့်အပြင် နိုင်ငံတော်၏ဝင်ငွေများ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

ငွေရေးကြေးရေးကဏ္ဍ။ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ ငွေကြေးအရင်းအနှီးများပံ့ပိုးပေးရေးစသည့်ပြောင်းလဲ တိုးတက်လာသော မူဝါဒအရ ငွေကြေး အရင်းအမြစ်များကို စုစည်း၍ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အပ်ငွေများကို တိုးချဲ့လက်ခံခြင်း၊ ဒေသတွင်း နိုင်ငံတကာဈေးကွက်သို့ ပို့ကုန်များတင်ပို့ ဆောင်ရွက်နိုင်မည့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် သွင်းကုန်အစားထိုး စက်မှုလက်မှုလုပ်ငန်းများကို အဓိကထား၍ ချေးငွေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ တိုးမြှင့်ထုတ်ချေးခြင်း တို့ကို ဆောင်ရွက်ပေး လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေး ကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၃၃,၆၇၁.၂ သန်း ဖြစ်ပေါ်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ (၉.၁)% တိုးတက်ရန် ရည်မှန်းထားပါသည်။


၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ယာယီစာရင်းများအရ ငွေရေးကြေးရေး ကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးသည် စက်တင်ဘာလကုန်တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၆၁,၁၅၂.၁ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၂၀.၆% အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၁၉.၅% တိုးတက်ခဲ့ပါသည်။

ပုံ (၃-၄၃ )

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ

ငွေရေးကြေးရေးကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အစိုးရငွေတိုက်လက်မှတ်များ လေလံရောင်းချခြင်း ၁၁ ကြိမ်၊ အစိုးရငွေတိုက် စာချုပ်များ လေလံရောင်းချခြင်း ၆ ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်တွင် နိုင်ငံခြားဘဏ်များ၌ အချိန်ပိုင်းအပ်ငွေများ တိုးချဲ့အပ်နှံထားရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုမှ အတိုးရငွေများလည်း ပိုမိုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ပုဂ္ဂလိက ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ်၍ ဂုဏ်ထူးဆောင် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးဘဏ် လီမိတက် (Glory Farmer Development Bank Limited – G Bank)၊ သတ္တုဖွံ့ဖြိုးရေးဘဏ် (Mineral Development Bank)၊ မြန်မာ့ခရီးသွားဘဏ် (Myanma Tourism Bank) စသည့် ပုဂ္ဂလိကဘဏ် ၃ ဘဏ်ကို ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုခဲ့သဖြင့် ယခုအခါ ပုဂ္ဂလိကဘဏ်စုစုပေါင်း ၂၇ ဘဏ်ကို ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီး ဖြစ်ပါသည်။ ဘဏ်ခွဲများ ဖွင့်လှစ်မှုအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၅၂ ဘဏ် တိုးချဲ့ဖွင့်လှစ်ခဲ့ ပါသည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း များ အားလုံး၏ ဆက်သွယ်ဆောင်ရွက်သူ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ နှင့်ပတ်သက်သည့် ချေးငွေပြန်လည်ပေးဆပ်မှု သတင်းအချက်အလက်များ နှင့် အခြားဆက်စပ်လျက်ရှိသည့် သတင်းအချက်အလက်များကို စုဆောင်းပြီး အဆိုပါ သတင်းအချက်အလက်များကို ငွေထုတ်ချေးသည့် အဖွဲ့အစည်းများသို့ ပြန်လည် ဖြန့်ဖြူးပေးသည့် မြန်မာခရက်ဒစ်ဗြူရို လီမိတက် (Myanmar Credit Bureau Limited) ကို ၂၀၁၈ ခုနှစ် မေလ ၁၇ ရက်နေ့၌ ချေးငွေသတင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင် ထုတ်ပေးခဲ့ပါသည်။

(ဃ) မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများအတွက် ပုံမှန် ထုတ်ချေး ပေးလျက်ရှိသော စိုက်ပျိုးစရိတ် ချေးငွေများအပြင် လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ဆန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက် စသော လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူနိုင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ နှစ်ဆင့်ချေးငွေ - JICA Two Step Loan (နှစ်တို/နှစ်ရှည်) ချေးငွေများကို အတိုးနှုန်း ၈ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးကို

အခြေခံသော စီးပွားရေး လုပ်ငန်းများ အတွက် မြန်မာ့စီးပွားရေးဘဏ် နှစ်ဆင့်ချေးငွေ - MEB Two Step Loan (နှစ်တို/နှစ်ရှည်) ချေးငွေများကို အတိုးနှုန်း ၉ ရာခိုင်နှုန်း ဖြင့်လည်းကောင်း ချေးငွေများ ထုတ်ချေး ပေးလျက် ရှိပါ သည်။


(င) ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သမဝါ ယမ ငွေစုငွေချေးအသင်းများသည် အသေးစားချေးငွေများ ပံ့ပိုးပေးလျက် ရှိပါသည်။ ထို့ပြင် အသင်းသားများ၏ ကုန်ထုတ်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး အတွက် ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co., Ltd မှ လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများကို အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် တောင်သူလယ်သမားများထံ ဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။

(စ) မြန်မာနိုင်ငံတွင် အားလုံးပါဝင်သော ငွေကြေးကဏ္ဍတည်ဆောက်ခြင်းဖြင့် ပြည်သူများ ဈေးနှုန်း သက်သာ၍ အရည်အသွေးပြည့်ဝကာ လွယ်လင့်တကူ ရယူသုံးစွဲနိုင်သော ငွေကြေး ဝန်ဆောင်မှုများ ကျယ်ပြန့်စွာ ထောက်ပံ့ပေးနိုင်ရန်အတွက် ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနသည် ပုဂ္ဂလိက အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများကို တိုးချဲ့ခွင့်ပြုပေး လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပြည်ပကုမ္ပဏီ ၆ ဖွဲ့၊ ပြည်တွင်း ကုမ္ပဏီ ၇ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ ၁ ဖွဲ့၊ စုစုပေါင်း ၁၄ ဖွဲ့ အား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန် ထိ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း စုစုပေါင်း ၁၇၅ ဖွဲ့ကို လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါလိုင်စင်ရ အဖွဲ့အစည်းများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၂၄၀ မြို့နယ်၊ ရပ်ကွက်ပေါင်း ၁၉၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄၄၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၇၃၅ တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်လျက် ရှိပါသည်။


ငွေရေးကြေးရေးကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ငွေရေးကြေးရေးကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၃-၄၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၅)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

### ပုံ ( ၃ - ၄၆ )

### ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ငွေရေးကြေးရေးကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ (၆) လ ငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် ချင်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီး သည် ပုဂ္ဂလိကဘဏ်ခွဲများ အများဆုံး ဖွင့်လှစ်ထားသည့် တိုင်းဒေသကြီး ဖြစ်သည့်အပြင် နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများ ဖွင့်လှစ်၍ ပြည်တွင်းဘဏ် များနည်းတူ ပြည်တွင်း စီးပွားရေး လုပ်ငန်းများသို့ ချေးငွေဖြည့်ဆည်းမှုနှင့် အခြားဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကအာမခံလုပ်ငန်းများနှင့် အသေးစား ငွေစုငွေချေး အဖွဲ့အစည်း များလည်း ရန်ကုန်တိုင်း ဒေသကြီးအတွင်း တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း SME လုပ်ငန်းများ အတွက် သမဝါယမဘဏ်မှ အပေါင်မဲ့စနစ် (Credit Gurantee Insurance – CGI) ဖြင့်လည်းကောင်း၊ အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘောဇဘဏ် တို့မှလည်းကောင်း ချေးငွေများထုတ်ချေး ပေးနိုင်ခဲ့ပြီး ချေးငွေဆက်လက်လျှောက်ထားသူ SME လုပ်ငန်းရှင်များအတွက် စိစစ် ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ငွေရေးကြေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိက ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ထားပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသဖြင့် ပုဂ္ဂလိကဘဏ်များ၏ ငွေလွှဲခ ရငွေများ၊ ဆောင်ရွက်ခနှင့် ဝန်ဆောင်မှုအခြားရငွေများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ထုတ်ချေးငွေ အပေါ် အတိုးရငွေများ တိုးတက်များပြားခဲ့ပါသည်။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်၍ လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများအနေဖြင့် NGO ၁ ဖွဲ့၊ ပြည်တွင်းပြည်ပကုမ္ပဏီ ၂ ဖွဲ့ တိုးချဲ့ထားပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်ထိ စုစုပေါင်း ၂၇ ဖွဲ့သည် အသေးစား ချေးငွေလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိကအာမခံ လုပ်ငန်း အနေဖြင့် မြို့တော်အသက်အာမခံလုပ်ငန်း ထပ်မံဖွင့်လှစ်ထားရှိသဖြင့် ပုဂ္ဂလိကအာမခံလုပ်ငန်း ၄ ခုမှ အာမခံ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကဘဏ်များ၏ စီးပွားရေး လုပ်ငန်းရှင်များသို့ ချေးငွေ ထုတ်ချေးခြင်းမှ အတိုးရငွေများ၊ ငွေလွှဲခနှင့် ဝန်ဆောင်မှုရငွေများ များပြားသည့် အပြင် အသေးစား ချေးငွေလုပ်ကိုင်ခွင့် လိုင်စင်ရအသင်း (NGOs, INGOs) ၄၅ သင်း မှ ချေးငွေကျပ် ၁၅၆ ဘီလီယံကျော် တိုးမြှင့်ထုတ်ချေးခဲ့ခြင်းကြောင့် အတိုးရငွေများမှာ ယခင်နှစ်ထက် များပြားခဲ့ပါသည်။

ကရင်ပြည်နယ် တွင် မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရိုးမဘဏ်တို့သည် လုပ်ငန်းရှင်များသို့ ဘဏ်ချေး ငွေများ တိုးချဲ့ထုတ်ချေးပေးခြင်း၊ ရွှေဖားစည်အိမ်ရာ၊ ဆိုင်ကယ်၊ မိုဘိုင်းဖုန်းများ အရစ်ကျ ရောင်းချခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့မှ အတိုးရငွေများ ရရှိခဲ့ပါသည်။ ထို့ပြင် သမဝါယမ ငွေစုငွေချေးအသင်းများသည် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ခဲ့ခြင်း၊ ဝန်ဆောင်မှု

သမဝါယမအသင်းများမှ မိုတယ် လုပ်ငန်းများသို့ ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ခြင်းတို့ကြောင့် အတိုးရငွေများ မြင့်မားခဲ့ခြင်း ဖြစ်ပါသည်။

မွန်ပြည်နယ် ၏ ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ အပြင် ပုဂ္ဂလိကအသေးစား ချေးငွေလုပ်ငန်း လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်း ၂၁ ဖွဲ့သည် ရပ်ကွက် ပေါင်း ၉၅ ရပ်ကွက်၊ ကျေးရွာပေါင်း ၆၃၀ သို့ ချေးငွေများပိုမို ထုတ်ပေးနိုင်ခြင်း ကြောင့် အတိုးရငွေများ တိုးတက်ရရှိခဲ့ပါသည်။

ရှမ်းပြည်နယ် အတွင်း ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းရှင် များ၏ ငွေလွှဲပို့မှုများ၊ ချေးငွေထုတ်ချေးမှုများ၊ Mobile Banking စနစ်များ၊ Credit Card အသုံးပြုသော စနစ်များ စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက် နိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက် ရရှိခဲ့ပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် စီးပွားရေး လုပ်ငန်းရှင်များထံသို့ ချေးငွေ ထုတ်ချေးမှုအပြင် ကျေးရွာများထိ မြစိမ်းရောင် ချေးငွေစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့် အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရန်၊ ပညာရည် အဆင့်အတန်းမြင့်မားရန်၊ အသက်မွေး ဝမ်းကျောင်း ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်း၍ ဝန်ဆောင်မှုလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းတွင် လူမှုရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၃၃၇,၃၆၃.၀သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၄.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ယာယီစာရင်းများအရ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၄၈၇,၂၂၂.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၁၁.၂ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ (၃ - ၄၇)

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

နိုင်ငံ့ဝန်ထမ်းများ၏လစာကို ၂၀၁၈ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ အရာထမ်းများ လစာ၏ (၁၀)%၊ အမှုထမ်းများလစာ၏ (၂၀)% တိုးမြှင့်ခံစားခွင့်ပြုခြင်း နှင့် နေ့စားဝန်ထမ်းများအတွက် အခကြေးငွေနှုန်းထားကို ၂၀၁၈ ခုနှစ်၊ မေလ(၁၄) ရက်နေ့မှစ၍ ၃၆၀၀ ကျပ်မှ ၄၈၀၀ ကျပ်သို့ တိုးမြှင့် ခံစားခွင့်ပြုခဲ့ပါသည်။


လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ(၃-၄၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ(၆)လ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက် အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည် -

ပုံ(၃-၅၀)

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ**
**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ် အားလုံးမှာ ပြည့်မီစွာ အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လတွင် လူမှုရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ၃၅၈,၅၁၆ ဦးအား လူကုန်ကူးမှု ကြိုတင် တားဆီးကာကွယ်ရေး အသိပညာပေးခြင်းနှင့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်း ၁,၂၉၇ ကြိမ်ကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(ခ) တိုင်းဒေသကြီး/ ပြည်နယ်များသို့ နယ်လှည့် ဆေးကုသရေးအဖွဲ့များ စေလွှတ်ပြီး ဒေသခံ တိုင်းရင်းသားလူနာ စုစုပေါင်း ၁၈၆,၄၁၆ ဦး တို့ကို အခမဲ့ ဆေးဝါး ကုသပေးခဲ့ပါသည်၊

(ဂ) အစီရင်ခံသည့် ကာလအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် လမ်း/ တံတားလုပ်ငန်း ၁၆ ခု၊ ပညာရေးလုပ်ငန်း ၂ ခု၊ ကျန်းမာရေးလုပ်ငန်း ၁ ခု၊ ရေရရှိရေး လုပ်ငန်း ၁၀ ခု၊ စွမ်းအင်လုပ်ငန်း ၂ ခု၊ အိမ်ရာ ဆောက်လုပ်ရေး လုပ်ငန်း ၄ ခု နှင့် ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်း ၁၃ ခုတို့ကို ဆောင်ရွက် နိုင်ခဲ့ပါသည်၊

(ဃ) နယ်စပ်ဒေသရှိ တိုင်းရင်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် အတွက် အခြေခံအိမ်တွင်းမှုသင်တန်း ၊ အဆင့်မြင့် စက်ချုပ် သင်တန်း ၊ ရိုးရာဂျပ်ခုတ် သင်တန်း ၊ အခြေခံ လက်ရက်ကန်း သင်တန်း ၊ သိုးမွေးစက်ဆွဲ သင်တန်း ၊ ဟိုတယ် ဝန်ဆောင်မှုသင်တန်း နှင့် ခေတ်မီမော်တာအထည်ချုပ် သင်တန်း သင်တန်းများ ပို့ချပေးခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့၊ အကူအညီ ဖြင့် လမ်း/တံတား လုပ်ငန်း ၃၀ ခု၊ ကွန်ကရစ်ရေပြွန် ၁၇၈ စင်း၊ အခြေခံကျောင်း ၉၀ ကျောင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၁ ခု၊ ဆေးခန်း ၈ ခု၊ ရေတွင်း ၂၈ ခု၊ တန်ဖိုးနည်း အိမ် ၁,၇၀၀လုံး နှင့် ကျောင်းဆောင် ၂ ဆောင်တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(င) ထားဝယ်ခရိုင်ရုံး၊ လှိုင်ကော်ခရိုင်ရုံး၊ စစ်ကိုင်းခရိုင်ရုံးနှင့် မော်လမြိုင်ခရိုင်ရုံး တို့ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကလေးခရိုင်၊ သာယာဝတီခရိုင်၊ မင်းဘူးခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ကျောက်ဆည်ခရိုင် နှင့် ဖလမ်းခရိုင်တို့တွင် ကလေးစာပေပွဲတော် ကျင်းပခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ ပါ သည်၊

(စ) ပြည်သူများ စာအုပ်စာပေဖတ်ရှု လေ့လာနိုင်စေရန်အတွက် ဒို့ကျေးရွာဂျာနယ် စောင်ရေ ၄၁၇,၀၅၀ စောင်၊ သုတ / ရသ စာအုပ်ပေါင်း၄၀,၀၅၅ အုပ် နှင့် စာပေဗိမာန်မှ ထုတ်ဝေသည့် ဘာသာရပ် (၁၂) မျိုး၊ စာစဉ်စုစုပေါင်း ၄၃၂,၀၀၀ စောင်တို့ကို ဖြန့်ချိပေးနိုင်ခဲ့ပါသည်၊

(ဆ) မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် နိုင်ငံသား အထောက်အထား မတင်ပြ နိုင်သည့် အလုပ်သမားများကို မဟာချိုင်(၁) နှင့် (၂)၊ စမုပရာကန်၊ မဲဆောက်၊ မယ်ဆိုင်၊ ချင်းမိုင်၊ ရနောင်း၊ နခွန်စဝမ် နှင့် ဆောင်ခလာ တို့တွင် စခန်းများ ဖွင့်လှစ်၍ သက်သေခံလက်မှတ် (Certificate of Identity – CI) တို့ကို ထုတ်ပေးခဲ့ပါသည်၊

(ဇ) အလုပ်သမားရေးရာ ပြဿနာများ ဖြေရှင်းပေးရန်နှင့် သတင်းအချက်အလက် များ ဖြန့်ဝေပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ အစည်း (ILO)နှင့် ပူးပေါင်း၍ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျိုင်းတုံနှင့် ထားဝယ်မြို့များတွင် လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမား ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) နှင့် ပူးပေါင်း၍ ရန်ကုန်၊ မော်လမြိုင်၊ မကွေး၊ ဘားအံ၊ စစ်တွေ၊ ပုသိမ်၊ ဟားခါးမြို့များတွင် Complaints Mechanism Center များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) အစီရင်ခံသည့်ကာလအတွင်း လူမှုဖူလုံရေး ယာယီကတ် ၃၇၂,၄၁၉ ကတ်ကို ထုတ်ပေးခဲ့ပြီး ထည့်ဝင်ကြေး ကျပ် ၅၅,၈၅၁.၇၇၅ သန်းမှ အကျိုးခံစားခွင့် ကျပ် ၅,၄၅၄.၃၈၁ သန်း၊ ဆေးကုသမှု အတွက် ကျပ် ၈၅၀.၁၄၈သန်း ၊ ဆေးရုံတက် ခရီးစရိတ် ကျပ် ၃၄.၆၄၇ သန်းတို့ကို ထုတ်ပေးခဲ့ပါသည်၊

(ည) အလုပ်သမားဥပဒေ စစ်ဆေးရေး အရာရှိများသည် စက်ရုံ၊ အလုပ်ရုံပေါင်း ၈,၁၃၂ ရုံရှိ အလုပ်သမား ၃၁၈,၃၅၇ ဦး၊ ဆိုင်နှင့် အလုပ်ဌာန ၁၄,၉၀၇ ဌာနရှိ အလုပ်သမား ၇၇,၆၃၉ ဦး၊ အလုပ်ရုံ စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ ၈,၉၃၀ ရုံရှိ အလုပ်သမား ၃၄၈,၄၅၇ ဦး၊ဆိုင်နှင့်အလုပ်ဌာန ၁၆,၇၈၁ ဌာနမှ အလုပ်သမား ၈၃,၃၁၈ ဦး စစ်ဆေးခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်၊

(ဋ) ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့် ရရှိစေရန်အတွက် အစီရင်ခံသည့် ကာလအတွင်း ကျောင်း ၆,၃၈၆ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ခြင်း၊ ဆရာ၊ ကျောင်းသားအချိုးရရှိရေး ဖော်ဆောင်မှုတွင် မူလတန်း အဆင့် (၁:၂၀)၊ အလယ်တန်း အဆင့်(၁:၂၇)၊အထက်တန်းအဆင့်(၁:၂၆) ရရှိခဲ့ပြီး တိုင်းရင်းသား ဘာသာ စာပေ(၅၀)မျိုး ထိ တိုးချဲ့သင်ကြားနိုင်ခဲ့ပါသည်၊

(ဌ) ပညာသင် ထောက်ပံ့ကြေး စီမံချက်ဝင် မြို့နယ်(၅၅)မြို့နယ်ရှိ (မူ၊ လယ်၊ ထက်) ကျောင်းသားပေါင်း ၁၉၃,၁၄၆ ဦး ၊ ဝေးလံဒေသ ၁၁၆ မြို့နယ်၊ မျက်မမြင် ၇ ကျောင်း၊ နားမကြား ၃ ကျောင်းနှင့် ဒေင်မသန်စွမ်း သက်ငယ်များ ပြုစုရာရိပ်မြုံ တို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၂,၆၇၈ ဦးတို့ကို ထောက်ပံ့ပေးခဲ့ပါသည်၊

(ဍ) သက်မွေးပညာသင်ယူနိုင်သော အခွင့်အလမ်းများ ပိုမိုတိုးချဲ့ရရှိစေရန် စက်မှု နည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE)၊ အစိုးရနည်း ပညာအထက်တန်း ကျောင်း (ကော့သောင်း)တို့ကို ဖွင့်လှစ်ခဲ့ပါသည်၊

(ဎ) တိုင်းရင်းဆေးရုံများတွင် ပြင်ပလူနာ ၁၈၇,၄၃၅ ဦး၊ မြို့နယ်တိုင်းရင်းဆေးကုဌာန တွင် ပြင်ပလူနာ ၃၀၄,၃၆၀ ဦး၊ အတွင်းလူနာ ၉,၇၂၈ ဦးနှင့် ကွင်းဆင်းကုသပေး သည့် လူနာ ၁၆၆,၈၄၇ ဦး တို့ကို ကုသပေးနိုင်ခဲ့ပါသည်၊

(ဏ) ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး၊ တီဘီရောဂါရှာဖွေ တိုက်ဖျက်ရေး၊ အနာကြီးရောဂါ တိုက်ဖျက်ရေး ၊ မျက်မမြင် ကာကွယ် ကုသမှုလုပ်ငန်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(တ) အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် သုတေသန လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ထ) ကလေးပြုစုရေးဌာန ၇ ခုတွင် ကလေးငယ်ပေါင်း ၂၈၅ ဦး ၊ မူလတန်းကြို ကျောင်း ၁၂၃ ကျောင်းတွင် ကလေး ၁၆,၈၆၅ ဦးတို့ကို ပြုစု စောင့်ရှောက်ခြင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁,၀၂၅ ကျောင်းအား ထောက်ပံ့ကြေး ပေးခြင်းနှင့် ကလေးဦးရေ ၃၅,၉၆၅ ဦး အား ပြုစုစောင့်ရှောက်ခဲ့ပါသည်၊

(ဒ) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူငယ်ရိပ်သာ ၂၉ ခု ၊ စေတနာ မူလတန်း ညကျောင်း ၁၇ ကျောင်း ဖွင့်လှစ်၍ လူငယ် ၂,၄၁၁ ဦး ကို မူလတန်း ပညာ သင်ကြားပေးခြင်း၊ အိမ်တွင်းမှု သင်တန်း တက်ရောက်သူ ပျမ်းမျှအားဖြင့် ၆၈၀ ဦး၊ ရပ်ရွာ အခြေပြု အိမ်တွင်းမှု သက်မွေးသင်တန်း ၆၃ ကြိမ် တွင် သင်တန်းသား ၁,၉၄၀ ဦး ကို သင်ကြားပေးခဲ့ပါသည်၊

(ဓ) မသန်စွမ်းသူများအား အသက်အရွယ်နှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် အောက်ပါ သင်တန်းကျောင်းများကို ဖွင့်လှစ်၍ စောင့်ရှောက်ပေးခဲ့ပါသည်-

(၁) မသန်စွမ်း သက်ငယ် သင်တန်းကျောင်း ( ရန်ကုန်မြို့)တွင် ၂၄၀ ဦး၊

(၂) မသန်စွမ်း သက်ငယ် သင်တန်းကျောင်း (မန္တလေးမြို့)တွင် ၁၀၀ဦး၊

(၃) မျက်မမြင်ကျောင်း( ရန်ကုန်)တွင် ၁၈၉ ဦး၊

(၄) မျက်မမြင်ကျောင်း(စစ်ကိုင်း)တွင် ၅၉ ဦး ၊

(၅) နားမကြားသော ကလေးများကျောင်း(မန္တလေး)တွင် ၂၀၆ဦး၊

(၆) နားမကြားသော ကလေးများကျောင်း(ရန်ကုန်)တွင် ၁၂၂ ဦး ။

(န) ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေး သူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ်အရ ချင်းပြည်နယ်၊ နာဂ ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်တို့တွင် အကျိုးခံစားခွင့် ရှိသူ ၈၄,၇၆၈ ဦးတို့ အတွက်ထောက်ပံ့ငွေကျပ် ၇,၃၀၉.၅သန်းထောက်ပံ့ခဲ့ပြီး အသက်(၉၀)နှစ် နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင် ကျပ် ၂,၅၄၁.၆၆၀ သန်းထောက်ပံ့ ပေးနိုင်ခဲ့ ပါသည်၊

(ပ) လူငယ်ရေးရာ မူဝါဒ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် ရေးဆွဲရေးနှင့် လူငယ် ရေးရာ ဗဟိုကော်မတီအားဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(ဖ) အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ Cyclone Shelter ၂ လုံး ၊ School Cum Shelter ၆ လုံး တို့ကို ထောက်ပံ့ခဲ့ပါသည်၊ဘေးဖြစ်ပွားမှု စုစုပေါင်း ၂,၅၀၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုများကြောင့် ပြန်လည်စိုက်ပျိုးရန် တနင်္သာရီတိုင်း ဒေသကြီး နှင့် မွန်ပြည်နယ် သို့ ထောက်ပံ့ပေးခဲ့ပါသည်၊

(ဗ) တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံများသို့ လူကုန်ကူးခံရသူ ၁၆၆ ဦး ကို မိဘနေရပ်သို့ပို့ဆောင်ခြင်း၊ တရုတ်နိုင်ငံသို့ လူကုန်ကူးခံရ သူ ၂၅၃ ဦးကို နောက်ဆက်တွဲ စောင့်ရှောက်မှုပြုလုပ်ခြင်း၊ ပြန်လည် ထူထောင်ရေး ထောက်ပံ့ငွေ ကျပ် ၂၂.၅၀ သန်း နှင့် အမေရိကန်ဒေါ်လာ ၄၉၆၀၀ တို့ကို ထောက်ပံ့ခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်၊

(ဘ) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စာအုပ်များ၊ ဓါတ်ပုံများ၊ ရိုးရာအက ပဒေသာ video ဖိုင်များ စုဆောင်းခြင်းနှင့် အဓိကလူမျိုးစုကြီး ၈ မျိုး၏ ဝတ်စား ဆင်ယဉ်ထုံးဖွဲ့မှုများ၊ အသုံးအဆောင်များနှင့် ရိုးရာတူရိယာ ပစ္စည်းများကို ရှာဖွေ စုဆောင်းကာ အများပြည်သူ လေ့လာနိုင်စေရန် ခင်းကျင်းပြသခဲ့ပြီး ထနော့ တိုင်းရင်းသား မျိုးနွယ်စုအကြောင်း မှတ်တမ်းတင်ခြင်း လုပ်ငန်းတို့ကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်၊

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လတွင်စီမံခန့်ခွဲရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး အတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာ အတည်ပြုခြင်းနှင့် ဖြန့်ဝေခြင်း၊ ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (မူကြမ်း) ရေးဆွဲနိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ခ) ၁၉၆၀ပြည့်နှစ် ၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် ပတ်သက်၍ အိမ်ငှားရမ်းခြင်းဆိုင်ရာဥပဒေ(မူကြမ်း) ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစုပင်လုံ တတိယ အစည်းအဝေး တွင် အချက်(၁၄)ချက်ပါ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို သဘောတူ လက်မှတ် ရေးထိုးခဲ့ပါသည်၊

(ဃ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ နှင့် ရုပ်ရှင်ဥပဒေ(မူကြမ်း) ရေးဆွဲ နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ပုံနှိပ်သူ(၂၈) ဦး၊ ထုတ်ဝေသူ (၁၁၇) ဦး၊ သတင်းအေဂျင်စီ (၂၅)ဦး တို့ကို လုပ်ငန်း လုပ်ကိုင်ခွင့် အသစ်ခွင့် ပြုပေး နိုင်ခဲ့ပါသည်၊

(င) ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအတွက် အမုန်းစကား ကာကွယ်တားဆီးရေး ဥပဒေ၊ မြန်မာနိုင်ငံပြတိုက်များဥပဒေ(မူကြမ်း)နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ် ထိန်းသိမ်းရေးဥပဒေ(ပြင်ဆင်) (မူကြမ်း)တို့ ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ ပါသည်၊

(စ) Visa On Arrival ၅၇,၈၁၄ ဦးတို့ကို ထုတ်ပေးခဲ့ပြီး၊ ကမ္ဘာလှည့်ဗီဇာဖြင့် ၁၁၀,၄၅၈ ဦး၊ လုပ်ငန်းဗီဇာဖြင့် ၂၃,၆၀၂ ဦး၊ အမြန်ကြေးနန်းဖြင့် ဆောင်ရွက်သော ကမ္ဘာလှည့်ဗီဇာဖြင့် ၁၈,၀၅၆ ဦး ဝင်ရောက်ခဲ့ပြီး ပြည်တွင်း နေထိုင်ခွင့် တိုးမြှင့် လျှောက်ထားသူ ၂၅,၈၃၁ ဦး ၊ ပြည်ပြန်ဝင်ဗီဇာ လျှောက်ထားသူ ၁၁,၈၅၀ ဦး၊ မြန်မာနိုင်ငံသားအဖြစ် ပြန်လည် ခံယူခွင့်ပြုရန် လျှောက်ထားသူ ၂၈ ဦး နှင့် နိုင်ငံခြားသား အမြဲ နေထိုင်ခွင့် လျှောက်ထားသူ ၃၇ ဦး တို့ အတွက် ဝန်ဆောင်မှုပေးခဲ့ပါ သည်၊

(ဆ) နိုင်ငံသား စိစစ်ရေး ကတ်ပြား ထုတ်ပေးမှုမှာ အသက်(၁၀)နှစ်ပြည့် ၂၅၉,၂၀၆ ဦး၊ အသက်(၁၈)နှစ်ပြည့် ၃၃၆,၄၈၂ ဦး ၊ အသက်(၁၀)နှစ်ပြည့်မှ အသက်(၁၈) နှစ်ပြည့် ၁၉၄,၃၀၅ ဦးနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ ထုတ်ပေးမှုမှာ ၂၉၄,၆၆၂ ဦး ထုတ်ပေးခဲ့ပါသည်၊

(ဇ) ဧည့်နိုင်ငံသားလက်မှတ် ၂၉ ဦး၊ နိုင်ငံသားပြုခွင့်ရသူ လက်မှတ် ၇၉၄ ဦး၊ နိုင်ငံသားစိစစ် ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card) ၅,၄၇၈ ဦး ထုတ်ပေးခဲ့ပါသည်၊

(ဈ) စံချိန်စံညွှန်းသတ်မှတ်ခြင်း နှင့် အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ကိုက်ညီစေရန် စံချိန်စံညွှန်း ဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ပြင်ဆင်၍ ဥပဒေဆိုင်ရာ အကြံပြုချက် များ ရရှိရန် ဆောင် ရွက်ခဲ့ပါသည်၊

(ည) EU Budget Support ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ နှင့် အစိုးရနည်းပညာ အထက် တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များ

အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် Core Curriculum Development Team နှင့် Working Curriculum Development Team တို့ကို ဖွဲ့စည်းခဲ့ပါ သည်၊

(ဠ) အစီရင်ခံသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် ခုတင်အဆင့်မြှင့်တင်ခြင်း၊ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နှင့် ကန်ပတ်လက်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ (၂)ရုံကို ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံများအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့ပါသည်၊

(ဍ) အစီရင်ခံသည့်ကာလအတွင်း မကွေးမြို့နယ် လျှောင်းတော်ဦးကျေးရွာ၊ ပခုက္ကူမြို့နယ် ဂျိုးပုံကျေးရွာ၊ အောင်လံမြို့နယ် ညောင်အိုင်ကျေးရွာ၊ ကံမမြို့နယ် မုန်းဒါးကြီးကျေးရွာ၊ အလယ်ရွာကျေးရွာနှင့် ပေပင် ကျေးရွာ၊ ကျောက်တော်မြို့နယ် အောင်ဖေယျကျေးရွာနှင့် လမုပင်ကျေးရွာ၊ သုံးခွမြို့နယ် ကုန်းခလာကျေးရွာ၊ နမ့်စန်မြို့နယ် နမ့်ဟူးကျေးရွာ တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများအား အသစ်တိုးချဲ့ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊

(ဎ) အစီရင်ခံသည့်ကာလအတွင်းအောက်ပါ ကျန်းမာရေးဆိုင်ရာ ဥပဒေများ ပြင်ဆင်ရေးနှင့် အသစ်ပြင်ဆင် ရေးဆွဲနိုင်ရေးတို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်-

(၁) လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း၊

(၂) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ၊

(၃) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ။

(ဏ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀) မူကြမ်းကို ရေးဆွဲခဲ့ပါသည်၊

(ဏ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အွန်လိုင်းမှတ်ပုံတင်ခြင်း (Myanmar Company Online Registry- MyCo) စနစ်အား စတင်ကျင့်သုံးခဲ့ပါသည်၊

(တ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် မော်တော်ယာဉ် (၁၆၇၃)စီး၊ မော်တော် ဆိုင်ကယ် (၁၉၃)စီး၊ ယန္တရား (၁၅)စီးနှင့် အခြားပစ္စည်း (၆၇)ခုကို သုံးစွဲနိုင်ရန် အဆင့်သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ် (၁၈၅၀)စီး၊ မော်တော် ဆိုင်ကယ် (၁၄၉၁)စီး၊ ထော်လာဂျီ(၁၂၄)စီး၊ ယန္တရား(၃)စီး၊ ထွန်စက်(၂)စီးနှင့် အခြားပစ္စည်း(၁)ခုတို့အား သံရည်ကျိုဖျက်ဆီးနိုင်ရေးတို့ကို စိစစ်ဆောင်ရွက်ခဲ့ပါ သည်၊

(ထ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်ကို နှစ်စဉ် ဧပြီလမှ မတ်လ အထိ ဆောင်ရွက်ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အောက်တိုဘာလမှ စက်တင်ဘာလ အထိ

ပြောင်းလဲ ဆောင်ရွက်နိုင်ရေးအတွက် Mini ဘတ်ဂျက် အဖြစ် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်၊

(ဒ) ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ်မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်သို့ ပြောင်းလဲရန် ဆောင်ရွက် ခဲ့ပြီး အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကို ပြင်ဆင် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့ ပါသည်၊

(ဓ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ထုတ်ပြန် ပြဋ္ဌာန်းခြင်း၊ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) တို့ကို ပိုမို ထိရောက်စွာ ကျင့်သုံးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်၊

(န) အကောက်ခွန်ဦးစီးဌာနအနေဖြင့် Myanmar Automated Cargo Clearance System (MACCS)စနစ်ကို မြဝတီနယ်စပ်ဒေသတွင် (၅-၆-၂၀၁၈) ရက်နေ့၌ စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်၊

(ပ) ငွေတိုက်ဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါသည်၊

(ဖ) အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို (၁၁) ကြိမ်နှင့် အစိုးရငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို (၆) ကြိမ်ကျင်းပ ခဲ့ပါသည်၊

(ဗ) မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ်၏ အမြတ်ဝင်ငွေတိုးတက် ရရှိစေရေး အတွက် အရည်အသွေး ပြည့်မီသော ချေးငွေ (Quality Loans) များ ထုတ်ချေး နိုင်ရေးအတွက် Term Loan စနစ်ဖြင့် ဘဏ်ချေးငွေများကို စိစစ် ထုတ်ချေးခဲ့ ပါသည်၊

(ဘ) ATM ဝန်ဆောင်မှုလုပ်ငန်းကို Online မှတစ်ဆင့် E-commerce ဝန်ဆောင်မှု ဖြင့်ဆောင်ရွက်ပေးခြင်း၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းနှင့် E-Remittance တို့ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး အငြိမ်းစားများကို E-Pension ကဒ် ၂၉,၉၇၈ ကဒ် ထုတ်ပေးနိုင်ခဲ့ပါသည်၊

(မ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ကျေးလက်နေ တောင်သူ လယ်သမား များ လိုအပ်သော ငွေကြေးအရင်းအနှီးများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေး နိုင်ရန် ရည်ရွယ်၍ ရာသီအလိုက် နှစ်ချင်းဆပ် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခဲ့ပါသည်၊

(ယ) ဖွံ့ဖြိုးရေးချေးငွေအဖြစ် မြန်မာ-ဂျပန် ပူးပေါင်း ဆောင်ရွက်မှု (JICA Two Step Loan) အစီအစဉ်ဖြင့် တောင်သူများသို့ နှစ်တို/ နှစ်ရှည် ချေးငွေများ ထုတ်ချေး ပေးလျက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး နှစ်ဆင့်ချေးငွေ MEB Two Step Loan ကို စိုက်ပျိုး

မွေးမြူရေးလုပ်ငန်းသုံး စက်ကိရိယာချေးငွေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသော စီးပွားရေးလုပ်ငန်း (အထူးသဖြင့် ပို့ကုန် မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး လုပ်ငန်းများ) အတွက် နှစ်တို/ နှစ်ရှည် ချေးငွေများ ထုတ်ချေးပေးခဲ့ပါသည်၊

(ရ) မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် မီးအာမခံ မထားရှိရသေးသော ပြည်သူများသို့ အာမခံနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများပေးခြင်း၊ မြန်မာနိုင်ငံတွင် ချေးငွေအာမခံ အဖွဲ့အစည်း (Credit Guarantee Corporation- CGC) ထူထောင်ရန် Credit Guarantee Corporation Law မူကြမ်း ရေးဆွဲရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်၊

(လ) ကျန်းမာရေးအာမခံလုပ်ငန်း ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် နိုင်ငံ့ဝန်ထမ်း အသက် အာမခံ (ကာလတို) ကို သက်တမ်း ၃ နှစ်၊ ၅ နှစ်၊ ၁၀ နှစ် စသည်ဖြင့် ၂၀-၆-၂၀၁၈ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးခဲ့ပါသည်၊

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လတွင် စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှု အပိုင်းတွင် အောက်ပါ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ထိုင်းနိုင်ငံရောက်မြန်မာ ရွှေ့ပြောင်း လုပ်သားများအတွက် မြန်မာနိုင်ငံကူးလက်မှတ် လာရောက် လျှောက် ထားသူ ၂,၇၆၆ ဦး အား မြန်မာနိုင်ငံကူး လက်မှတ်များ စိစစ်ထုတ်ပေးခဲ့ပါသည်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆောက်အဦး ၁,၀၇၂ လုံးမှ မီးဘေးလုံခြုံရေး စစ်ဆေး အကြံပြုဆောင်ရွက်ပေးခြင်း စစ်ဆေးခအနေဖြင့် ကျပ် ၂,၄၂၁.၆၇သန်းကို နိုင်ငံတော် ဘဏ္ဍာ အဖြစ် ပေးသွင်းနိုင်ခဲ့ပါသည်၊

(ဂ) Digital စနစ် ရုပ်ရှင်ပြသသည့်ရုံများ ပေါ်ထွန်းလာရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ နှင့် ပူးပေါင်း၍ ရုပ်ရှင်ရုံ (၁၀)ရုံကို လိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ ပါသည်၊

(ဃ) ပြည်ပ အလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၁၇၄ ခု မှ ပြည်ပ နိုင်ငံ ၉ နိုင်ငံ သို့ အလုပ်သမား ၁၂၁,၇၅၀ ဦး စေလွှတ်ခဲ့ပါသည်၊

(င) အနည်းဆုံး အခကြေးငွေကို ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

(စ) ၂၀၁၆-၂၀၁၇ ခုနှစ် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်နှင့် ၂၀၁၇ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း(တတိယသုံးလပတ်) အစီရင်ခံစာ ဖြန့်ဝေခဲ့ပြီး နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုင်စင်သစ် ထုတ်ပေးခြင်း ၄၁ ခု၊ လိုင်စင်သက်တမ်းတိုးခြင်း ၁၀၈ ခုတို့ကို ဆောင်ရွက် နိုင်ခဲ့ ပါသည်၊

(ဓ) တိုင်းရင်းဆေးဖြင့် ပြည်သူများကို အထောက်အပံ့ပေးနိုင်ရန်အတွက် တိုင်းရင်း ဆေးဝါး ၄၂၂ ဖုံ အား ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ ပရဆေးကုန်ကြမ်း ၂၅ မျိုးအား စစ်မှန်မှုအား စစ်ဆေးပေးခြင်း၊ မှတ်ပုံတင်ဆေးဝါး ၇၀၅ ဖုံအား တည်မြဲမှုနှင့် သက်တမ်းအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဈ) တင်သွင်းအစားအသောက် ကျန်းမာရေး ထောက်ခံချက် ၊ သွင်းကုန်လိုင်စင် ထောက်ခံချက်၊ တင်ပို့ အစား အသောက် ကျန်းမာရေး ထောက်ခံချက်၊ ပို့ကုန်လိုင်စင် ထောက်ခံ ချက် တို့ကို ထုတ်ပေးခဲ့ပြီး အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်း ၅၀ ခုသို့ ကွင်းဆင်း စစ်ဆေး ခဲ့ပါသည်၊

(ည) ဆေးဝါးမှတ်ပုံတင်ခြင်းကို စိစစ်ခြင်း၊ လက်မှတ်အသစ် ထုတ်ပေးခြင်း ၊ သက်တမ်းတိုးခြင်း၊ အချက်အလက် ပြောင်းခြင်း၊ လုပ်ကိုင်ခွင့်လက်မှတ်အသစ် ထုတ်ပေးခြင်း၊ လုပ်ကိုင်ခွင့် လက်မှတ် သက်တမ်းတိုးခြင်း၊ လုပ်ကိုင်ခွင့် အချက်အလက်ပြောင်းခြင်း၊ ဆေးပစ္စည်း တင်သွင်းခွင့်ထောက်ခံချက်၊ တင်သွင်းခွင့် မှတ်တမ်းတင်ခြင်း တို့ကို ဆောင်ရွက် ပေးခဲ့ပါသည်။

**အခြားဝန်ဆောင်မှုကဏ္ဍ။** အခြားဝန်ဆောင်ကဏ္ဍတွင် ပါဝင်သော ခရီးသွားလာမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် တိုင်းပြည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေသည် သာမက အလုပ်အကိုင် အခွင့်အလမ်းကိုလည်း ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးသည့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှု လုပ်ငန်းများ ပိုမို ဖွံ့ဖြိုး တိုးတက် လာစေရေး အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက် လျက် ရှိပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ အမျိုးသားစီမံကိန်းတွင် အခြားဝန်ဆောင်မှု ကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၃၇၈,၅၀၃.၆ သန်း အကောင် အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ယာယီစာရင်းများအရ အခြားဝန်ဆောင်မှု ကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် ၁,၃၉၆,၉၈၈.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၀၁.၃ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး၊ တိုးတက်မှုနှုန်း အနေဖြင့် ပုံမှန်ဈေးနှုန်းများအရ ၁၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၅၁)**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အခြားဝန်ဆောင်မှုကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအတွင်း ခရီးသွားလုပ်ငန်း ပိုမိုကောင်းမွန်စေရန် အတွက် ပြည်တွင်း ပုဂ္ဂလိကပိုင်လုပ်ငန်း ဟိုတယ် နှင့် တည်းခိုရိပ်သာ ၇၅ လုံးနှင့် အခန်း ၂,၆၂၃ ခန်း၊ နိုင်ငံခြားနှင့်ဖက်စပ် ဟိုတယ် ၁ လုံး၊ အခန်း ၇၄ ခန်း၊ စုစုပေါင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ၇၆ လုံး၊ အခန်း ၂,၆၉၇ ခန်းအား ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်း လိုင်စင် ထုတ်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ အတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား အဆင်ပြေစွာ ပို့ဆောင်ပေးနိုင်ရန် အတွက် ပို့ဆောင်ရေး လုပ်ငန်းလိုင်စင် ၁၁၈ ခု (မော်တော်ယဉ် ၁၁၅ စီး နှင့် ရေယဉ် ၃ စီး)၊ Inbound Tour လုပ်ငန်း အတွက် နိုင်ငံသားပိုင် ခရီးလှည့်လည်ရေး ကုမ္ပဏီ ၁၈၈ ခုကို ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ ဧည့်လမ်းညွှန် (ဒေသ ဆိုင်ရာ ဧည့်လမ်းညွှန် အပါအဝင်) ၂၆၆ ဦးအား လိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁,၅၉၄,၅၃၁ ဦး ဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ်ကာလထက် ခရီးသည် ၂၇,၆၅၂ ဦး တိုးတက်ခဲ့ပါသည်။ ကမ္ဘာလှည့် ခရီးသည်များ သုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ သန်း ၈၂၅.၄၆၈ ရရှိခဲ့သဖြင့် ယခင်နှစ်ကာလထက် အမေရိကန်ဒေါ်လာ သန်း ၁၀.၂၀၂ တိုးတက်ခဲ့ပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍ၏ပုဂ္ဂလိကပိုင်အခန်း ပညာရေးဝန်ဆောင်မှုမှာ ပုဂ္ဂလိကကျောင်း ၇၆၆ ကျောင်း၊ ဘော်ဒါဆောင် လုပ်ငန်း ၃,၆၂၇ ခု ၊ နေ့ကလေးထိန်း လုပ်ငန်း ၂,၁၀၃ ခု တို့ဖြင့် ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။


ကျန်းမာရေး ဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ ၂၅၅ ခု၊ ဆေးကုသခန်း ၆,၃၈၄ ခု၊ တိုင်းရင်းဆေးကုသခန်း ၉၃၆ ခု၊ သွားဆေးကုသခန်း ၁,၀၇၅ ခု တို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်း များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသည့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်သော အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ ဖျော်ဖြေရေးဝန်ဆောင်မှု ရုပ်သံလိုင်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဆံပင်ညှပ်ဆိုင်လုပ်ငန်းများ၊ အိမ်ငှားဝန်ဆောင်မှုလုပ်ငန်း များ၏ ဝန်ဆောင်နိုင်မှုဝင်ငွေများ မှာလည်းပြည်သူတို့၏ လိုအပ်ချက်များအရပိုမို တိုးတက်လာခဲ့ သည်ကို တွေ့ရှိရပါသည်။


အခြားဝန်ဆောင်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## အခြားဝန်ဆောင်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၃-၅၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၅၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ (၆)လ အခြားဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

ပုံ(၃-၅၄)

### ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အခြားဝန်ဆောင်မှုကဏ္ဍ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ (၆) လ အခြားဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှအပ ကျန် တိုင်းဒေသကြီး/ ပြည်နယ် အားလုံးမှာ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

ခရီးသည်ဝင်ရောက်မှုတွင် လေကြောင်းဖြင့် လာရောက်သူများနှင့် အပျော်စီး သင်္ဘောဖြင့် ဝင်ရောက်သူများ တိုးတက်ခဲ့ပြီး နယ်စပ်မှဝင်ရောက်သူများ လျော့နည်းခဲ့ပါသည်။ ပြည်ပ ခရီးသည် ဝင်ရောက်မှုတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့တွင် ပြည်ပခရီးသည် ဝင်ရောက်မှုတိုးတက်ခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် ပြည်ပခရီးသည် ဝင်ရောက်မှုများ လျော့နည်းခဲ့ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း ပြည်တွင်း ခရီးသွားများဝင်ရောက်မှုအနေဖြင့် ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ တို့တွင် ပြည်တွင်းခရီးသည် ဝင်ရောက်မှု တိုးတက်ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် တို့တွင် ပြည်ပခရီးသည် ဝင်ရောက်မှုများ လျော့နည်းခဲ့ပါသည်။

ပြည်တွင်းခရီးသည်များ သုံးစွဲသည့် ဝင်ငွေအနေဖြင့် ကျပ် ၃၆,၇၆၃ သန်း ရရှိခဲ့ပြီး ကချင် ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဝင်ငွေများတိုးတက်ခဲ့ပြီး ကျန်တိုင်းဒေသ ကြီးများ နှင့်ပြည်နယ်များတွင် ဝင်ငွေများ လျော့နည်းခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ။ ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှု တိုးချဲ့ရေး၊ ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန်နှင့် ပုဂ္ဂလိကစွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ရေးမူဝါဒတို့အပေါ် အခြေခံပြီး အသေးစားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်း များမှ ထုတ်ကုန်များဈေးကွက်ရရှိရန် ပြည်တွင်းပြည်ပကုန်စည်ပြပွဲများ ကျင်းပခြင်းဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးဆောင်ရွက်ခြင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) အပါအဝင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရကျပ် ၆,၀၇၁,၉၅၇.၂ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၇.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ယာယီစာရင်းများအရ ကုန်သွယ်မှုကဏ္ဍ၏ ကုန်သွယ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းဖြင့် ကျပ် ၅,၉၈၅,၆၄၅.၄ သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၉၈.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ပုံ ( ၃ - ၅၅ )

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လ

ကုန်သွယ်မှုကဏ္ဍ၏ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သောဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ စက်မှု ကုန်ကြမ်း သီးနှံများနှင့် အလားအလာကောင်းသော ပို့ကုန်များပိုမိုထုတ်လုပ် တင်ပို့နိုင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေး မူဝါဒများချမှတ်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုလွယ်ကူချောမွေ့လာသည်နှင့်အမျှ ဒေသအလိုက် စီးပွားရေးကောင်းမွန်မှု၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမှုနှင့်အတူ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်ဖြစ်ရာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ကုန်ထုတ်ကဏ္ဍများ တိုးတက်လာသကဲ့သို့ ဒေသထွက် ကုန်ပစ္စည်းများ၏ ကုန်သွယ်နိုင်မည့်ပမာဏလည်း နှစ်စဉ်တိုးတက်လာခဲ့ပြီး ကုန်သွယ်မှု တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ၂၀၁၆ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိကျပ် ၄,၆၆၈,၆၈၆.၈ သန်း၊ ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိကျပ် ၅,၂၇၂,၀၀၃.၅ သန်းဖြစ်ပေါ်ခဲ့ပြီး၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိကျပ် ၅,၉၈၅,၆၄၅.၄ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


**ကုန်သွယ်မှုကဏ္ဍ၏နှစ်အလိုက် ဧပြီလမှစက်တင်ဘာလအထိ (၆) လ**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ( ၃ - ၅၆ ) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃ - ၅၇ ) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပြည်ပကုန်သွယ်မှုအခြေအနေ

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်) အမေရိကန်ဒေါ်လာ ၁၃,၇၀၀.၀ သန်း ရည်မှန်းထားပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(ယာယီ)အကောင်အထည်ဖော်မှုတွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၈,၈၂၁.၃ သန်း၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၉,၈၅၈.၀ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၈,၆၇၉.၃ သန်းဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၁၃၆.၃ ရာခိုင်နှုန်းအကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(ယာယီ)တွင် စက်မှုကုန်ချောပစ္စည်းများအမေရိကန်ဒေါ်လာ ၂,၉၈၃.၂ သန်း၊ သဘာဝဓာတ်ငွေ့ အမေရိကန် ဒေါ်လာ ၁,၆၄၉.၄ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများအမေရိကန်ဒေါ်လာ ၁,၂၇၈.၈ သန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများအမေရိကန်ဒေါ်လာ ၁,၀၄၉.၂ သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၂၉၈.၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများအမေရိကန်ဒေါ်လာ ၁၇၈.၃ သန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၉၅.၂ သန်းနှင့် အခြားပစ္စည်းများအမေရိကန် ဒေါ်လာ ၁,၂၈၉.၁ သန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၈,၈၂၁.၃ သန်းပြည်ပသို့ တင်ပို့နိုင် ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (ယာယီ)တွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ၃,၄၅၄.၅ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၇၅၇.၄ သန်း၊ လူသုံးကုန်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၂,၆၄၆.၁ သန်း၊ စုစုပေါင်းအမေရိကန် ဒေါ်လာ ၉,၈၅၈.၀ သန်းတင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံးကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၃၃.၄ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၅.၈ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံနှင့် ၁၀.၇ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၅.၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၄.၃ ရာခိုင်နှုန်း၊ အခြားနိုင်ငံများနှင့် ၂၉.၉ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့်နိုင်ငံများမှာတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၃,၁၂၂.၆ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၅၆၀.၅ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၆၁.၀ သန်း၊ အမေရိကန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၉၃.၁ သန်းနှင့် အိန္ဒိယနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂၉၂.၀ သန်းဖြစ်ပါသည်။

အများဆုံးတင်ပို့သည့် ပို့ကုန်များမှာ ချုပ်ပြီးအထည်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် သတ္တုရိုင်း၊ ကျောက်စိမ်း၊ ပဲအမျိုးမျိုးနှင့် ဆန်တို့ဖြစ်ပါသည်။


သွင်းကုန်အများဆုံးတင်သွင်းသည့်နိုင်ငံများမှာတရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန် ဒေါ်လာ ၃,၁၂၂.၅ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၈၀၆.၈ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၃၉၈.၆ သန်း၊ အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၀၈.၄ သန်းနှင့် မလေးရှားနိုင်ငံမှ အမေရိကန် ဒေါ်လာ ၄၇၈.၄ သန်းတင်သွင်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (ယာယီ) တွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁,၀၃၆.၇ သန်းဖြစ်ပေါ်ခဲ့ ပါသည်။

အများဆုံးတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်း များ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် စားအုန်းဆီ တို့ဖြစ်ကြပါသည်။

၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

ပုံ( ၃- ၅၈ )

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ**
**ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်**
**အကောင်အထည်ဖော်နိုင်မှုတန်ဖိုး(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈ခုနှစ်ဧပြီလမှစက်တင်ဘာလအထိ (၆) လ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်သွယ်မှု ကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို လေ့လာပါက ရန်ကုန်တိုင်း ဒေသကြီးသည် ၃၂.၁% ဖြင့် ပါဝင်မှုအချိုးအစားအများဆုံး ဖြစ်သည်ကိုတွေ့ရပါသည်။

ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများမှတစ်ဆင့် ဈေးကွက်ရရှိရေးနှင့် ပို့ကုန်အမယ်သစ် တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိရာပြည်တွင်းသို့ ပြည်ပနိုင်ငံများမှလာရောက် ကျင်းပခဲ့သည့် ကုန်စည်ပြပွဲ ၁၁ ပွဲ၊ ပြည်ပသို့ သွားရောက်ပြသခဲ့သည့် ကုန်စည်ပြပွဲ ၂၀ ပွဲနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကုန်စည်ပြပွဲ ၁ ပွဲကျင်းပနိုင်ခဲ့ပါသည်။

**ဖြေလျှော့ပေးမှုများနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ**

ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးကို လွှမ်းခြုံနိုင်မည့် ကုန်သွယ်မှုဥပဒေ (မူကြမ်း) ကို World Bank Group ၏ အကူအညီဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း၊ ယှဉ်ပြိုင်မှုနည်းဥပဒေအရ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းပေးနိုင်ရန်အတွက် စီးပွားရေးရာကော်မတီနှင့် ယှဉ်ပြိုင်မှု နည်းဥပဒေ စာအုပ်များနှင့် အသိပညာပေး ကာတွန်းသရုပ်ဖော်စာများကို သက်ဆိုင်ရာဌာန/ အဖွဲ့ အစည်းများသို့ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ပါသည်။

လက်လီ၊ လက်ကားရောင်းချ ဖြန့်ဖြူးသူများအကြား မျှတသောယှဉ်ပြိုင်မှုတိုးတက် စေခြင်းဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျော့ကျပြီးရွေးချယ်ခွင့်ပိုမိုရရှိစေရန်၊ ရောင်းချ ဖြန့်ဖြူးမှုလုပ်ငန်းများ တွင် ကုန်ပစ္စည်းအရည်အသွေးနှင့် ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများ တိုးတက်စေရန်နှင့် ပြည်တွင်း ထုတ်ကုန်များဈေးကွက်ပိုမိုရရှိ၍ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် အတွက် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီများကို ပြည်တွင်း၌ လက်လီ၊ လက်ကားရောင်းချခွင့်ပြုမိန့် ထုတ်ပြန်ခဲ့ ပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်များ ထုတ်ပေးခြင်း နှင့် သက်တမ်းတိုးခြင်း၊ အကောက်ခွန်လွတ် အရောင်းဆိုင် ဖွင့်လှစ်ရောင်းချ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်း၊ Re-export မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်းနှင့် သက်တမ်း တိုးခြင်း၊ မော်တော်ယာဉ်အသစ်များ တင်သွင်းရောင်းချခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ကားအရောင်း စင်တာနှင့် အရောင်းပြခန်း သက်တမ်းတိုးခြင်း၊ ဝိုင် တင်သွင်းခွင့် မှတ်ပုံတင်ကဒ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်း၊နယ်စပ်ကုန်သွယ်ရေးဇုန်/ စခန်းများတွင် တစ်ဦးချင်းကုန်သွယ်ခွင့် မှတ်ပုံတင်လက်မှတ် (Individual Trading Card-ITC) များကို Manual စနစ်ဖြင့် ထုတ်ပေးလျက်ရှိရာမှ Online

Application စနစ်သို့ ပြောင်းလဲဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်မှုများပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ ပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်စေရန် Fully Online Licensing စနစ်ဖြင့် ကုန်ပစ္စည်းအမယ်(၄၃)မျိုးကို လျှော့ချထားခွင့်ပြုခဲ့ရာထပ်မံ၍ ပို့ကုန်ပစ္စည်း(၃၂)လိုင်းနှင့် သွင်းကုန်ပစ္စည်း (၄၉)လိုင်း၊ စုစုပေါင်းကုန်ပစ္စည်းအမယ်(၈၁)မျိုးအား ပို့ကုန်/ သွင်းကုန်လိုင်စင် လျှော့ချထား ရယူနိုင်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးဒုတိယအကြိမ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး ပူးတွဲ ကော်မတီ အစည်းအဝေးတွင် WTO နှင့် ASEAN စည်းမျဉ်းစည်းကမ်းများအရမြန်မာ့ ပို့ကုန်များဖြစ်သည့် ကြက်သွန်နီပျိုးပင်ပေါက်၊ ကြက်သွန်နီ၊အာလူး၊ ပြောင်းနှင့် မြေပဲဆံတို့အပေါ် ထိုင်းနိုင်ငံအနေဖြင့် Duty Free, Quota Free များဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ပြုရေး၊ မြန်မာ့ပို့ကုန် အသစ်ဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်များဈေးကွက်ပိုမိုရရှိရေးနှင့် နှစ်နိုင်ငံ (Standard Operating Procedures-SOP)များထားရှိရေးတို့ သဘောတူညီမှုရရှိခဲ့ပါသည်။ ကျွဲ၊ နွားရောင်းဝယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU) အတွက် တရုတ်နိုင်ငံနှင့် G to G လက်မှတ်ရေးထိုးနိုင်ရေး၊ အမျိုးသားပို့ကုန် မဟာဗျူဟာ၌ လက်မှု အနုပညာ ပစ္စည်းကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်း၍ မြန်မာ့လက်မှုအနုပညာ ပစ္စည်းများ နိုင်ငံတကာ ဈေးကွက်သို့ထိုးဖောက် ဝင်ရောက် နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက် ခဲ့ပါသည်။

နေပြည်တော်ရုံးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၊ MIC ရုံးနှင့် ကုန်သွယ်ရေး စခန်းများဖြစ်သော လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ တမူး၊ ရိဒ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ ကျိုင်းတုံ၊ မောတောင်နှင့် မယ်စဲ့စသည့် ကုန်သွယ်ရေးစခန်းများ၌ အကောက်ခွန်သက်သာခွင့် ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို ထုတ်ပေးခဲ့ပါသည်။ အာဆီယံအဆင့် ဆောင်ရွက်မည့် ထုတ်လုပ် တင်ပို့သူကိုယ်တိုင် ပင်ရင်းသက်သေခံသည့်စနစ် (ASEAN Wide self-certification system) ပေါ်ပေါက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများတွင် လိုက်ပါဆောင်ရွက်လျက် ရှိပါသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့၏ Generalized System of Preferences (GSP) အစီအစဉ်အရပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (Registered Exporter– REX System) ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ဆိုင်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာ့ပို့ကုန်များတင်ပို့လျက်ရှိသော ကုမ္ပဏီများကိုမှတ်ပုံတင် စိစစ်ခွင့်ပြုချက်ထုတ်ပေးခဲ့ပါသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် Article-13 အရ အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှုများ (Non-Tariff Measures-NTMs) ဆိုင်ရာလုပ်ငန်းစဉ်များ၊ ပင်ရင်းဒေသ

စည်းမျဉ်းများ အပါအဝင် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ထင်သာမြင်သာရှိစေရေးအတွက် ကုန်သွယ်မှုအချက်အလက်များဘဏ္ဍာတိုက် တည်ထောင်ရန် ဆောင်ရွက် လျက်ရှိပါသည်။

စားသုံးသူများအကျိုးကို ကာကွယ်နိုင်ရန် စားသုံးသူကာကွယ်ရေးဥပဒေ (မူကြမ်း)ကို အသစ်အစားထိုးပြင်ဆင်ရေးဆွဲ၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် လွှတ်တော်အဆင့်ဆင့်တွင် တင်ပြ၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူ ဘေးကင်းလုံခြုံရေး အတွက် သုံးစွဲရန် အညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးစသည်တို့ကို အဓိကဦးစားပေးထည့်သွင်း ဖော်ပြရမည့် အစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ ကလေးအသုံးအဆောင် ပစ္စည်းများ၊ ဆက်သွယ်ရေး သုံးပစ္စည်းများ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ၊ ဓာတုဗေဒပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းကိရိယာများစသည့် ကုန်စည်များအပေါ်တွင် မြန်မာ ဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက်ဖြစ်စေဖော်ပြရမည့် အမိန့်ကြော်ငြာစာ ကို ထုတ်ပြန် ကြေညာခဲ့ပါသည်။

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို စားသုံးသူကာကွယ်ရေးကော်မတီနှင့် ပူးပေါင်း၍ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) ကိုလိုက်ပါ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူအကာအကွယ်ပေးရန် အသိပညာပေး ဟောပြောပွဲများကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ အစိုးရဌာနများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်ကျေးရွာများတွင် ကျင်းပပြု လုပ်ခဲ့ပါသည်။ စားသုံးသူလုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ ဈေးကွက် စောင့်ကြည့် စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် တားမြစ်သိမ်းဆည်းခြင်းများဆောင်ရွက်ခဲ့ပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (Commodity Testing and Quality Management Center -CTQM) သည် သီးနှံစိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်ပပို့ကုန် လုပ်ငန်းရှင်များမှပေးပို့လာသော သီးနှံနမူနာများ၏ ရူပဓာတုအရည်အသွေး၊ ပိုးသတ်ဆေးကြွင်း ပါဝင်မှုရှိ/မရှိ၊ မှိုဆိပ်ပါရှိမှုနှင့် စားသုံးဆီတို့၏အရည်အသွေးစသော ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှု လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

**ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ )လ အမျိုးသားစီမံကိန်း၏ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စုဝန်ကြီးဌာန(၆)ခုမှ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၄၉၆,၅၅၀.၈၇၇ သန်း လျာထားခဲ့ပါသည်။ စက်တင်ဘာလကုန်အထိ လုပ်ငန်းစီမံကိန်းများ၏ စုစုပေါင်း အသုံးစရိတ် ကျပ် ၃၈၅,၆၆၁.၅၃၈ သန်း သုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက်အပေါ် ၇၇.၆၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှတာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ လျာထားချက်အပေါ် ရာနှုန်းပြည့်နီးပါး သုံးစွဲ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှု အခြေအနေကို ငွေကြေးထုတ်ယူ သုံးစွဲမှုအလိုက် စိစစ်တင်ပြ အပ်ပါသည်။

**(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေအပေါ် ကျပ် ၉၆,၇၄၉.၀၉၂ သန်း ၊ ၈၆.၄၂ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စု ဝန်ကြီးရုံးမှ ကျပ် ၄၉၆.၉၃၄ သန်း နှင့် ၂၇.၂၀ ရာခိုင်နှုန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီး ဌာနမှ ကျပ် ၃၈,၃၀၇.၆၁၂ သန်းနှင့် ၈၈.၀၃ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ကျပ် ၃၂.၈၈၃ သန်းနှင့် ၉၉.၀၈ ရာခိုင်နှုန်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ကျပ် ၂၄.၄၁၉ သန်း နှင့် ၆၅.၂၇ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ကျပ် ၂၁.၇၀၈ သန်းနှင့် ၂၁.၇၁ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးဦးစီး ဌာနမှ ကျပ် ၅၅၅.၉၉၇ သန်း နှင့် ၅၀.၉၉ ရာခိုင်နှုန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ကျပ် ၅၇,၃၀၉.၅၃၉ သန်း နှင့် ၈၇.၆၉ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကိန်း(၁၇)ခုအတွက် ခွင့်ပြုငွေ အပေါ် ၈၈.၀၃ ရာခိုင်နှုန်း သုံးစွဲထားပြီး အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ ဆည်မြောင်း ဖွံ့ဖြိုးရေး စီမံကိန်းတွင် ချေးငွေပမာဏလျှော့ချရေးနှင့် စပ်လျဉ်း၍ အိန္ဒိယဘက်မှ အတည်ပြုချက်ရရှိရေး ညှိနှိုင်းနေဆဲဖြစ်သောကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိခြင်း၊ ရေသွင်းစိုက်ပျိုးမှု ဧရိယာ အပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများတွင် ADB ချေးငွေနှင့် AFD ချေးငွေများဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ တင်ဒါ ခေါ်ယူရေး လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ပါ၍

ADB ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် အတိုင်ပင်ခံစရိတ်သာသုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ (ACIAR ဩစတြေးလျနိုင်ငံ အထောက်အပံ့) ဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံရှိ ဟင်းသီးဟင်းရွက်စိုက်တောင်သူများ လူမှုဘဝ တိုးတက်မြင့်မားရေး အတွက် ဟင်းသီးဟင်းရွက်တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း ကွင်းဆက် စီမံကိန်းအတွက် ဘတ်ဂျက်ရရှိမှု နောက်ကျသဖြင့် ၆၀ ရာခိုင်နှုန်းသာ သုံးစွဲထား ခဲ့ပါသည်။ စိုက်ပျိုးရေး ဦးစီးဌာန အောက်ရှိ စိုက်ပျိုးပညာပေးရေးဌာနခွဲမှ ဆောင်ရွက်သည့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ ပေးရေး စီမံကိန်း(ADSP) ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် ရှေ့တန်းစခန်း ဆောက်လုပ်ခြင်း၊ ကျေးရွာအဆင့်သိုလှောင်ရုံ တည်ဆောက်ခြင်း နှင့် မြို့နယ်အဆင့်သိုလှောင်ရုံ တည်ဆောက်မည့် လုပ်ငန်းများ မြို့နယ်များတွင် မြေနေရာရွေးချယ် သတ်မှတ်ရာ၌ တည်ဆောက်မည့် မြေနေရာအခက်အခဲ ကြောင့် နည်းပညာ ပြန့်ပွားရေးစင်တာများ ဆောက်လုပ်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေအပေါ် ကျပ် ၁၄၇,၇၈၃.၇၂၆ သန်း၊ ၆၄.၁ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှကျပ် ၈,၆၈၄.၃၇၃ သန်းနှင့် ၆၂.၉ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ကျပ် ၉၁၆.၂၂၆ သန်းနှင့် ၁၇.၃ ရာခိုင်နှုန်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ကျပ် ၆၃,၃၇၉.၆၅၉ သန်း နှင့် ၉၇.၈ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားမှ ကျပ် ၅၆,၂၇၇.၄၄၉သန်းနှင့် ၄၆.၇ ရာခိုင်နှုန်း၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၃,၆၅၂.၇၇၀ သန်းနှင့် ၁၁၉.၄ ရာခိုင်နှုန်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ကျပ် ၁၄,၈၇၃.၂၄၉ သန်းနှင့် ၆၄.၇ ရာခိုင်နှုန်းတို့ အသီးသီးသုံးစွဲခဲ့ပြီးဖြစ်ပါသည်။

မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်း (ဂျပန် ODA Loan) သည် လမ်းခင်းကျောက်ဝယ်ယူရာတွင် မိုးရာသီဖြစ်ခြင်းကြောင့် အပြည့်အဝ ဝယ်ယူ၍ မရရှိခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုအခြေအနေပေါ် မူတည်၍ ဆောင်ရွက်ရခြင်း၊ လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းများအတွက် တင်ဒါ ဈေးနှုန်းညှိနှိုင်း ပြီးစီးသော်လည်း စာချုပ်ချုပ်ဆိုနိုင်မှုမရှိသေးခြင်းတို့ကြောင့် အချိန်မီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်လုပ်ငန်းများကို ပြန်လည်အပ်နှံခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း တိုးချဲ့ တပ်ဆင်ခြင်း စီမံကိန်း၏ TCIL CO.,Ltd မှတင်သွင်းသော MICROWAVE Radio Equipment &

Service စက်ပစ္စည်းများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထုတ်ယူရန်လျာထားခဲ့ရာ စက်ပစ္စည်းများမှာ ၂၀၁၈ ခုနှစ် ဧပြီလမှသာ ရောက်ရှိလာသောကြောင့် ရန်ပုံငွေလွှဲပြောင်း သုံးစွဲရသဖြင့် လျာထားချက်ထက် ကျော်လွန်၍ ၁၉၄.၈၅ ရာခိုင်နှုန်းထိ သုံးစွဲရခြင်းဖြစ်ပါသည်။ ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြင့် တင်ခြင်း စီမံကိန်းဈေးငွေဖြင့်ဝယ်ယူမည့် စက်ပစ္စည်းများအတွက် တင်ဒါခေါ်ယူ စိစစ်ရာတွင် နည်းပညာပိုင်း ဆိုင်ရာ စိစစ်ချက် နှောင့်နှေးမှုကြောင့် Consultant Fee အတွက် လျာထားသော Expert Development Schedule မှာလည်း ခန့်မှန်း သည်ထက် နောက်ကျ သွားသဖြင့် လျာထားချက်အောက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအနက် မြန်မာ နိုင်ငံဒေသမရွေး ဆက်သွယ်ရေးဝန်ဆောင်မှုရရှိရေး ပြုလုပ်ပေးမည့် Universal Service Fund တည်ထောင်နိုင်ရေး လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့်လည်းကောင်း၊ Consultant Fee ပေးချေရာတွင် လုပ်ငန်းဆောင်ရွက်ချက်အပေါ် မူတည်၍ ပေးချေရပါသဖြင့် လျာထားချက် အောက် သုံးစွဲမှုလျော့နည်းရခြင်းဖြစ်ပါသည်။

**(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်း (၂၁) ခုအတွက် ခွင့်ပြုငွေကျပ် ၆,၂၁၄.၉၆၅ သန်းအပေါ် ကျပ် ၁,၆၄၀.၆၃၃ သန်းသုံးစွဲပြီးဖြစ်၍၊ ၂၆.၄၀ ရာခိုင်နှုန်းသာ အကောင် အထည်ဖော် သုံးစွဲနိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

သစ်တောဦးစီးဌာန၏ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများဖြစ်သည့် တနင်္သာရီသဘာဝ ကြိုးဝိုင်း စီမံကိန်းတွင် ၈၉.၄၅ ရာခိုင်နှုန်း၊ အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့် ပညာပေးရေးသင်တန်းကျောင်း (AfoCo RETC) တည်ထောင်ခြင်း စီမံကိန်းတွင် ၉၂.၃၇ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းများဆောင်ရွက် ရာတွင် ဆက်စပ်ပတ်သက်သူများ စွမ်းဆောင်ရည် မြင့်မားရေးစီမံကိန်း (KFS REDD+) တွင် ၆၅.၄၆ ရာခိုင်နှုန်း၊ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများ စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်းစီမံကိန်း(NEA)တွင် ၉၈.၄၃ ရာခိုင်နှုန်း၊ လက်ထုတ်နှင့်ထက်လန်းကန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စီမံကိန်း (JIFPRO) တွင် ၅၅.၇၅ ရာခိုင်နှုန်း၊ ပင်လယ်ကမ်း ရိုးတန်းနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေစွာနေထိုင်နိုင်ရန် ဒီရေရောက်သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်းတွင် ၃၅.၁၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ရေသယံဇာတ အရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်တန်း ပေးခြင်း စီမံကိန်း(IWRM)၊ ဟိမဝန္တာတောင်တန်းဒေသအတွင်း သစ်တောပြုန်းတီးမှုနှင့် သစ်တော

အတန်းအစား ကျဆင်းမှုမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချ ခြင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများ အသုံးချတတ်စေခြင်း စီမံကိန်း (ICIMOD)တို့တွင် ရာခိုင်နှုန်းပြည့်မီစွာ အကောင်အထည် ဖော်နိုင်ကြောင်း တွေ့ရှိရပါသည်။ အပင်မျိုးစိတ်နှင့် သစ်တောမျိုးစေ့များ ထိန်းသိမ်းစောင့်ရှောက်ခြင်း စီမံကိန်း (KNA) မှာ ၂၀၁၈ ခုနှစ် အတွက် စီမံကိန်းရန်ပုံငွေလွှဲပို့ခြင်း မရှိသေးပါ၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပြန်လည်အပ်နှံထားကြောင်း တွေ့ရှိရပါသည်။

လုပ်ငန်းစီမံကိန်းသစ်များအနေဖြင့် တနင်္သာရီတောင်တန်းဒေသတွင် နယ်စပ် ဖြတ်ကျော် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းမှု မြှင့်တင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း (ITTO)တွင် ၇၇.၁၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ အပင်မျိုးစိတ်များ စာရင်း ကောက်ယူခြင်း နှင့် စီးပွားဖြစ် ရုက္ခဗေဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (FD-MBK) ၊ သစ်တောသုတေသနဌာန စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (FAO)နှင့် မြန်မာနိုင်ငံ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း စီမံကိန်း (IC-MNFI) များကို ရာခိုင်နှုန်းပြည့်မီစွာ အကောင်အထည်ဖော်နိုင်ကြောင်း တွေ့ရှိ ရပါသည်။

သစ်တောဦးစီးဌာန၏ လုပ်ငန်းစီမံကိန်းသစ်များမှ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း Global Conservation အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း (GC)၊ သစ်တောဂေဟစနစ် ဘက်စုံ စီမံအုပ်ချုပ်ခြင်း သရုပ်ပြစီမံကိန်း (APFnet) နှင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည် တည်ထောင်ခြင်း စီမံကိန်းကို အထောက်အကူပြုသည့် သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်း နည်းစနစ်ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်သည့် နမူနာပြ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စီမံကိန်းများမှာ အချိန်မီ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း မရှိ၍ ရန်ပုံငွေပြန်လည်အပ်နှံထားပါသည်။ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့၏ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုအစီအစဉ်၊ မြန်မာ-ယူကေ သစ်တော ဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတို့မှာ နည်းပညာ အကူအညီမရရှိနိုင်ခြင်းကြောင့် ပြန်လည်အပ်နှံခြင်းဖြစ်ပါသည်။ နိုင်ငံအဆင့် သစ်တော သယံဇာတ စာရင်းကောက်ယူခြင်း၊ နိုင်ငံအဆင့် သစ်တောအဆင့် စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းအချက် အလက်စနစ် တည်ထောင်ခြင်း ဆိုင်ရာစီမံကိန်း (NFI/NFMIS)မှာ အချိန်မီ ညှိနှိုင်းဆောင်ရွက် နိုင်ခြင်း မရှိ၍ ရန်ပုံငွေ ပြန်လည် အပ်နှံထားကြောင်း တင်ပြထားပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် လုပ်ငန်းစီမံကိန်း (၁၉)ခုအတွက် ခွင့်ပြုငွေကျပ် ၆,၁၈၀.၄၆၅ သန်း အနက် ကျပ် ၁,၅၀၄.၂၀၈သန်း၊ ၂၄.၃၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ အသုံးစရိတ် လျော့နည်းရခြင်းမှာ စီမံကိန်းအချို့သည် ဘဏ္ဍာနှစ်ကူးပြောင်းကာလ ဖြစ်သည့်အတွက် လုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ရန်ပုံငွေလွှဲပို့မှုမရှိခြင်း၊ နောက်ကျခြင်းနှင့် နည်းပညာ အကူအညီရရှိမည့်

စီမံကိန်းအချို့မှာ ညှိနှိုင်းဆောင်ရွက်ရမှု နောက်ကျခြင်းကြောင့် သုံးစွဲမှုလျော့နည်းခြင်းဖြစ်ပြီး ကျန် ရန်ပုံငွေ ကျပ် ၄,၆၇၆.၂၅၇ သန်းကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပြန်လည် အပ်နှံပြီးဖြစ်ပါ သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ လုပ်ငန်းစီမံကိန်းသစ်ဖြစ်သော တောင်အာရှနှင့် အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံများ မြန်မာနိုင်ငံ စွမ်းအားမြှင့် မီးဖိုများဖြန့်ဝေရေးစီမံကိန်း(CCC Project)မှာ မူလလျာထားချက်တွင် မပါဝင်သော်လည်း ကာဗွန်ထုတ်လုပ်မှုကို အမြန်ဆုံးလျှော့ချနိုင်မည့် စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေ ရေး စီမံကိန်းကို စတင်ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၅,၀၀၀ တိတိ နှင့် ညီမျှသည့် မြန်မာငွေကျပ် ၁၀၁.၉၂၅ သန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ အရေးပေါ် ရန်ပုံငွေမှ လွှဲပြောင်းရယူသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

ထို့အတူ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် Sheffield University နှင့် ပူးပေါင်းဆောင်ရွက် သည့် မြန်မာ့ဆင်သုတေသနလုပ်ငန်းစီမံကိန်း၏ လျာထားချက်အပေါ် ငွေကျပ် ၃၄.၅၀၀ သန်းကို ရာခိုင်နှုန်း ပြည့် သုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

**(ဃ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

၂၀၁၈ ခုနှစ် ၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၉၆,၂၅၀.၂၉၃ သန်း၊ ၉၁.၇ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကျပ် ၄၄,၃၈၈.၅၆၆ သန်းနှင့် ၈၈.၈ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ် အကောင် အထည် ဖော်ရေး ဦးစီးဌာနမှ ကျပ် ၂၅,၁၂၅.၃၇၃ သန်းနှင့် ၉၉.၃ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ကျပ် ၂၆,၇၃၆.၃၄၄ သန်းနှင့် ၉၀.၁ ရာခိုင်နှုန်း တို့ သုံးစွဲခဲ့ပြီးဖြစ်ပါသည်။

အချို့စီမံကိန်းများတွင် နိုင်ငံခြားငွေ သုံးစွဲခွင့်ပြုမိန့်မရရှိခြင်း၊ အကြံပေးဝန်ဆောင်မှု လုပ်ငန်း များ ဆောင်ရွက်ရာတွင် အမှန်သုံးစွဲနိုင်မှုပမာဏမှာ ခန့်မှန်းလျာထားမှုအောက် လျော့နည်း ခဲ့ပါသဖြင့် လျော့နည်းသုံးစွဲရခြင်း၊ သထုံစက်ရုံစက်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် အကြံပေး လုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်များ ရရှိခဲ့ပါသဖြင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

အသုံးစရိတ်များသုံးစွဲခြင်း မရှိသေးသည့် စီမံကိန်း (၂)ခုရှိရာ အဆိုပါစီမံကိန်းမှာ လျှပ်စစ် ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဖြစ်ပါသည်။ ၅၀၀ ကေဗွီတောင်ငူ-ကမာနတ် ဓာတ်အားလိုင်း၏ အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် တင်ဒါ ခေါ်ဆိုခဲ့ပြီး နည်းပညာနှင့် ဈေးနှုန်းများ စိစစ်ထားသည့် Combined Evaluation Report အား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့သို့ တင်ပြထားဆဲဖြစ်ပါသဖြင့် စာချုပ်ပါ ငွေပေးချေမှုစနစ်အရ 2nd Payment ပေးချေနိုင်မှု မရှိခြင်းနှင့် Infrastructure Development Project in Thilawa Area

Phase -I Japan ODA Loan မှာ သီလဝါ SEZ မှ ထပ်မံ တောင်းခံထားသော Feeder များ ထပ်မံ တိုးချဲ့ခြင်းအတွက် စာချုပ်ပြင်ဆင် ချုပ်ဆိုရန် ညှိနှိုင်းဆဲဖြစ်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

**(င) စက်မှုဝန်ကြီးဌာန**

၂၀၁၈ ခုနှစ် ၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လတွင် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုလျာထားချက် ကျပ် ၃၇,၄၈၇.၆၇၅ သန်း အပေါ် ကျပ် ၃၇,၈၉၁.၃၆၂ သန်း ၊ ၁၀၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုသင်တန်းကျောင်း(သထုံ)စီမံကိန်း၏ ခွင့်ပြုလျာထားချက် ကျပ် ၃၅.၀၀၀ သန်းအပေါ် ကျပ် ၂၉.၅၀၀ သန်း၊ ၈၄.၂၉ ရာခိုင်နှုန်းနှင့် စက်မှုသင်တန်းကျောင်း(မုံရွာ) စီမံကိန်း၏ ခွင့်ပြုလျာထားချက် ကျပ် ၅၀၀.၀၀၀ သန်း အပေါ် ကျပ် ၄၁၉.၀၀၀ သန်း ၊ ၈၃.၈ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်း၏ ခွင့်ပြုလျာထားချက် ကျပ် ၃၆,၂၁၅.၀၂၈ သန်းအပေါ် ကျပ် ၃၆,၉၆၄.၃၁၉သန်း ၊ ၁၀၂.၀၇ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရာခိုင်နှုန်းကျော်လွန်ရခြင်းမှာ အတိုးနှင့် ကတိခံကြေးစရိတ်သည် လျာထားချက်ထက် ပိုမိုကုန်ကျ သုံးစွဲရသဖြင့် အထွေထွေ ပိုလျှံရန်ပုံငွေ (GRF)မှ တင်ပြထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အမှတ်(၂) သံမဏိ စက်ရုံ(ပင်းပက်) စီမံကိန်း ၏ ခွင့်ပြုလျာထားချက် ကျပ် ၃၅၉.၂၉၇ သန်း အပေါ် ကျပ် ၃၅၈.၈၅၉ သန်း၊ ၉၉.၈၈ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုနယ်မြေ(သထုံ)စီမံကိန်း၏ ခွင့်ပြုလျာထားချက် ကျပ် ၁၈၁.၀၀၀ သန်း အပေါ် ကျပ် ၁၁၉.၆၈၄ သန်း ၊ ၆၆.၁၂ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းများတွင် တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပြီး တင်ဒါကော်မတီ၏ ဈေးနှုန်းစိစစ်ချက်အရ ပိုငွေများကို ပိုလျှံရန်ပုံငွေ (GRF) သို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စီမံကိန်းမှာ ၂၀၁၈ ခုနှစ် (၆)လတွင် လုပ်ငန်း စီမံကိန်းပြီးဆုံးပြီးဖြစ်သဖြင့် ခွင့်ပြုလျာထားငွေအားလုံးကို ပိုလျှံရန်ပုံငွေ (GRF) သို့ ပြန်လည် အပ်နှံခဲ့ပြီးဖြစ်ပါသည်။

**(စ) ဆောက်လုပ်ရေးဝန်ကြီးဌာန**

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်အပေါ် ကျပ် ၅,၃၄၆.၄၄၂ သန်း၊ ၉၈.၈၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း (၆) ခုအနက် ရေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း Infrastructure နှင့်အောင်မြင့်မိုရ်အိမ်ရာစီမံကိန်းတို့တွင် ရာခိုင်နှုန်းပြည့် သုံးစွဲနိုင်ကြောင်း တွေ့ရှိ

ရပါသည်။ ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂) Infrastructure တွင် ၉၀.၅၄ ရာခိုင်နှုန်း၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်း(၁)အပိုင်း(၁) Infrastructure တွင် ၉၇.၉၄ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ အိမ်ရာစီမံကိန်း Infrastructure တွင် ၉၉.၃၁ ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်း၊ ပုသိမ်မြို့ ဥမ္မာဒန္တီ တန်ဘိုးနည်း အိမ်ရာစီမံကိန်း Infrastructure တွင် ၉၆.၂၀ ရာခိုင်နှုန်းတို့ သုံးစွဲထားပြီး ခန့်မှန်းထားသည့် အတိုင်း လုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီး တင်ဒါခေါ်ယူဆောင်ရွက်ခြင်းကြောင့် သုံးစွဲမှုတွင် လျော့နည်းရခြင်းဖြစ်ပါသည်။

## ဇယား ( ၃-၁ )

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီးရာခိုင်နှုန်း | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | ပြည်ထောင်စုဝန်ကြီးရုံး | ၁,၈၂၆.၈၅၁ | ၄၉၆.၉၃၄ | ၂၇.၂၀ | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၁,၈၂၆.၈၅၁ | ၄၉၆.၉၃၄ | ၂၇.၂၀ | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁,၈၂၆.၈၅၁ | ၄၉၆.၉၃၄ | ၂၇.၂၀ | |
| | | ၁ | မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်း | ၁,၈၂၆.၈၅၁ | ၄၉၆.၉၃၄ | ၂၇.၂၀ | ၂၀၁၄-၂၀၁၅ |
| | | | စီမံကိန်း(FARM Project) IFADချေးငွေ | | | | |
| | | | (၁) စီမံကိန်းဒါရိုက်တာအပါအဝင်စီမံကိန်းဝန်ထမ်းလစာ | ၃၃၉.၇၈၃ | ၁၁၄.၁၂၆ | ၃၃.၅၉ | |
| | | | (၂) ခရီးစရိတ်များ | ၁၉.၄၅၈ | ၅.၀၁၀ | ၂၅.၇၅ | |
| | | | (၃) စီမံခန့်ခွဲမှု လုပ်ငန်းများ၊ ရုံးအသုံးအဆောင်ပစ္စည်း | ၃၄၆.၁၀၆ | ၁၂၆.၇၁၇ | ၃၆.၆၁ | |
| | | | (၄) စံပြကွက်များ ပြုလုပ်ခြင်း | ၅၈.၂၉၁ | ၂၉.၇၈၉ | ၅၁.၁၀ | |
| | | | (၅) သင်တန်းများဖွင့်လှစ်ခြင်း | ၁၉၁.၇၅၂ | ၁၂.၂၀၃ | ၆.၃၆ | |
| | | | (၆) ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာကဏ္ဍသုံးစွဲခြင်း | ၈၁၅.၅၈၀ | ၁၈၅.၅၅၀ | ၂၂.၇၅ | |
| | | | (၇) စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၅၅.၈၈၁ | ၂၃.၅၃၉ | ၄၂.၁၂ | |
| ၂ | | | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၄၃,၅၁၄.၂၇၁ | ၃၈,၃၀၇.၆၁၂ | ၈၈.၀၃ | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၄၃,၅၁၄.၂၇၁ | ၃၈,၃၀၇.၆၁၂ | ၈၈.၀၃ | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၄၃,၅၁၄.၂၇၁ | ၃၈,၃၀၇.၆၁၂ | ၈၈.၀၃ | |
| | | ၁ | ဖြူးချောင်းရေလှောင်တမံ | ၁,၃၀၀.၀၀၀ | ၁,၃၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၀၀-၂၀၀၁ |
| | | ၂ | မုန်းချောင်းရေလှောင်တမံ၏ပင်မရေပိုလွှဲအကြီးစား | ၅၆၉.၀၀၀ | ၅၆၉.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | ပြုပြင်ခြင်းနှင့်အကူရေပိုလွှဲတည်ဆောက်ခြင်း | | | | |
| | | ၃ | ကျိုင်းခမ်းရေလှောင်တမံ | ၁၀,၀၀၀.၀၀၀ | ၉,၄၅၀.၀၀၀ | ၉၄.၅၀ | ၂၀၀၅-၂၀၀၆ |
| | | ၄ | ကညင်ရေလှောင်တမံ | ၈၀၀.၀၀၀ | ၈၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၀၂-၂၀၀၃ |
| | | ၅ | အင်းလေးကန်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်စိမ်းလန်းစိုပြည်ရေး | ၂၅၀.၀၀၀ | ၂၅၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | ၆ | တာတမံများတောင့်တင်းခိုင်မာအောင်ပြုပြင်ခြင်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | ၇ | ရေကြီးနှစ်မြုပ်မှုလျော့ပါးစေရေးဆောင်ရွက်သောလုပ်ငန်းများ | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | ၈ | ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန | ၁၀၀.၀၀၀ | ၉၉.၉၉၆ | ၁၀၀.၀၀ | နှစ်စဉ် |
| | | ၉ | ဆောင်ရွက်ရန်စီမံကိန်းသစ်များအတွက်စူးစမ်းလေ့လာခြင်း | ၂၅၀.၀၀၀ | ၂၄၉.၉၉၉ | ၁၀၀.၀၀ | နှစ်စဉ် |
| | | ၁၀ | စိုက်ပျိုးရေစက်ရေတွင်းတူးဖော်ခြင်းø (၁၀")၁၅တွင်းတူးဖော်ခြင်း | ၈၀.၀၀၀ | ၇၉.၉၅၈ | ၉၉.၉၅ | |
| | | ၁၁ | အရာတော် (၃)မြစ်ရေတင်စီမံကိန်း | ၆၁၀.၀၀၀ | ၄၆၈.၆၆၅ | ၇၆.၈၃ | ၂၀၀၂-၂၀၀၃ |

# ဇယား (၃-၁) အဆက်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၂ | **အိန္ဒိယ ချေးငွေဖြင့်ဆောင်ရွက်သည့်မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းများ** | ၂,၁၇၀.၄၃၀ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၁) ရဲနွယ်ဆည်ရေသောက်တည်ဆောက်ခြင်း | ၁,၀၀၀.၀၀၀ | | | ၂၀၁၄-၂၀၁၅ |
| | (၂) ကွန်းချောင်းဆည်ရေသောက်တည်ဆောက်ခြင်း | ၁,၀၀၀.၀၀၀ | | | ၂၀၁၄-၂၀၁၅ |
| | (၃) အတိုင်ပင်ခံကုန်ကျစရိတ် | ၁၇၀.၄၃၀ | | | |
| ၁၃ | **ဂျပန်နိုင်ငံODAချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ** | ၂၀,၂၄၂.၃၅၄ | ၂၀,၁၆၅.၆၈၄ | ၉၉.၆၂ | |
| | (၁) တောင်နဝင်းရေသောက်စနစ်တူးမြောင်းများအဆင့်မြှင့်တင်ပြုပြင်ခြင်း | ၈,၀၀၀.၀၀၀ | ၈,၀၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၄-၂၀၁၅ |
| | (၂) မြောက်နဝင်းရေသောက်စနစ်တူးမြောင်းများအဆင့်မြှင့်တင်ပြုပြင်ခြင်း | ၃,၈၀၀.၇၂၈ | ၃,၈၀၀.၇၂၈ | ၁၀၀.၀၀ | ၂၀၁၄-၂၀၁၅ |
| | (၃) ဝဲကြီးတူးမြောင်းအဆင့်မြှင့်တင်ပြုပြင်ခြင်း | ၃,၇၀၀.၀၀၀ | ၃,၇၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၅-၂၀၁၆ |
| | (၄) တောင်ညိုဆည်ရေသောက်စနစ်တူးမြောင်းများအဆင့်မြှင့်တင်ပြုပြင်ခြင်း | ၅,၀၀၀.၀၀၀ | ၅,၀၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၅-၂၀၁၆ |
| | (၅) အတိုင်ပင်ခံကုန်ကျစရိတ် | ၇၄၁.၆၂၆ | ၆၆၄.၉၅၆ | ၈၉.၆၆ | |
| ၁၄ | **IFAD ချေးငွေ/ထောက်ပံ့ငွေဖြင့်ကျေးလက်ဒေသဆင်းရဲသားများဝင်ငွေတိုးတက်မြင့်မားရေးအတွက်ဘက်စုံလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (ပထမအဆင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း) ချေးငွေ** | **၉၄၄.၉၅၇** | **၇၃၄.၅၇၅** | **၇၇.၇၄** | |
| | (၁) ပေါင်းလောင်းဆည်ရေသောက်စနစ်တွင်စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းနှင့်တူးမြောင်းစနစ်ပြုပြင်မွမ်းမံခြင်း | ၇၀၀.၀၀၀ | ၆၁၇.၀၃၇ | ၈၈.၁၅ | ၂၀၁၄-၂၀၁၅ |
| | (၂) ချောင်းမငယ်ဆည်ရေသောက်စနစ်တွင်စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းနှင့်တူးမြောင်းစနစ်ပြုပြင်မွမ်းမံခြင်း | ၁၇၅.၉၅၇ | ၁၁၇.၅၃၈ | ၆၆.၈၀ | ၂၀၁၆-၂၀၁၇ |
| | (၃) အတိုင်ပင်ခံကုန်ကျစရိတ် | ၆၉.၀၀၀ | | | |
| ၁၅ | ရေသွင်းစိုက်ပျိုးမှု ဧရိယာအပါအဝင် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ADB ချေးငွေ ) | ၁,၇၅၆.၃၆၀ | ၁၁၉.၃၄၁ | ၆.၇၉ | |
| | (၁) မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ချောင်းမကြီးဆည်ရေသောက်စနစ်ပြုပြင်ခြင်း | ၈၀၀.၀၀၀ | | | |
| | (၂) မကွေးတိုင်းဒေသကြီး ၊ နတ်မောက်မြို့နယ် ၊ နတ်မောက်ဆည်ရေသောက်စနစ်ပြုပြင်ခြင်း | ၆၅၀.၀၀၀ | | | |
| | (၃) အတိုင်ပင်ခံကုန်ကျစရိတ် | ၃၀၆.၃၆၀ | ၁၁၉.၃၄၁ | ၃၈.၉၅ | |

# ဇယား (၃-၁) အဆက်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | ၁၆ | **AFD ချေးငွေ** | ၄၀၀.၀၀၀ | | | |
| | | | (၁) မကွေးတိုင်းဒေသကြီး ၊ နတ်မောက်မြို့နယ် ၊ နတ်မောက်ဆည်ရေသောက်စနစ်ပြုပြင်ခြင်း | ၄၀၀.၀၀၀ | | | |
| | | ၁၇ | မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်း (ADSP) World Bank ချေးငွေ | ၂,၀၄၁.၁၇၀ | ၂,၀၂၀.၃၉၄ | ၉၈.၉၈ | |
| | | | (၁) မြောက်ယမားဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်ခြင်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | (၂) ဆင်သေဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်ခြင်း | ၅၀၀.၀၀၀ | ၄၉၉.၂၉၃ | ၉၉.၈၆ | ၂၀၁၆-၂၀၁၇ |
| | | | (၃) မာလဲနတ်တောင်ဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်ခြင်း | ၁၀၀.၀၀၀ | ၁၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | (၄) ဆွာချောင်းဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်ခြင်း | ၂၀၀.၀၀၀ | ၂၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | (၅) အတိုင်ပင်ခံကုန်ကျစရိတ် | ၇၄၁.၁၇၀ | ၇၂၁.၁၀၁ | ၉၇.၂၉ | |
| ၃ | | | **စက်မှုလယ်ယာဦးစီးဌာန** | ၃၃.၁၈၈ | ၃၂.၈၈၃ | ၉၉.၀၈ | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၃၃.၁၈၈ | ၃၂.၈၈၃ | ၉၉.၀၈ | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၃၃.၁၈၈ | ၃၂.၈၈၃ | ၉၉.၀၈ | |
| | | ၁ | **Agriculture Development Support Project (World Bank Loan)** | ၂၄.၅၆၃ | ၂၄.၄၈၃ | ၉၉.၆၇ | ၂၀၁၆-၂၀၁၇ |
| | | | ၁။ သရုပ်ပြပွဲစရိတ် | ၄.၁၃၀ | ၄.၀၆၆ | ၉၈.၄၅ | |
| | | | ၂။ သင်တန်းစရိတ် | ၂၀.၄၃၃ | ၂၀.၄၁၇ | ၉၉.၉၂ | |
| | | ၂ | **Joint Research of Farm Machineries (AGM S&E Co;Ltd, Korea) အထောက်အပံ့** | ၈.၆၂၅ | ၈.၄၀၀ | ၉၇.၃၉ | ၂၀၁၇-၂၀၁၈ |
| | | | ၁။ သုတေသနလုပ်ငန်းသုံးကုန်ကျစရိတ် | ၈.၆၂၅ | ၈.၄၀၀ | ၉၇.၃၉ | |
| ၄ | | | **ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်** | ၃၇.၄၁၅ | ၂၄.၄၁၉ | ၆၅.၂၇ | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၃၇.၄၁၅ | ၂၄.၄၁၉ | ၆၅.၂၇ | |
| | ၁ | | **လုပ်ငန်းစီမံကိန်းသစ်များ** | ၃၇.၄၁၅ | ၂၄.၄၁၉ | ၆၅.၂၇ | |
| | | | **( ACIAR ဩစတြေးလျနိုင်ငံ အထောက်အပံ့ )** | ၃၇.၄၁၅ | ၂၄.၄၁၉ | ၆၅.၂၇ | |
| | | ၁ | မြန်မာနိုင်ငံအလယ်ပိုင်းခြောက်သွေ့ဇုန်အတွင်းရှိမြေအရင်းအမြစ်၏ထုတ်လုပ်နိုင်စွမ်းနှင့်ပြောင်းလဲပျက်စီးမှုများကိုလေ့လာသုံးသပ်ခြင်းစီမံကိန်း (Land resource evaluation for productive and resilient landscapes in the Central Dry Zone ) | ၆.၂၁၀ | ၅.၆၈၂ | ၉၁.၅၀ | ၂၀၁၈ |
| | | ၂ | မြန်မာနိုင်ငံရှိ ဟင်းသီးဟင်းရွက်စိုက်တောင်သူများလူမှုရေးဘဝတိုးတက်မြင့်မားရေးအတွက် ဟင်းသီးဟင်းရွက်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်းကွင်းဆက်စီမံကိန်း (Improving Livelihoods in Myanmar and Vietnam through Vegetable Chains) | ၃၁.၂၀၅ | ၁၈.၇၃၇ | ၆၀.၀၄ | ၂၀၁၈ |

# ဇယား (၃-၁) အဆက်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၅ | | | | စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ၁၀၀.၀၁၀ | ၂၁.၇၀၈ | ၂၁.၇၁ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၁၀၀.၀၁၀ | ၂၁.၇၀၈ | ၂၁.၇၁ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၀၀.၀၁၀ | ၂၁.၇၀၈ | ၂၁.၇၁ | |
| | | | ၁ | ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု စီမံကိန်း (ADSP) (World Bank Loan) | ၁၀၀.၀၁၀ | ၂၁.၇၀၈ | ၂၁.၇၁ | |
| | | | | (က) လယ်ယာသီးနှံများတွင်ကျရောက်သောပိုးမွှား ရောဂါကာကွယ်ရေးသင်တန်းပေးခြင်း | ၂.၇၄၀ | ၂.၆၀၀ | ၉၄.၈၉ | ၂၀၁၆-၂၀၁၇ |
| | | | | (ခ) မိဘမျိုးစေ့ထုတ်လုပ်ခြင်း(စပါး၊မြေပဲ၊နှမ်း၊နေကြာ၊ ပဲတီစိမ်း၊မတ်ပဲ၊ကုလားပဲ- ၁၉.၀၀ ဧက) | ၁၅.၀၇၀ | ၁.၂၃၀ | ၈.၁၆ | ၂၀၁၆-၂၀၁၇ |
| | | | | (ဂ) ဆင့်ပွားမျိုးစေ့ထုတ်လုပ်ခြင်း(စပါး၊မြေပဲ၊နှမ်း၊နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ကုလားပဲ - ၃၀၃.၅၀ ဧက) | ၈၂.၂၀၀ | ၁၇.၈၇၈ | ၂၁.၇၅ | ၂၀၁၆-၂၀၁၇ |
| ၆ | | | | စိုက်ပျိုးရေးဦးစီးဌာန | ၁,၀၉၀.၄၆၀ | ၅၅၅.၉၉၇ | ၅၀.၉၉ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၁,၀၉၀.၄၆၀ | ၅၅၅.၉၉၇ | ၅၀.၉၉ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁,၀၉၀.၄၆၀ | ၅၅၅.၉၉၇ | ၅၀.၉၉ | |
| | | | | စိုက်ပျိုးပညာပေးရေးဌာနခွဲ | ၃၈၄.၄၄၄ | ၁၃၅.၄၉၆ | ၃၅.၂၄ | |
| | | | ၁ | စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ ပေးရေးစီမံကိန်း(ADSP)(World Bank ချေးငွေ) | ၂၀၈.၀၀၀ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | | | | (၁) ရှေ့တန်းစခန်းဆောက်လုပ်ခြင်း(၆)လုံး | ၉၆.၀၀၀ | | | |
| | | | | (၂) ကျေးရွာအဆင့် သိုလှောင်ရုံတည်ဆောက်ခြင်း(၄)လုံး | ၆၄.၀၀၀ | | | |
| | | | | (၃) မြို့နယ်အဆင့် သိုလှောင်ရုံတည်ဆောက်ခြင်း(၃)လုံး | ၄၈.၀၀၀ | | | |
| | | | ၂ | မြန်မာနိုင်ငံအလယ်ပိုင်းရှိအပူပိုင်းဇုန်ဒေသတွင် ပဲမျိုးစုံအခြေခံသီးနှံပုံစံဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးစီမံကိန်း ( ACIAR ဩစတြေးလျနိုင်ငံ အထောက်အပံ့ ) | ၃၀.၃၇၅ | ၂၉.၄၄၀ | ၉၆.၉၂ | ၂၀၁၄–၂၀၁၅ |
| | | | | (၁) သင်တန်းဆရာ/သင်တန်းသားလယ်သမားများနေ့တွက်စရိတ် | ၃.၅၂၆ | ၃.၅၂၅ | ၉၉.၉၇ | |
| | | | | (၂) ပြည်တွင်းပြည်ပ သင်တန်းဆရာ / သင်တန်းသား လယ်သမားများ ခရီးစရိတ် | ၂.၅၁၈ | ၂.၅၁၈ | ၁၀၀.၀၀ | |
| | | | | (၃) စီမံခန့်ခွဲမှုလုပ်ငန်းများ | ၁၆.၂၇၄ | ၁၆.၂၇၄ | ၁၀၀.၀၀ | |
| | | | | (၄) ဘာသာပြန်ခ | ၁.၅၀၀ | ၀.၇၅၀ | ၄၉.၆၇ | |
| | | | | (၅) သင်တန်းပို့ချစဉ်သင်တန်းသားအတွက်ခရီးစရိတ်နှင့်စားစရိတ် | ၆.၅၄၇ | ၆.၃၇၃ | ၉၇.၃၄ | |

# ဇယား (၃-၁) အဆက်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | **စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးစီမံကိန်း (ADSP)(World Bank ချေးငွေ)** | ၁၄၆.၀၆၉ | ၁၀၆.၀၅၆ | ၇၂.၆၁ | ၂၀၁၆-၂၀၁၇ |
| | (၁) စမ်းသပ်ကွက်များဆောင်ရွက်ခြင်း | ၁၃.၃၀၇ | ၄.၀၃၈ | ၃၀.၃၄ | |
| | (၂) စံပြကွက်များဆောင်ရွက်ခြင်း | ၂၄.၉၈၁ | ၂၄.၉၀၂ | ၉၉.၆၈ | |
| | (၃) နည်းပညာပြန့်ပွားရေးသင်တန်းများပြုလုပ်ဆောင်ရွက်ခြင်း | ၁၄.၁၀၂ | ၁၁.၁၃၉ | ၇၈.၉၉ | |
| | (၄) နည်းပညာကဏ္ဍများဆောင်ရွက်ခြင်း | ၁၈.၆၃၆ | ၁၆.၂၀၀ | ၈၆.၉၃ | |
| | (၅) ကြော်ငြာကဏ္ဍအတွက်အသုံးပြုမည့်ပစ္စည်းများ ဝယ်ယူခြင်း | ၂၃.၆၇၁ | ၁၆.၂၄၆ | ၆၈.၆၃ | |
| | (၆) စီမံကိန်းဒေသသို့သွားသည့်ခရီးစရိတ် | ၂၃.၁၆၈ | ၅.၃၃၀ | ၂၃.၀၁ | |
| | (၇) စိုက်ပျိုးရေးဆိုင်ရာသင်ထောက်ကူအပါအဝင်အခြားပစ္စည်းများ | ၂၈.၂၀၄ | ၂၈.၂၀၁ | ၉၉.၉၉ | |
| | **သီးနှံကာကွယ်ရေးဌာနခွဲ** | ၇၂.၇၉၂ | ၁၉.၁၈၁ | ၂၆.၃၅ | |
| ၁ | **စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးစီမံကိန်း (ADSP)(World Bank ချေးငွေ)** | ၇၂.၇၉၂ | ၁၉.၁၈၁ | ၂၆.၃၅ | ၂၀၁၆-၂၀၁၇ |
| | (၁) ပိုးသတ်ဆေး၊ပေါင်းသတ်ဆေး၊ခွဲခန်းရိုဝန်ထမ်းများပေါင်းခွဲခန်းသုံးကိရိယာများအသုံးပြုတတ်စေရန်သင်တန်း | ၁၄.၄၉၈ | ၁၃.၅၀၀ | ၉၃.၁၂ | |
| | (၂) စီမံကိန်းဧရိယာ(၃မြို့နယ်)တွင် သီးနှံဖျက်ပိုး ကျရောက်မှုစစ်တမ်းကောက်ယူခြင်း | ၁၃.၀၄၉ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၃) စီမံကိန်းဧရိယာ(၃မြို့နယ်)တွင် သီးနှံရောဂါကျရောက်မှုစစ်တမ်းကောက်ယူခြင်း | ၁၃.၀၄၈ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၄) စီမံကိန်းဧရိယာ(၃မြို့နယ်)တွင် ပေါင်းကျရောက်မှုစစ်တမ်းကောက်ယူခြင်း | ၁၃.၀၄၈ | GRFသို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၅) စီမံကိန်းဧရိယာ(၃မြို့နယ်)တွင် သီးနှံကြွက်ကျရောက်မှုစစ်တမ်းကောက်ယူခြင်း | ၁၃.၀၄၈ | GRFသို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၆) ဂေဟစနစ်အခြေခံသည့်ဖျက်ပိုးကာကွယ် နှိမ်နင်းသည့်သင်တန်းများ ToT (CARIT) | ၆.၁၀၁ | ၅.၆၈၁ | ၉၃.၁၂ | |
| | **မျိုးစေ့ဌာနခွဲ** | ၃၆၂.၉၂၂ | ၁၃၁.၀၁၈ | ၃၆.၁၀ | |
| ၁ | **စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးစီမံကိန်း (ADSP)(World Bank ချေးငွေ)** | ၂၆၃.၃၈၃ | ၉၉.၁၃၈ | ၃၇.၆၄ | ၂၀၁၆-၂၀၁၇ |
| | (၁) မျိုးစေ့ထုတ်လုပ်ခြင်း | ၃၁.၅၁၀ | ၅.၃၈၀ | ၁၇.၀၇ | |
| | (၂) မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း | ၂၉.၁၁၃ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၃) သင်တန်းများပြုလုပ်ခြင်း | ၂၇.၂၉၀ | ၂၀.၁၁၀ | ၇၃.၆၉ | |
| | (၄) စက်ပစ္စည်းများပြင်ဆင်စရိတ် | ၂၇.၄၀၀ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | (၅) ရုံးသုံးပစ္စည်းများဝယ်ယူခြင်း | ၇.၂၆၁ | ၂.၂၇၈ | ၃၁.၃၇ | |
| | (၆) စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း | ၁၄၀.၈၀၉ | ၇၁.၃၇၀ | ၅၀.၆၉ | |

# ဇယား ( ၃-၁ ) အဆုံး
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | ၂ | **အားလုံးပါဝင်သောမြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (ISSD အကူအညီ)** | ၉၉.၅၃၉ | ၃၁.၈၈၀ | ၃၂.၀၃ | ၂၀၁၇-၂၀၁၈ |
| | | | (၁) ကွင်းဆင်းလေ့လာခြင်း၊အစည်းအဝေးများ ပြုလုပ်ခြင်း၊ သင်တန်းများပြုလုပ်ခြင်းနှင့် ကနဦး သုတေသန ပြုလုပ်ခြင်း | ၃၈.၆၅၆ | ၁၁.၄၁၉ | ၂၉.၅၄ | |
| | | | (၂) စီမံကိန်းမှ ခန့်ထားသော အမြဲတမ်းဝန်ထမ်း(၃)ဦးလစာစရိတ် | ၂၉.၉၅၉ | ၅.၇၅၀ | ၁၉.၁၉ | |
| | | | (၃) စီမံကိန်းတွင်ပူးပေါင်းဆောင်ရွက်နေသောအချိန်ပိုင်း ဝန်ထမ်း(၄)ဦးအတွက် တည်းခို၊စား၊ခရီးစရိတ် | ၁၈.၉၂၅ | ၂.၇၁၂ | ၁၄.၃၃ | |
| | | | (၄) စာရွက်စာတမ်းများ၊နည်းပညာစာစောင်များ၊ စာအုပ်များ ပုံနှိပ်ခြင်း၊ ဖြန့်ဝေခြင်းစရိတ် | ၁.၆၁၀ | ၁.၆၁၀ | ၁၀၀.၀၀ | |
| | | | (၅) စက်ကိရိယာတန်ဆာပလာများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း | ၁၀.၃၈၉ | ၁၀.၃၈၉ | ၁၀၀.၀၀ | |
| | | | **ဝန်ထမ်းသင်တန်းကျောင်းနှင့်စိုက်သိပ္ပံဌာနခွဲ** | ၂၇၀.၃၀၂ | ၂၇၀.၃၀၂ | ၁၀၀.၀၀ | |
| | | ၁ | **စိုက်ပျိုးရေးသိပ္ပံများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NICHE)** | ၂၇၀.၃၀၂ | ၂၇၀.၃၀၂ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | (၁) ပြည်ပပညာရှင်စရိတ် | ၁၆၀.၄၀၀ | ၁၆၀.၄၀၀ | ၁၀၀.၀၀ | |
| | | | (၂) ပြည်တွင်း ပညာရှင်စရိတ် | ၈.၆၆၂ | ၈.၆၆၂ | ၁၀၀.၀၀ | |
| | | | (၃) ခရီးစရိတ်နှင့်ဟိုတယ်စရိတ် | ၄၈.၁၂၀ | ၄၈.၁၂၀ | ၁၀၀.၀၀ | |
| | | | (၄) သင်တန်းစရိတ် | ၃၂.၀၈၀ | ၃၂.၀၈၀ | ၁၀၀.၀၀ | |
| | | | (၅) စီမံခန့်ခွဲမှုစရိတ်များ | ၁၆.၀၄၀ | ၁၆.၀၄၀ | ၁၀၀.၀၀ | |
| | | | (၆) E-library Software Installation အတွက် ပေးချေခြင်း | ၅.၀၀၀ | ၅.၀၀၀ | ၁၀၀.၀၀ | |
| ၇ | | | **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | ၆၅,၃၅၅.၈၈၇ | ၅၇,၃၀၉.၅၃၉ | ၈၇.၆၉ | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၆၅,၃၅၅.၈၈၇ | ၅၇,၃၀၉.၅၃၉ | ၈၇.၆၉ | |
| | | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၆၅,၃၅၅.၈၈၇ | ၅၇,၃၀၉.၅၃၉ | ၈၇.၆၉ | |
| | | ၁ | မြို့နယ် တိုးချဲ့ရေပေးရေးလုပ်ငန်းအပိုင်း(၂)(JICA ODA Loan) | ၂,၆၀၅.၀၀၀ | ၂,၆၀၅.၀၀၀ | ၁၀၀.၀၀ | ၂၀၁၃ |
| | | ၂ | အမျိုးသားလျှပ်စစ်စွမ်းအင်စီမံကိန်း | ၂၁,၀၂၄.၂၃၈ | ၁၂,၉၈၀.၆၉၉ | ၆၁.၇၄ | ၂၀၁၆ |
| | | ၃ | လူထုဗဟိုပြုစီမံကိန်း (World Bank + Italy )(ချေးငွေ) | ၄၁,၇၂၆.၆၄၉ | ၄၁,၇၂၃.၈၄၀ | ၉၉.၉၉ | ၂၀၁၅ (WB)<br>၂၀၁၈ (Italy) |
| | | | စုစုပေါင်း | ၁၁၁,၉၅၈.၀၈၂ | ၉၆,၇၄၉.၀၉၂ | ၈၆.၄၂ | |

# ဇယား ( ၃-၂ )
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိုန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁၃,၈၀၀.၀၀၀ | ၈,၆၈၄.၃၇၃ | ၆၂.၉၃ | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၁၃,၈၀၀.၀၀၀ | ၈,၆၈၄.၃၇၃ | ၆၂.၉၃ | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၃,၈၀၀.၀၀၀ | ၈,၆၈၄.၃၇၃ | ၆၂.၉၃ | |
| | | ၁ | ရောဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း | ၁၃,၈၀၀.၀၀၀ | ၈,၆၈၄.၃၇၃ | ၆၂.၉၃ | ၂၀၁၅-၂၀၁၆ |
| ၂ | | | ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ၅,၂၈၄.၆၆၀ | ၉၁၆.၂၂၆ | ၁၇.၃၄ | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၅,၂၈၄.၆၆၀ | ၉၁၆.၂၂၆ | ၁၇.၃၄ | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၅,၂၈၄.၆၆၀ | ၉၁၆.၂၂၆ | ၁၇.၃၄ | |
| | | ၁ | ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း | ၅,၁၈၄.၆၆၀ | ၉၁၆.၂၂၆ | ၁၇.၆၇ | ၂၀၁၄-၂၀၁၅ |
| | | ၂ | ဖိုင်ဘာသွယ်တန်းခြင်းလုပ်ငန်းစစ်ဆေးခြင်း | ၁၀၀.၀၀၀ | | | |
| | | | (ပြည်တွင်း/ပြည်ပ)အကြံပေးငှားရမ်းခြင်း | | | | |
| ၃ | | | သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန | ၆၄,၈၁၁.၁၀၀ | ၆၃,၃၇၉.၆၅၉ | ၉၇.၇၉ | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၆၄,၈၁၁.၁၀၀ | ၆၃,၃၇၉.၆၅၉ | ၉၇.၇၉ | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၆၄,၆၃၉.၈၀၀ | ၆၃,၂၃၄.၄၂၉ | ၉၇.၈၃ | ၂၀၁၆-၂၀၁၇ |
| | | ၁ | မြန်မာဂြိုလ်တုစနစ်စီမံကိန်း | ၆၄,၆၃၉.၈၀၀ | ၆၃,၂၃၄.၄၂၉ | ၉၇.၈၃ | |
| | | | (၁)စက်ပစ္စည်းကရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁၇၀.၀၀၀ | ၁၅၆.၀၀၀ | ၉၁.၇၆ | |
| | | | (၂)မြန်မာဂြိုလ်တုစနစ်စက်တပ်ဆင်မှုစရိတ် | ၆၄,၄၆၉.၈၀၀ | ၆၃,၀၇၈.၄၂၉ | ၉၇.၈၄ | |
| | | ၂ | လုပ်ငန်းစီမံကိန်းသစ် | ၁၇၁.၃၀၀ | ၁၄၅.၂၃၀ | ၈၄.၇၈ | ၂၀၁၈(၆)လ |
| | | ၁ | Government Secure Service Network Project | ၁၇၁.၃၀၀ | ၁၄၅.၂၃၀ | ၈၄.၇၈ | |
| | | | (၁)စက်ပစ္စည်းကရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁၆၁.၃၀၀ | ၁၃၆.၆၃၀ | ၈၄.၇၁ | |
| | | | (၂)Configuration  Installation ပြုလုပ်ခြင်း | ၁၀.၀၀၀ | ၈.၆၀၀ | ၈၆.၀၀ | |
| ၄ | | | မြန်မာ့မီးရထား | ၁၂၀,၅၇၄.၁၇၄ | ၅၆,၂၇၇.၄၄၉ | ၄၆.၆၇ | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၁၂၀,၅၇၄.၁၇၄ | ၅၆,၂၇၇.၄၄၉ | ၄၆.၆၇ | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၉၇,၆၉၁.၈၇၅ | ၅၂,၄၂၈.၁၂၀ | ၅၃.၆၇ | |
| | | | မြို့ပြအင်ဂျင်နီယာဌာန | ၆၃,၃၅၂.၀၅၆ | ၄၅,၇၆၅.၀၉၉ | ၇၂.၂၄ | |
| | | ၁ | ကြခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၅၅၄.၅၇၆ | ၅၃၁.၆၉၆ | ၉၅.၈၇ | ၂၀၀၆-၂၀၀၇ |
| | | ၂ | နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း | ၆၃.၈၃၈ | ၅၅.၆၀၈ | ၈၇.၁၁ | ၂၀၁၆-၂၀၁၇ |
| | | ၃ | ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၂၂၀.၀၀၀ | ၂၁၈.၆၉၇ | ၉၉.၄၁ | ၂၀၀၈-၂၀၀၉ |
| | | ၄ | မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၂၈၂.၀၀၀ | ၂၇၀.၈၉၈ | ၉၆.၀၆ | ၂၀၀၉-၂၀၁၀ |
| | | ၅ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့်စက်ခေါင်းသစ်တပ်ဆင်ရေး | ၁,၈၀၀.၀၀၀ | ၁,၇၉၉.၈၆၀ | ၉၉.၉၉ | ၂၀၁၂-၂၀၁၃ |
| | | | စက်ရုံနှင့်လူစီးတွဲနှင့်ကုန်တွဲသစ်စက်ရုံဆောက်လုပ်ခြင်း | | | | |
| | | | (US$ ၉၄.၅၃သန်း) | | | | |
| | | ၆ | ရွာသာကြီးဘူတာယာဒ်ဝင်းတည်ဆောက်ရေးစီမံကိန်း | ၇၀၆.၆၆၈ | ၉၁.၂၈၃ | ၁၂.၉၂ | ၂၀၁၅-၂၀၁၆ |
| | | ၇ | မြစ်ငယ်ကုန်းတွင်းဆိပ်(Dry Port )တည်ဆောက်ရေးစီမံကိန်း | ၆၉၅.၆၀၇ | ၆၆၄.၇၉၅ | ၉၅.၅၇ | ၂၀၁၅-၂၀၁၆ |
| | | ၈ | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း(ODA Loan) | ၅၃,၆၁၃.၁၆၇ | ၃၉,၅၆၇.၀၀၂ | ၇၃.၈၀ | ၂၀၁၆-၂၀၁၇ |
| | | ၉ | ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း | ၃,၀၀၀.၀၀၀ | ၅၇၅.၅၃၁ | ၁၉.၁၈ | ၂၀၁၇-၂၀၁၈ |
| | | ၁၀ | အိန္ဒိယချေးငွေ( US $ 86.31 )သန်းဖြင့်သံလမ်းပြုပြင်ထိန်းသိမ်းရန် | ၁,၄၁၆.၂၀၀ | ၉၈၉.၇၂၉ | ၆၉.၈၉ | ၂၀၁၇-၂၀၁၈ |
| | | | စက်ယန္တရားနှင့်စက်ပစ္စည်းများဝယ်ယူခြင်း | | | | |
| | | ၁၁ | စီမံကိန်းများအတွက် မြေယာလျော်ကြေးများ ပေးချေခြင်း | ၁,၀၀၀.၀၀၀ | ၁,၀၀၀.၀၀၀ | ၁၀၀.၀၀ | |
| | | | စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန | ၁၀,၂၂၇.၃၈၃ | ၈၈၂.၃၂၈ | ၈.၆၃ | |
| | | ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့်စက်ခေါင်းသစ်ဆောက်လုပ်ရေး | ၁,၅၀၈.၅၀၇ | ၂၈၆.၄၆၇ | ၁၈.၉၉ | ၂၀၁၂-၂၀၁၃ |
| | | | စက်ရုံနှင့်လူစီးတွဲ၊ကုန်တွဲသစ်ဆောက်လုပ်ရေးစက်ရုံတည်ဆောက်ခြင်း | | | | |
| | | | US$ (၉၄.၅၃)သန်း | | | | |
| | | ၂ | အိန္ဒိယချေးငွေဖြင့် ဒီဇယ်စက်ခေါင်းများ၊လူစီးတွဲများနှင့်စက်ပစ္စည်းများ | ၅၉၆.၁၆၀ | ၅၉၅.၈၆၁ | ၉၉.၉၅ | ၂၀၁၃-၂၀၁၄ |
| | | | ဝယ်ယူခြင်း US$(၈၆.၃၁)သန်း | | | | |
| | | ၃ | ကိုရီးယားချေးငွေ(EDCF Loan)ဖြင့်ပထမအကြိမ်လူစီးတွဲ(၁၀၀) | ၆,၄၆၆.၇၁၆ | | | ၂၀၁၅-၂၀၁၆ |
| | | | ဝယ်ယူခြင်း | | | | |
| | | ၄ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့်လူစီးတွဲ(၃၀)တွဲဝယ်ယူခြင်း | ၁,၆၅၆.၀၀၀ | | | ၂၀၁၅-၂၀၁၆ |
| | | | Yuan (၈၀)သန်း | | | | |

# ဇယား ( ၃-၂ ) အဆုံး
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | | စီမံကိန်းအမည် | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | **သွားလာပို့ဆောင်ရေးဌာန** | ၂၄,၁၁၂.၄၃၆ | ၆,၆၆၃.၀၂၁ | ၂၇.၆၃ | |
| | | ၁ | ရန်ကုန် - မြစ်တံဆာလမ်းပိုင်း Operation Control Center ( OCC ) နှင့် Safety equipment များ တပ်ဆင်ခြင်းလုပ်ငန်း (ဂျပန်နိုင်ငံ၏ Grant ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါသည်။) | ၁၇,၆၆၁.၉၁၀ | ၆,၀၂၃.၇၇၉ | ၃၄.၁၁ | ၂၀၁၅-၂၀၁၆ |
| | | ၂ | ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း (Japan ODA Loan) | ၂၆၂.၅၀၆ | ၂၆၂.၅၀၆ | ၁၀၀.၀၀ | ၂၀၁၇-၂၀၁၈ |
| | | ၃ | ရန်ကုန် - မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း (Japan ODA Loan) | ၃၇၆.၇၃၅ | ၃၇၆.၇၃၆ | ၁၀၀.၀၀ | ၂၀၁၇-၂၀၁၈ |
| | | ၄ | ဂျပန်နိုင်ငံချေးငွေဖြင့်ဆောင်ရွက်မည့် Yangon Circular Railways Line Upgrading Project(Signal, Power Distribution and Level Crossing) | ၂,၃၈၆.၄၃၅ | | | ၂၀၁၇-၂၀၁၈ |
| | | ၅ | ဂျပန်နိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် Yangon - Mandalay Railways Improvement Project Phase 1 (1) (Signal Communication) Power Distribution and Level Crossing | ၃,၄၂၄.၈၇၀ | | | ၂၀၁၇-၂၀၁၈ |
| | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | ၂၂,၈၈၂.၄၉၉ | ၃,၈၄၉.၃၂၉ | ၁၆.၈၂ | |
| | | | **စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန** | ၂၂,၈၈၂.၄၉၉ | ၃,၈၄၉.၃၂၉ | ၁၆.၈၂ | |
| | | ၁ | ဂျာမနီနိုင်ငံချေးငွေဖြင့် ဒီဇယ်ဟိုက်ဒြောလစ်စက်ခေါင်းစွမ်းအား မြှင့်ပြင်ဆင်ခြင်း(KFW) | ၇၉.၈၄၈ | ၇၉.၈၄၈ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | ၂ | ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း (ဂျပန် ODA Loan) | ၆,၉၀၁.၉၂၉ | ၃,၁၄၆.၆၇၉ | ၄၅.၅၉ | ၂၀၁၆-၂၀၁၇ |
| | | ၃ | စက်ပစ္စည်းများဝယ်ယူခြင်းနှင့်စက်ခေါင်းတွဲများတည်ဆောက်ပြုပြင်ခြင်း | ၁၄.၃၁၈ | | | ၂၀၁၈(၆)လ |
| | | ၄ | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း (ဂျပန် ODA Loan) | ၁၅,၈၈၆.၄၀၄ | ၆၂၂.၈၀၂ | ၃.၉၂ | ၂၀၁၆-၂၀၁၈ |
| ၅ | | | **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း** | ၃,၀၅၉.၇၆၀ | ၃,၆၅၂.၇၇၀ | ၁၁၉.၃၈ | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၃,၀၅၉.၇၆၀ | ၃,၆၅၂.၇၇၀ | ၁၁၉.၃၈ | |
| | | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၃,၀၅၉.၇၆၀ | ၃,၆၅၂.၇၇၀ | ၁၁၉.၃၈ | |
| | | ၁ | **ဖိုင်ဘာဆက်ကြောင်းနှင့်မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းတိုးချဲ့ တပ်ဆင်ခြင်းစီမံကိန်း** | ၁,၅၉၄.၈၂၄ | ၃,၁၀၇.၅၂၆ | ၁၉၄.၈၅ | ၂၀၁၃-၂၀၁၄ |
| | | | (၁)ရဟတ်ယာဉ်ကွင်းတည်ဆောက်ခြင်းအတွက်မြေနေရာပြုပြင်ခြင်း နှင့်လမ်းဖောက်လုပ်ခြင်း(ရိဒ်-မင်းတပ်) | ၂၈.၀၀၀ | ၂၈.၀၀၀ | ၁၀၀.၀၀ | |
| | | | (၂)(၃၂)မိတာတာဝါဖောင်အေးရှင်း | ၂.၉၉၃ | ၂.၉၉၃ | ၁၀၀.၀၀ | |
| | | | (၃)စက်ကိရိယာတန်ဆာပလာပစ္စည်းများဝယ်ယူတပ်ဆင်ခြင်း | ၁,၀၈၂.၈၉၄ | ၂,၈၂၄.၀၄၃ | ၂၆၀.၇၉ | |
| | | | (၄)ရိဒ်-မင်းတပ် GbE IP မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း(13Hops) တည်ဆောက်ရာတွင်စီမံဆောင်ရွက်စရိတ်နှင့်အခွန်အခများ | ၄၈၀.၉၃၇ | ၂၅၂.၄၉၀ | ၅၂.၅၀ | |
| | | ၂ | **ဆက်သွယ်ရေးကွန်ယက်များအဆင့်မြှင့်တင်မှုစီမံကိန်း** | ၁,၄၆၄.၉၃၆ | ၅၄၅.၂၄၄ | ၃၇.၂၂ | ၂၀၁၅-၂၀၁၆ |
| | | | (၁)Consultant Fees (ODALoan) | ၁,၃၈၉.၉၃၆ | ၅၂၂.၂၁၅ | ၃၇.၅၇ | |
| | | | (၂)Commercial Tax နှင့်ဘဏ်စရိတ် | ၇၅.၀၀၀ | ၂၃.၀၂၉ | ၃၀.၇၁ | |
| ၆ | | | **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်** | ၂၂,၉၈၃.၄၆၇ | ၁၄,၈၇၃.၂၄၉ | ၆၄.၇၁ | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၂၂,၉၈၃.၄၆၇ | ၁၄,၈၇၃.၂၄၉ | ၆၄.၇၁ | |
| | | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၂၂,၉၈၃.၄၆၇ | ၁၄,၈၇၃.၂၄၉ | ၆၄.၇၁ | |
| | | ၁ | ဂျပန်နိုင်ငံ ODA Loan ဖြင့် သီလဝါဆိပ်ကမ်း မြေကွက်အမှတ် ( ၂၅၊ ၂၆ ) တွင် ကုန်သေတ္တာနှင့်အထွေထွေ ကုန်စည်ဆိပ်ကမ်း တည်ဆောက်ခြင်း(ပထမအဆင့်၊ဒုတိယပိုင်း)၊နောက်ခံမြေဧကော တွင်းသဲဖို့၍အမာခံလွင်ပြင်တည်ဆောက်ခြင်း | ၂၂,၉၈၃.၄၆၇ | ၁၄,၈၇၃.၂၄၉ | ၆၄.၇၁ | ၂၀၁၄-၂၀၁၅ |
| | | | **စုစုပေါင်း** | ၂၃၀,၅၁၃.၃၆၁ | ၁၄၇,၇၈၃.၇၂၆ | ၆၄.၁၁ | |

# ဇယား ( ၃-၃ )
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | | | အကြောင်းအရာ | လျာထားချက် ( BE ) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | **သစ်တောဦးစီးဌာန** | ၆,၁၈၀.၄၆၅ | ၁,၅၀၄.၂၀၈ | ၂၄.၃၄ | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၁,၆၇၆.၀၈၄ | ၉၀၉.၃၃၇ | ၅၄.၂၅ | |
| | | ၁ | တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း( MGTC/TPC/ATL) | ၂၆၁.၆၈၉ | ၂၃၄.၀၈၉ | ၈၉.၄၅ | ၂၀၁၈ |
| | | ၂ | အာဆီယံ - ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဒေသ အဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း(AFoCo RETC) တည်ထောင်ခြင်းစီမံကိန်း | ၄၄.၈၃၉ | ၄၁.၄၁၇ | ၉၂.၃၇ | ၁.၈.၂၀၁၄ |
| | | ၃ | ရေသယံဇာတအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း၊စွမ်းဆောင် ရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်းစီမံကိန်း(IWRM) | ၂၇.၆၀၀ | ၂၇.၆၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | ၄ | ဟိမဝန္တာတောင်တန်းဒေသအတွင်း သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုမှကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများအသုံးချ တတ်စေခြင်း စီမံကိန်း (ICIMOD) | ၅၃.၈၈၉ | ၅၃.၈၈၉ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | ၅ | မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ် ပတ်သက်သူများစွမ်းဆောင်ရည်မြှင့်မားရေးစီမံကိန်း(KFS REDD+) | ၂၀၁.၂၁၈ | ၁၃၁.၇၂၄ | ၆၅.၄၆ | ၂၀၁၅-၂၀၁၆ |
| | | ၆ | အပင်မျိုးစိတ်နှင့် သစ်တောမျိုးစေ့များ ထိန်းသိမ်းစောင့်ရှောက်ခြင်း စီမံကိန်း (KNA) | ၄.၂၀၉ | | | ၂၀၁၆-၂၀၁၇ |
| | | ၇ | ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများစီမံအုပ်ချုပ်မှု မြှင့်တင်ခြင်း စီမံကိန်း(NEA) | ၅၅.၄၂၁ | ၅၄.၅၅၁ | ၉၈.၄၃ | ၃၀.၁၁.၂၀၁၅ |
| | | ၈ | လက်ထုတ်နှင့်ထက်လန်းကန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းစီမံကိန်း (JIFPRO) | ၂၄.၄၆၃ | ၁၃.၆၃၇ | ၅၅.၇၅ | ၂၀၁၇-၂၀၁၈ |
| | | ၉ | ပင်လယ်ကမ်းရိုးတန်းနေပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့် အညီ လိုက်လျောညီထွေစွာနေထိုင်နိုင်ရန်အတွက် ဒီရေရောက် သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း(ဒိန်းမတ်) | ၁,၀၀၂.၇၅၆ | ၃၅၂.၄၃၀ | ၃၅.၁၅ | ၂၀၁၈ |
| | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | ၄,၅၀၄.၃၈၁ | ၅၉၄.၈၇၁ | ၁၃.၂၁ | |
| | | ၁ | အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း Global Conservation အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မည့်စီမံကိန်း (GC) | ၉၅.၂၂၀ | | | ၂၀၁၈ |
| | | ၂ | မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်းကို အထောက်အကူပြုသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ် ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်သည့် နမူနာပြအကောင်အထည်ဖော် ဆောင်ရွက်ခြင်းစီမံကိန်း | ၄၃.၀၀၁ | | | |
| | | ၃ | အပင်မျိုးစိတ်များစာရင်းကောက်ယူခြင်းနှင့်စီးပွားဖြစ်ရုက္ခဗေဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (FD-MBK) | ၁၅.၇၃၂ | ၁၅.၇၃၂ | ၁၀၀.၀၀ | ၁၀.၁၂.၂၀၁၇ |
| | | ၄ | သစ်တောဂေဟစနစ်ဘက်စုံစီမံအုပ်ချုပ်ခြင်းသရုပ်ပြစီမံကိန်း(APFnet) | ၂၉၆.၀၄၂ | | | ၂၀၁၈ |

## ဇယား ( ၃-၃ ) အဆုံး
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

| အမှတ်စဉ် | | အကြောင်းအရာ | လျာထားချက် ( BE ) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၅ | သစ်တောသုတေသနဌာန စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (FAO) | ၂၆၂.၈၄၃ | ၂၆၂.၈၄၃ | ၁၀၀.၀၀ | ၁၇.၁၁.၂၀၁၇ |
| | ၆ | မြန်မာနိုင်ငံတနင်္သာရီတောင်တန်းဒေသတွင်နယ်စပ်ဖြတ်ကျော်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုမြှင့်တင်ရေးအတွက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း(ITTO) | ၄၉.၂၂၆ | ၃၇.၉၅၈ | ၇၇.၁၁ | ၁၂.၁၂.၂၀၁၇ |
| | ၇ | ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သစ်တော ဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုအစီအစဉ် | ၁၇၆.၆၉၁ | | | ၇.၁၁.၂၀၁၇ |
| | ၈ | မြန်မာ-ယူကေသစ်တောဥပဒေစိုးမိုးမှုအုပ်ချုပ်မှုနှင့်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း | ၁၅၅၇.၃၅၃ | | | ၂၇.၉.၂၀၁၇ |
| | ၉ | နိုင်ငံအဆင့်သစ်တောသယံဇာတစာရင်းကောက်ယူခြင်း၊ နိုင်ငံအဆင့် သစ်တောအဆင့်စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းအချက်အလက် စနစ်တည်ထောင်ခြင်းဆိုင်ရာစီမံကိန်း (NFI/NFMIS) | ၁၇၂၉.၉၃၅ | | | ၂၀၁၇ |
| | ၁၀ | မြန်မာနိုင်ငံသစ်တောသယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း (IC-MNFI) | ၂၇၈.၃၃၈ | ၂၇၈.၃၃၈ | ၁၀၀.၀၀ | ၂၁.၁၂.၂၀၁၇ |
| ၂ | | **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** | | **၁၀၁.၉၂၅** | | |
| | ၁ | **လုပ်ငန်းစီမံကိန်းသစ်များ** | | **၁၀၁.၉၂၅** | | |
| | ၁ | တောင်အာရှနှင့်အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ မြန်မာနိုင်ငံ * စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်း (CCC Project) | | ၁၀၁.၉၂၅ | | ၂၀၁၈ |
| ၃ | | **မြန်မာ့သစ်လုပ်ငန်း** | **၃၄.၅၀၀** | **၃၄.၅၀၀** | **၁၀၀.၀၀** | |
| | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | | | | |
| | ၁ | Sheffield University နှင့် ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဆင် သုတေသန လုပ်ငန်းစီမံကိန်း | ၃၄.၅၀၀ | ၃၄.၅၀၀ | ၁၀၀.၀၀ | ၂၀၁၄-၂၀၁၅ |
| | | **စုစုပေါင်း** | ၆၂၁၄.၉၆၅ | ၁၆၄၀.၆၃၃ | ၂၆.၄၀ | |

* အရေးပေါ်ရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲခြင်းဖြစ်ပါသည်။

# ဇယား ( ၃-၄ )
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | | | | အကြောင်းအရာ | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | ၄၉,၉၈၁.၆၃၅ | ၄၄,၃၈၈.၅၆၆ | ၈၈.၈၁ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၄၉,၉၈၁.၆၃၅ | ၄၄,၃၈၈.၅၆၆ | ၈၈.၈၁ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၄၈,၅၂၄.၀၃၅ | ၄၂,၉၃၀.၉၆၆ | ၈၈.၄၇ | |
| | | | ၁ | ၆၆ကေဗွီ လှိုင်ကော်-ဘော်လခဲ ဓာတ်အားလိုင်းစီမံကိန်း | ၂၅.၀၀၀ | ၂၄.၄၇ | ၉၇.၈၈ | ၂၀၁၄ |
| | | | ၂ | ၆၆ကေဗွီ မြဝတီ-ကော့ကရိတ် ဓာတ်အားလိုင်းစီမံကိန်း | ၃၀၀.၀၀၀ | ၃၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၅ |
| | | | ၃ | ၆၆ကေဗွီ ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်းစီမံကိန်း | ၁၀၀.၀၀၀ | ၉၉.၉၆၉ | ၉၉.၉၇ | ၂၀၁၅ |
| | | | ၄ | ၆၆ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းစီမံကိန်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၅ | ၆၆ကေဗွီ ကျောက်တော်-ပလက်ဝ ဓာတ်အားလိုင်း(၃၀) မိုင် | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၇ |
| | | | ၆ | ၆၆ကေဗွီ သိုင်းငင်-တီးတိန် ဓာတ်အားလိုင်း (၂၅)မိုင်နှင့် ခွဲရုံများ | ၁၀.၀၀၀ | ၉.၇၆၈ | ၉၇.၆၈ | ၂၀၁၇ |
| | | | ၇ | ၆၆ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်း | ၂၅.၀၀၀ | ၂၄.၉၉၈ | ၉၉.၉၉ | ၂၀၁၆ |
| | | | ၈ | ၆၆ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်းစီမံကိန်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၉ | ၆၆ ကေဗွီ ကျောက်ဖြူ-မဒဲ ဓာတ်အားလိုင်း စီမံကိန်း | ၄၀၀.၀၀၀ | ၃၉၉.၉၀၄ | ၉၉.၉၈ | ၂၀၁၅ |
| | | | ၁၀ | ၆၆ကေဗွီ သံတွဲ-ကျိန္တလီ ဓာတ်အားလိုင်း စီမံကိန်း | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၇ |
| | | | ၁၁ | ၆၆ကေဗွီပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော | ၂,၄၆၂.၂၀၀ | ၂၄၆၂.၁၉၅ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၁၂ | ၆၆ ကေဗွီ ဇင်ချောင်း ဓာတ်အားခွဲရုံ စီမံကိန်း | ၂၅၄.၁၁၀ | ၂၅၁.၈၅၆ | ၉၉.၁၁ | ၂၀၁၇ |
| | | | ၁၃ | ၆၆ကေဗွီ မူဆယ်-၁၀၅မိုင် (နမ့်ဖတ်ကာ)လိုင်း(၃၀)မိုင်နှင့်ခွဲရုံများ | ၁၂၀.၃၂၉ | ၁၂၀.၂၀၅ | ၉၉.၉၀ | ၂၀၁၇ |
| | | | ၁၄ | ၆၆ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း စီမံကိန်း | ၅၀.၀၀၀ | ၄၉.၄၈၁ | ၉၈.၉၆ | ၂၀၁၅ |
| | | | ၁၅ | ၆၆ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းစီမံကိန်း | ၄၅၀.၀၀၀ | ၄၄၉.၉၉၂ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၁၆ | ၆၆ကေဗွီ ရာဇဂြိုလ်-ကလေး-ကလေးဝ ဓာတ်အားလိုင်းစီမံကိန်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၁၇ | ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ကျောက်ထုခွဲရုံSB(4) Nosတိုးချဲ့ခြင်း | ၁၅၀.၀၀၀ | ၁၅၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၁၈ | ၆၆/၃၃ကေဗွီ၊ ၂x၄၀ အမ်ဗွီအေ ပေါက်ခွဲရုံ တိုးချဲ့ခြင်း စီမံကိန်း | ၄၀၀.၀၀၀ | ၄၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၁၉ | ၆၆ကေဗွီ မြင်းခြံ-ငါန်းဇွန် ဓာတ်အားလိုင်းစီမံကိန်း | ၂၇၅.၀၀၀ | ၂၇၅.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၂၀ | ၆၆ ကေဗွီ ငရုတ်ကောင်း(တောင်)-ငရုပ်ကောင်းလိုင်းနှင့် ခွဲရုံ | ၆၅၀.၀၀၀ | ၆၅၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၂၁ | ၆၆ကေဗွီပုသိမ်-ငွေဆောင် ဓာတ်အားလိုင်းစီမံကိန်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၂၂ | လိုင်းနှင့်ဓာတ်အားခွဲရုံများအတွက် သီးနှံနှင့်မြေယာလျော်ကြေး | ၁၀၀.၀၀၀ | ၁၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆ |
| | | | ၂၃ | ၂၃၀ကေဗွီဗန်းမော်-နဘား-ရွှေဘို-အုန်းတောလိုင်း (၂၅၅)မိုင်နှင့် ခွဲရုံများ | ၃,၅၀၀.၀၀၀ | ၂,၁၂၅.၃၉၄ | ၆၀.၇၃ | ၂၀၁၆ |
| | | | ၂၄ | ၂၃၀ကေဗွီ နမ့်စံ-မိုင်းပြင်း-ကျိုင်းတုံ ဓာတ်အားလိုင်း (၁၅၅)မိုင်နှင့် ခွဲရုံများ | ၄,၀၀၀.၀၀၀ | ၄၁၃၇.၆၅၅ | ၁၀၃.၄၄ | ၂၀၁၆ |
| | | | ၂၅ | ၁၃၂ ကေဗွီ တောင်ကြီးဓာတ်အားခွဲရုံ | ၂၅.၀၀၀ | ၂၄.၉၈၈ | ၉၉.၉၅ | ၂၀၁၅ |
| | | | ၂၆ | ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ မဟာဓာတ်အားလိုင်း | ၈,၅၃၆.၃၀၈ | ၉၅၀၈.၀၆ | ၁၁၁.၃၈ | ၂၀၁၅ |
| | | | ၂၇ | ၅၀၀ ကေဗွီ သပြေဝ(မိတ္ထီလာ)-တောင်ငူ ဓာတ်အားလိုင်း | ၇,၅၈၉.၅၅၁ | ၇၉၀၆.၁၄၄ | ၁၀၄.၁၇ | ၂၀၁၃ |
| | | | ၂၈ | ၅၀၀ ကေဗွီ တောင်ငူ-ကမာနတ် ဓာတ်အားလိုင်း | ၇၀၃.၉၆၆ | | ၀.၀၀ | ၂၀၁၅ |
| | | | ၂၉ | ၂၃၀ကေဗွီ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်းစီမံကိန်း | ၂,၅၇၆.၂၂၉ | ၂,၅၇၆.၁၀၈ | ၁၀၀.၀၀ | ၂၀၁၈ |
| | | | ၃၀ | National Power Transmission Network Development Project (Phase-I) Japan ODA Loan (500 kV) | ၁,၄၂၀.၃၈၀ | ၂၃၆.၃၁၁ | ၁၆.၆၄ | ၂၀၁၅ |
| | | | ၃၀ | ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း | ၃,၅၇၃.၅၂၅ | ၃၆၆၆.၁၀၇ | ၁၀၂.၅၉ | ၂၀၁၄ |
| | | | ၃၂ | National Power Transmission Network Development Project (Phase-II)Japan ODA Loan (500 kV) | ၁,၆၆၀.၇၇၂ | ၁၀၂၇.၇၄၇ | ၆၁.၉၀ | ၂၀၁၇ |
| | | | ၃၃ | Infrastructure Development Project in Thilawa Area Phase-I Japan ODA loan | ၃,၁၄၆.၀၆၅ | | ၀.၀၀ | ၂၀၁၃ |
| | | | ၃၄ | အခွန်အခ | ၂,၀၀၀.၀၀၀ | ၁,၉၉၉.၉၉၉ | ၁၀၀.၀၀ | |
| | | | ၃၅ | ဘဏ်စရိတ် | ၂,၀၀၀.၀၀၀ | ၁၉၃၃.၆၁၅ | ၉၆.၆၈ | |

# ဇယား ( ၃-၄ ) အဆုံး

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ

## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | | | | အကြောင်းအရာ | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | ၁,၄၅၇.၆၀၀ | ၁,၄၅၇.၆၀၀ | ၁၀၀.၀၀ | |
| | | | ၁ | ၂၃၀ကေဗွီ-၆၆ကေဗွီ မြဝတီခွဲရုံ ၆၆ကေဗွီ ဓာတ်အားလိုင်း (၈)မိုင်နှင့် ခွဲရုံများ | ၂၁၇.၆၀၀ | ၂၁၇.၆၀၀ | ၁၀၀.၀၀ | ၂၀၁၈ |
| | | | ၂ | ၆၆ကေဗွီသံဖြူဇရပ်-ရေး ဓာတ်အားလိုင်း(၆၀)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၁၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၈ |
| | | | ၃ | ၂၃၀/၃၃/၁၁ ကေဗွီ၊ ၂ x ၁၀၀အမ်ဗွီအေ ဒိုက်ဦးဓာတ်အားခွဲရုံ | ၂၀၀.၀၀၀ | ၂၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၈ |
| | | | ၄ | ၂၃၀ကေဗွီ ညောင်ပင်ကြီး-ဂန့်ဂေါဓာတ်အားလိုင်း(၉၅)မိုင်နှင့်ခွဲရုံများ | ၅၀.၀၀၀ | ၅၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၈ |
| | | | ၅ | ၂၃၀ကေဗွီ (ရွာမ-လှိုင်သာယာ)-ဝါးတရာ ဓာတ်အားလိုင်း (၁၁)မိုင်နှင့်ခွဲရုံများ | ၇၀၀.၀၀၀ | ၇၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၈ |
| | | | ၆ | ၂၃၀/၃၃/၁၁ကေဗွီ၊ (၁၀၀+၁၅၅)အမ်ဗွီအေ ကနောင်ဓာတ်အားခွဲရုံ | ၂၈၀.၀၀၀ | ၂၈၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၈ |
| ၂ | | | | **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** | **၂၅,၂၉၈.၅၅၄** | **၂၅,၁၂၅.၃၇၃** | **၉၉.၃၂** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၂၅,၂၉၈.၅၅၄** | **၂၅,၁၂၅.၃၇၃** | **၉၉.၃၂** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၂၅,၂၉၈.၅၅၄** | **၂၅,၁၂၅.၃၇၃** | **၉၉.၃၂** | |
| | | | ၁ | အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း | ၂၆၉.၉၁၈ | ၂၆၃.၆၆၁ | ၉၇.၆၈ | ၂၀၁၄-၂၀၁၅ |
| | | | ၂ | ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း | ၈,၅၀၀.၀၃၅ | ၈,၄၈၄.၃၆၄ | ၉၉.၈၂ | ၂၀၁၀-၂၀၁၁ |
| | | | ၃ | အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း | ၃,၉၁၁.၅၈၀ | ၃,၆၅၃.၅၇၂ | ၉၃.၄၀ | ၂၀၁၄-၂၀၁၅ |
| | | | ၄ | ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း | ၁၁၉.၃၅၆ | ၁၁၈.၇၉၉ | ၉၉.၅၃ | ၂၀၁၅-၂၀၁၆ |
| | | | ၅ | အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း | ၆,၉၇၃.၅၇၉ | ၇,၁၄၆.၃၇၆ | ၁၀၂.၄၈ | ၂၀၁၀-၂၀၁၁ |
| | | | ၆ | သူရွှေးရေအားလျှပ်စစ်စီမံကိန်း | ၃,၀၀၀.၀၀၁ | ၂,၉၆၈.၅၁၁ | ၉၈.၉၅ | ၂၀၀၈-၂၀၀၉ |
| | | | ၇ | အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း | ၂,၅၂၄.၀၈၅ | ၂,၄၉၀.၀၉၀ | ၉၈.၆၅ | ၂၀၀၈-၂၀၀၉ |
| ၃ | | | | **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း** | **၂၉,၆၈၇.၈၈၁** | **၂၆,၇၃၆.၃၄၄** | **၉၀.၀၆** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၂၉,၆၈၇.၈၈၁** | **၂၆,၇၃၆.၃၄၄** | **၉၀.၀၆** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၂၉,၆၈၇.၈၈၁** | **၂၆,၇၃၆.၃၄၄** | **၉၀.၀၆** | |
| | | | ၁ | World Bank ချေးငွေဖြင့် သထုံတွင်ဆောင်ရွက်မည့် 118.9 MW Power plant စက်ရုံစီမံကိန်း | ၂၉,၆၈၇.၈၈၁ | ၂၆,၇၃၆.၃၄၄ | ၉၀.၀၆ | |
| | | | | (a) စက်ပစ္စည်းများ | ၂၈,၄၃၉.၇၃၁ | ၂၅၄၉၃.၅၅၉ | ၈၉.၆၄ | ၂၀၁၆-၂၀၁၇ |
| | | | | (b) Consulting Service နှင့် နည်းပညာအကူအညီ အထောက်အပံ့ စရိတ်စက | ၁,၀၄၉.၄၇၉ | ၁၂၄၂.၅၆၇ | ၁၁၈.၄၀ | |
| | | | | (c) Commercial Taxပေးချေရန် | ၄၈.၆၇၁ | ၀.၂၀၃ | ၀.၄၂ | |
| | | | | (d) ဘဏ်စရိတ် | ၁၅၀.၀၀၀ | ၀.၀၁၅ | ၀.၀၁ | |
| | | | | **စုစုပေါင်း** | ၁၀၄,၉၆၈.၀၇၀ | ၉၆,၂၅၀.၂၈၃ | ၉၁.၆၉ | |

# ဇယား ( ၃-၅ )
# စက်မှုဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | | | အကြောင်းအရာ | လျာထားချက် ( BE ) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | ၅၃၅.၀၀၀ | ၄၄၈.၅၀၀ | ၈၃.၈၃ | |
| | | | လုပ်ငန်းစီမံကိန်းများ | ၅၃၅.၀၀၀ | ၄၄၈.၅၀၀ | ၈၃.၈၃ | |
| | ၁ | | လုပ်ငန်းစီမံကိန်းသစ်များ | ၅၃၅.၀၀၀ | ၄၄၈.၅၀၀ | ၈၃.၈၃ | |
| | | ၁ | စက်မှုသင်တန်းကျောင်း(သထုံ) | ၃၅.၀၀၀ | ၂၉.၅၀၀ | ၈၄.၂၉ | ၂၀၁၈ |
| | | ၂ | စက်မှုသင်တန်းကျောင်း(မုံရွာ) | ၅၀၀.၀၀၀ | ၄၁၉.၀၀၀ | ၈၃.၈၀ | ၂၀၁၈ |
| ၂ | | | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၃၆,၅၇၄.၃၂၅ | ၃၇,၃၂၃.၁၇၈ | | |
| | | | လုပ်ငန်းစီမံကိန်းများ | ၃၆,၅၇၄.၃၂၅ | ၃၇,၃၂၃.၁၇၈ | | |
| | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၃၆,၅၇၄.၃၂၅ | ၃၇,၃၂၃.၁၇၈ | | |
| | | ၁ | အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) * | ၃၆,၂၁၅.၀၂၈ | ၃၆,၉၆၄.၃၁၉ | ၁၀၂.၀၇ | Phase II ၂၀၁၁ မေဖော်ဝါရီ Phase IIA&III ၂၀၁၂ အောက်တိုဘာ |
| | | ၂ | အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) | ၃၅၉.၂၉၇ | ၃၅၈.၈၅၉ | ၉၉.၈၈ | ၂၀၀၅ ခုနှစ်၊ မေ |
| ၃ | | | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၃၇၈.၃၅၀ | ၁၁၉.၆၈၄ | | |
| | | | လုပ်ငန်းစီမံကိန်းများ | ၃၇၈.၃၅၀ | ၁၁၉.၆၈၄ | | |
| | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၃၇၈.၃၅၀ | ၁၁၉.၆၈၄ | | |
| | | ၁ | စက်မှုနယ်မြေ(သထုံ) | ၁၈၁.၀၀၀ | ၁၁၉.၆၈၄ | ၆၆.၁၂ | ၂၀၁၄-၂၀၁၅ |
| | | ၂ | သတင်းစာစက္ကူစက်ရုံ(သာပေါင်း) | ၁၉၇.၃၅၀ | | | ၆-၈-၂၀၀၈ |
| | | | စုစုပေါင်း | ၃၇,၄၈၇.၆၇၅ | ၃၇,၈၉၁.၃၆၂ | ၁၀၁.၀၈ | |

*အထွေထွေ ဝိုလျှံ ရန်ပုံငွေ (GRF) မှ လွှဲပြောင်းသုံးစွဲခြင်းဖြစ်ပါသည်။

# ဇယား ( ၃-၆ )
# ဆောက်လုပ်ရေးဝန်ကြီးဌာန
# ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ
# လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | | | အကြောင်းအရာ | လျာထားချက် ( B E ) | သုံးစွဲပြီး | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းစီမံကိန်းများ | ၅,၄၀၈.၇၂၄ | ၅,၃၄၆.၄၄၂ | ၉၈.၈၅ | |
| | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၅,၄၀၈.၇၂၄ | ၅,၃၄၆.၄၄၂ | ၉၈.၈၅ | |
| | | ၁ | ရောဝဏ်၊ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း:Infrastructure | ၃၂၅၂.၇၈၆ | ၃၂၅၂.၇၈၆ | ၁၀၀.၀၀ | ၂၀၁၄-၂၀၁၇ |
| | | ၂ | ယုဇနတန်ဘိုးနည်းအိမ်ရာအပိုင်း(၂) Infrastructure | ၄၀၀.၀၀၀ | ၃၆၂.၁၇၀ | ၉၀.၅၄ | ၂၀၁၅-၂၀၁၆ |
| | | ၃ | အောင်မြင့်မိုရ်အိမ်ရာစီမံကိန်း | ၃၀၀.၀၀၀ | ၃၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | ၄ | လှိုင်သာယာမြို့နယ်၊ကျန်စစ်မင်းအိမ်ရာစီမံကိန်း(၁) အပိုင်း(၁) Infrastructure | ၄၈၉.၂၀၀ | ၄၇၉.၁၃၆ | ၉၇.၉၄ | ၂၀၁၄-၂၀၁၅ |
| | | ၅ | မန္တလေးတိုင်းဒေသကြီး၊ချမ်းမြသာစည် မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ စီမံကိန်း: Infrastructure | ၇၂၀.၀၀၀ | ၇၁၅.၀၀၀ | ၉၉.၃၁ | ၂၀၁၇-၂၀၁၈ |
| | | ၆ | ရောဝတီတိုင်း၊ပုသိမ်မြို့ ဥမ္မာဒန္တီ တန်ဘိုးနည်း အိမ်ရာ စီမံကိန်း: Infrastructure | ၂၄၆.၇၃၈ | ၂၃၇.၃၅၀ | ၉၆.၂၀ | ၂၀၁၆-၂၀၁၇ |
| | | | စုစုပေါင်း | ၅,၄၀၈.၇၂၄ | ၅,၃၄၆.၄၄၂ | ၉၈.၈၅ | |

## အခန်း(၄)

## ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ


၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဒေသန္တရ စီမံကိန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

ပုံ(၄-၁)

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဒေသန္တရ စီမံကိန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လတွင် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်အပေါ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

## ပုံ(၄-၂)

## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ အတွက် ရည်မှန်းထားသည့် တိုးတက်မှုနှုန်းနှင့် အကောင်အထည်ဖော်မှုအရ တိုးတက်မှုနှုန်း နှိုင်းယှဉ်ချက်

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ

နိုင်ငံ၏ စီးပွားရေး တိုးတက်မှုတွင် အဓိကကျသည့် တိုင်းဒေသကြီး/ ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ ဖြစ်ပါသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁)

**ကချင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃၄,၃၇၉.၂၂ | ၃၄,၃၇၉.၂၂ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၈၁၃ | ၁,၈၄၇ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၄၇၂,၁၉၂.၉ | ၅၀၅,၁၉၃.၀ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၃ | ၆.၄ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၉.၁ | ၁၉.၉ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၉.၈ | ၃၇.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၁.၁ | ၄၂.၇ |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ကချင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄၈၂,၉၂၀.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၅၀၅,၁၉၃.၀သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၄ ရာခိုင်နှုန်းတိုးတက် ခဲ့ပါသည်။

ကချင်ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် အစေ့ထုတ်ပြောင်း၊ မိုးနှမ်း၊ အာလူး၊ လက်ဖက်စသည့် သီးနှံများ၏ ထွက်ရှိမှု တိုးတက်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင် အသား၊


ငါးနှင့် ဥထုတ်လုပ်မှုများ တိုးတက်ခဲ့ခြင်းနှင့် ပုဂ္ဂလိက ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ခြင်းကြောင့် စီးပွားရေး တိုးတက်မှုရှိခဲ့ပါသည်။

ကချင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၃)**

**ကချင်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ကချင်ပြည်နယ်


ကချင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ကချင်ပြည်နယ်၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကချင်ပြည်နယ်


ကချင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၆)

ကချင်ပြည်နယ်၏ ဒေသန္တရစီမံကိန်း

ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ကချင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့သည် ရည်မှန်းချက် တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းအနေဖြင့် မချမ်းဘောမြို့နယ်၊ ပန်နို၊ ပန်ဆပ်၊ နဘူယန်ကျေးရွာများတွင် ၁၃၅ ဧက၊ ရှိန်ကိုင်ယန်ကျေးရွာအုပ်စုတွင် ဧက ၈၀၊ တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့၊ တရံကျေးရွာအုပ်စု ခလုံနှင့် တခက်ကျေးရွာများတွင် ဧက ၄၀၀၊ စုစုပေါင်း ၆၁၅ ဧကကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် အစေ့ထုတ်ပြောင်း၊မိုးနှမ်း၊ အာလူး၊ လက်ဖက်စသည့် သီးနှံများ၏ ထွက်ရှိမှု တိုးတက်ခဲ့ပါသည်။ သားငါးကဏ္ဍတွင် ပုဂ္ဂလိကပိုင်အသား၊ ငါးနှင့် ဥများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းမှ သစ်မာထုတ်လုပ်မှု တိုးတက်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းမှ တရားမဝင် ကျွန်းနှင့် သစ်မာများ ဖမ်းဆီးရရှိခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ကျောက်စိမ်း၊ ရွှေနှင့် သံသတ္တုအရိုင်း (ကန်တော်ယန်) စသည်တို့၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိက ရိုးရာရက်ကန်းလုပ်ငန်းတို့မှ ရိုးရာချည်ထည်၊ လုံချည်၊ လွယ်အိတ်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ အစိုးရဓာတ်အားစနစ်မှ ကျေးရွာ ၅၃၆ ရွာ၊ ပြင်ပဓာတ်အားစနစ်မှ အသေးစားရေအားစနစ်ဖြင့် ကျေးရွာ ၃၀၊ စပါးခွံလောင်စာဖြင့် ကျေးရွာ ၆ ရွာ၊ ဒီဇယ်မီးစက်ဖြင့် ကျေးရွာ ၁၇ ရွာ၊ နေရောင်ခြည်စွမ်းအင်ဖြင့် ၆၉၆ ရွာ၊ အိမ်နီးချင်းနိုင်ငံမှ ဝယ်ယူခြင်းဖြင့် ၂၉ ရွာ စုစုပေါင်း ကျေးရွာ ၁,၃၁၄ ရွာတို့တွင် မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ လမ်းဦးစီးဌာနအနေဖြင့် မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်နှင့် ချီဖွေမြို့နယ်တို့တွင် မံဝိန်း-ချီဖွေ-လောခေါင်-ထောကော့-ဖီမော်လမ်း ကတ္တရာခင်းခြင်းနှင့် သံကူကွန်ကရစ်တံတား ၄၈ စင်း တည်ဆောက်ခြင်း၊ ပူတာအိုခရိုင်မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ကွန်ကရစ်ခင်းခြင်း၊ မချမ်းဘော-ဖရခ-ရပ်ဘော့-နှောင်မွန်လမ်းပေါ်ရှိ ထိခကြိုးတံတားနှင့် ထာခကြိုးတံတားများကို နှစ်လွှာတစ်ထပ် ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိုးညှင်းဒီဂရီကောလိပ်၊ မိုးညှင်းအစိုးရနည်းပညာကောလိပ်တို့တွင် အဆောက်အဦများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် ၁၂ မြို့နယ်ရှိ တောင်သူလယ်သမားများကို မိုးစပါးနှင့်ဆောင်းသီးနှံချေးငွေ ကျပ် ၂၇,၈၄၄.၈၀ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ပုဂ္ဂလိကဘဏ်များမှ ဝန်ဆောင်မှုဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ ခရီးသွားဝန်ဆောင်မှုအနေဖြင့် ပြည်နယ်အတွင်း ပြည်တွင်း/ ပြည်ပ

ခရီးသည်များ ပိုမိုဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းခြင်း၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် သတ္တုတွင်းထွက် ပစ္စည်းများ တင်ပို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ကယားပြည်နယ်

ကယားပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၂)

**ကယားပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၄,၅၂၉.၅၆ | ၄,၅၂၉.၅၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၃၀၇ | ၃၁၄ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁၀၈,၈၃၃.၂ | ၁၂၃,၇၉၃.၅ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၃ | ၇.၉ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၆.၆ | ၃၄.၉ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၁၄.၀ | ၁၅.၀ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၉.၄ | ၅၀.၁ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၁၂,၅၈၇.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၂၃,၇၉၃.၅ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၁၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၉ ရာခိုင်နှုန်းတိုးတက် ခဲ့ပါသည်။

ကယားပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲပုပ်၊ ပဲလွမ်း၊ နှမ်း၊ ကွမ်းသီး၊ ကွမ်းရွက်၊ ငှက်ပျောစသည့် သီးနှံများ၏ ထွက်ရှိမှုတိုးတက်ခဲ့ခြင်း၊ ဝက်၊ ဆိတ်၊ ငါး(မြစိမ်းရောင်) မွေးမြူရေးလုပ်ငန်းများ


ဖွံ့ဖြိုးအောင်မြင်လာခြင်း၊ လမ်းများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ မြန်မာအမျိုးသားလေကြောင်းနှင့် ပုဂ္ဂလိက ပို့ဆောင်ရေးဝန်ဆောင်မှုများ ပိုမို ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

ကယားပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၇)**

**ကယားပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်

ကယားပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ကယားပြည်နယ်၏ နှစ်အလိုက် ဧပြီလမှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ


ပုံ(၄-၈) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၉) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်

ကယားပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၀)

## ကယားပြည်နယ်၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ၊ JICAနှင့် MEB တို့၏ Two Step Loan ချေးငွေများဖြင့် ထွန်စက်ကြီး၊ ရိတ်ခြွေစက် (၉) စီးနှင့် လယ်ယာသုံး စက်ကိရိယာ(၃)မျိုး (၂၃)စီးအား နှစ်တို/ နှစ်ရှည် ချေးငွေအဖြစ် ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ဂက်နှင့် ဆိတ်မျိုးများ၊ ဖရီရှန်နို့စားနွားများ ဝယ်ယူဖြန့်ဖြူးပေးခြင်း၊ မြစိမ်းရောင်(ငါးကဏ္ဍ)ဖြင့် အရင်းမပျောက် မတည်ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ကြိမ်၊ သစ်ခေါက်၊ လျှော်၊ ပျားရည်နှင့် ဘုမ္မရာဇာများ တိုးတက်မှုရှိခဲ့သော်လည်း အခြားသစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ခဲမဖြူအဖြိုက်နက်ရိုးလိုက်ရောရာသတ္တု (ဦးပိုင် ၇၀%၊ အမှတ်-၂ သတ္တုတွင်း၊ ဦးပိုင်ဝေစု ၃၀%)ကို ရည်မှန်းထားသည်ထက်ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ဦးရေ ၁၅၉ ဦးရှိပြီး လုပ်ငန်းရှင်များ လိုအပ်သော အသေးစားချေးငွေများရရှိရေး သမဝါယမဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်မြို့ပြအားလုံးတွင် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများအပြင် ထရန်စဖော်မာ ၅၅ လုံး တပ်ဆင်နိုင်ခဲ့ပါသည်။ မီးလင်းပြီးကျေးရွာ စုစုပေါင်း ၄၇၁ ရွာတွင် အစိုးရဓာတ်အားစနစ်ဖြင့် ၃၈၇ ရွာ၊ ပုဂ္ဂလိက လျှပ်စစ်မီးလင်းပြီးကျေးရွာ စုစုပေါင်း ၈၄ ရွာရှိပြီး၊ ဒီဇယ်ဖြင့် ၂ ရွာ၊ နေရောင်ခြည်ဖြင့် ၈၂ ရွာ ဖြစ်ပါသည်။ မြို့ပြအိမ်ရာနှင့်ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လမ်း၊ တံတားဆောင်ရွက်မှုများ၊ ဆည်မြောင်းတာတမံများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ပို့ဆောင်ရေးမှ ပြည်နယ်အတွင်း ယာဉ်မျိုးစုံ ၁,၄၄၂ စီးဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ မိုဘိုင်းအော်ပရေတာများ၏ တယ်လီဖုန်းအသုံးပြုခ ဝင်ငွေများလည်းတိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်ဝန်ဆောင်မှုများမှ ရငွေများတိုးတက်ခဲ့ခြင်းနှင့်မယ်စဲ့မြို့နယ်တွင် မြန်မာ့ စီးပွားရေးဘဏ်အသစ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်များ၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွိုင်ကော်မြို့မှ မိုးဗြဲရေတံခါးအား ဖြတ်သန်း၍ အင်းလေးသို့ သွားလာနိုင်မည့် ခရီးစဉ်အသစ်တစ်ခု စီစဉ်ခဲ့ပါသည်။ ထို့အပြင် ထီးပရူန သဘာဝလှိုဏ်ဂူ၊ ဆင်ဖြူတောင်နှင့် ထီးဆိုဒွတ်တွင်လည်း သဘာဝ

အခြေခံခရီးသွားလုပ်ငန်းနှင့် ပွန်ချောင်းတစ်လျှောက် ကနူး/ ကယက်လှေဖြင့် စွန့်စားမှု ခရီးသွား လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ အဓိက ပို့ကုန်တစ်ခုဖြစ်သည့် အစေ့ထုတ်ပြောင်းလုပ်ငန်း တိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းလျက်ရှိပါသည်။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ထိုင်းနိုင်ငံသို့ တင်ပို့မည့် အပင်ထွက်ပစ္စည်းများအား စမ်းသပ်စစ်ဆေးပြီး ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် ထုတ်ပေးလျက် ရှိပါသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၃)

**ကရင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၁,၇၃၀.၈၅ | ၁၁,၇၃၀.၈၅ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၅၈၉ | ၁,၅၉၇ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၄၅၀,၄၂၀.၅ | ၅၀၀,၀၈၄.၅ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၇ | ၈.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၉.၇ | ၂၉.၉ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၃.၈ | ၂၃.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၆.၅ | ၄၆.၇ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆) လ ဒေသန္တရစီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅၀၀,၀၉၀.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅၀၀,၀၈၄.၅ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ရာခိုင်နှုန်း ပြည့် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၈.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ကရင်ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ ကြက်ပေါင်စေး၊ ကွမ်းသီးနှင့် ကွမ်းရွက်စသည့် သီးနှံများထွက်ရှိမှု တိုးတက်ခြင်း၊ ပုဂ္ဂလိကပိုင် အသား၊ ငါးနှင့် ဥထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်ခဲ့ခြင်း၊ ဘားအံစက်မှုဇုန်နှင့် မြဝတီ


စီးပွားရေးဇုန်မှ ပုဂ္ဂလိက စက်မှုလုပ်ငန်းများနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကရင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၁၁)**

**ကရင်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ကရင်ပြည်နယ်၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ


ပုံ(၄-၁၂) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၃) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

ပုံ(၄-၁၄)

### ကရင်ပြည်နယ်၏ ဒေသန္တရစီမံကိန်း
### ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွက် စုစုပေါင်း တောရိုင်းမြေ ၄,၇၀၇ ဧကကို ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ကရင်ပြည်နယ်အတွင်း ဇူလိုင် မှ စက်တင်ဘာလဆန်းအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြှုပ်၍ ပျက်စီးသွားသော မိုးစပါး စိုက်ဧကမှာ ၃၀,၄၉၈ ဖြစ်ပြီး ပြန်လည်စိုက်ပျိုးရန် ၂၄,၁၉၁ ဧကအတွက် မျိုးစပါး တစ်ဧက တစ်တင်းနှုန်းဖြင့် ပြည်နယ်အစိုးရမှ ထောက်ပံ့ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြေသြဇာ အခမဲ့ဖြန့်ဖြူးခြင်း၊ အလှူရှင်များမှ လှူဒါန်းမှုဖြင့် ရရှိသည့် မျိုးစပါးများအား တောင်သူများထံသို့ စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ပျက်စီးသွားသော စပါးစိုက်ခင်းများ အတွက် သက်လျင်မျိုး၊ ရက် ၉၀ စပါးမျိုးများအား ပျိုးခင်းများအဖြစ် ပျိုးထောင်ခြင်း၊ စိုက်ပျိုးချိန် မမီသော လယ်များတွင် သီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ခဲ့ပါသည်။

ပြည်နယ်အတွင်း အသားကဏ္ဍ တိုးတက်လာရန်အတွက် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီနှင့် ဖာပွန်မြို့နယ်များတွင် မွေးမြူရေးဇုန် ၉ ဇုန် တည်ထောင်ထားပြီး မွေးမြူရေး အစုအဖွဲ့ ၈ ဖွဲ့ကို ဖွဲ့စည်းထားနိုင်ခဲ့ပါသည်။ ပေါင်းစည်းလယ်ယာများကို ဘားအံမြို့နယ်တွင် ၁၁ ခု၊ ကော့ကရိတ်မြို့နယ်တွင် ၁ ခု၊ လှိုင်းဘွဲ့မြို့နယ်တွင် ၂ ခု၊ သံတောင်ကြီးမြို့နယ် တွင် ၁ ခု စုစုပေါင်း ၁၅ ခု တည်ထောင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်အများစုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရန်အတွက် ယာယီဓာတ်အားလိုင်းများ ပိတ်ထားခြင်း၊ ဆောက်လုပ်မှုကဏ္ဍတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဂ္ဂလိကပိုင် တည်ဆောက်မှုများ ရပ်ဆိုင်းခဲ့ရသည့်အတွက် အကောင်အထည်ဖော်နိုင်မှုများ အားနည်းခဲ့ပါသည်။

ဇူလိုင်လ မှ စက်တင်ဘာလအထိ ရေကြီးရေလျှံများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းခရီးများသွားလာမှု ပြတ်တောက်ခဲ့ပြီး ပို့ဆောင်ရေးဝန်ဆောင်မှု အားနည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်အနေဖြင့် ကော့ကရိတ်မြို့နယ်တွင် ကမ္ဘောဇဘဏ် ၁ ခု၊ ဘားအံမြို့နယ်တွင် သမဝါယမဘဏ် ၁ ခုတို့ကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရိုးမဘဏ်များမှ ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ဘဏ်ချေးငွေများ ထုတ်ချေးခြင်း၊ ဆိုင်ကယ်နှင့် ဖုန်းများအရစ်ကျ ရောင်းချခြင်းများအပေါ် အတိုးများရရှိခြင်း၊ နိုင်ငံခြားငွေ လဲလှယ်ခြင်းလုပ်ငန်းများ၊ နိုင်ငံကူး

လက်မှတ်များ ထုတ်ပေးခြင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်များနှင့် ချိတ်ဆက်၍ ငွေလွှဲလုပ်ငန်းများမှ ဝင်ငွေများ တိုးတက် ရရှိခဲ့ပါသည်။

ဘားအံမြို့နယ်တွင် ဟိုတယ် ၃ ခု အသစ်ထပ်မံတိုးချဲ့ ဖွင့်လှစ်ခဲ့ပါသည်။ သံတောင်ကြီး မြို့နယ်ရှိ နော်ဘူဘော ဆုတောင်းတောင်နှင့် သံတောင်မြို့ရှိ ပသိချောင်းရေတံခွန်တို့မှာ လူသိများလာပြီး ခရီးသွားများ ဝင်ရောက်မှုရှိသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများမှ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ ကရင်ပြည်နယ်သည် အာဆီယံ၏ မြို့ပြခရီးစဉ် ဒေသဆု (ASEAN Sustainable Tourism Award 2018) ကို ရရှိခဲ့ပါသည်။

ချင်းပြည်နယ်

ချင်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၄)

ချင်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၃,၉၀၆.၉၇ | ၁၃,၉၀၆.၉၇ |
| ၂ | လူဦးရေ | ဦးရေထောင် | ၅၀၆ | ၅၁၁ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁၁၁,၆၅၄.၉ | ၁၂၂,၉၇၃.၁ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၀.၆ | ၇.၈ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၅၀.၂ | ၄၈.၀ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၁၁.၂ | ၁၂.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၈.၆ | ၃၉.၆ |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၂၂,၀၄၇.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၅.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၂၂,၉၇၃.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၀.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ချင်းပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ သားငါး ကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်များ တင်သွင်းပေးခြင်း၊ မွေးမြူရေး ချေးငွေများ ထုတ်ချေးပေး၍ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုလမ်းများကို အဆင့်မြှင့်တင်


ပေးခြင်းနှင့် ပြည်နယ်လမ်းသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ရိဒ်-မင်းတပ်-မတူပီ 1.5 Gigabite မိုက်ခရိုဝေ့ဗ်ဆက်ကြောင်း၊ ရိဒ်-မင်းတပ် Fbe IP တပ်ဆင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

ချင်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၅)

**ချင်းပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်

ချင်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ချင်းပြည်နယ်၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ


ပုံ(၄-၁၆) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၇) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်


ချင်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

ပုံ(၄-၁၈)

ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်း

ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် လျော့နည်းခဲ့ပါသည်။

မိုးသီးနှံ စိုက်ပျိုးမှုမှာ ရွှေ့ပြောင်းတောင်ယာတွင် အများအားဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး ရွှေ့ပြောင်းတောင်ယာခုတ်သည့် စနစ်သည်လည်း တစ်နှစ်ထက်တစ်နှစ် ကျဉ်းမြောင်းလာခြင်းကြောင့် စိုက်ပျိုးသည့်သီးနှံများဖြစ်သော စပါး၊ မြေပဲ၊ နှမ်း၊ အာလူး၊ ဂျုတ်စသည့် သီးနှံစိုက်ပျိုးမှုမှာလည်း လျော့နည်းလာခဲ့ပါသည်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကျေးရွာရေသွယ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေဖြင့် ဟားခါးခရိုင်တွင် လုပ်ငန်း ၈ ခု၊ ဖလမ်းခရိုင်တွင် လုပ်ငန်း ၇ ခု၊ မင်းတပ်ခရိုင်တွင် လုပ်ငန်း ၇ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ မတူပီမြို့နယ်၊ ဟရင်ပီး(ခ)ကျေးရွာတွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းကို ပြည်နယ်ရန်ပုံငွေဖြင့် ဧက ၅၀ ဆောင်ရွက် နိုင်ခဲ့ပါသည်။

ခိုင်ကမ်းမြို့နှင့် ကန်ပက်လက်မြို့တို့တွင် နိုင်ငံပိုင် မဟာဓာတ်အားလိုင်းများ သွယ်တန်းပေးနိုင်ခဲ့ပြီး မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်နယ်ရန်ပုံငွေဖြင့် ရေဇွာမြို့ ဝမ်ဖူချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း၊ (ဟားခါး၊ မင်းတပ်၊ ဖလမ်း)ခရိုင်တို့တွင် မြို့ပြမီးလင်းရေး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ၄၆ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ၆၆ ကေဗွီ ဖလမ်း-သိုင်းငင်း ဓာတ်အားလိုင်းစီမံကိန်း၊ ၆၆ ကေဗွီ မင်းတပ် -မတူပီ ဓာတ်အားလိုင်း စီမံကိန်း၊ ၆၆ ကေဗွီ ကျောက်တော်-ပလက်ဝ ဓာတ်အားလိုင်း ၃၀ မိုင် စီမံကိန်း၊ ၆၆ ကေဗွီ သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း ၂၅ မိုင်နှင့် ခွဲရုံ တည်ဆောက်ခြင်း၊ ၆၆ ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်း စီမံကိန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

လမ်းဦးစီးဌာနမှ ပြည်ထောင်စု လမ်းများဖြစ်သည့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး -ဂန့်ဂေါလမ်း၊ မင်းတပ်-မတူပီလမ်း၊ ဟားခါး-မတူပီလမ်း၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ သိုင်းငင်း-တီးတိန်လမ်း၊ ပခုက္ကူ-ကျောက်ထု-မင်းတပ်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ ဂန့်ဂေါ-အိုက်ကားလမ်း၊ ရှာတလိုင်း-လိုတော်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ထန်တလန်-နှာရိန်-ရေဇွာ-မတူပီလမ်း၊ ဖလမ်း-ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ မတူပီ-ပလက်ဝ လမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ထန်တလန်-လုံလဲလမ်း၊ ဖို့ဂိုက်-ထုတ်လိုင်လမ်းတို့ကို ပိုမိုကောင်းမွန်စေရေး၊ အဆင့်မြင့်တင် ဆောင်ရွက်

ပေးခြင်းနှင့် ပြည်နယ်လမ်းများကိုလည်း လမ်းသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဖလမ်းမြို့ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း လေယာဉ်ပြေးလမ်းသစ် (၆၀၀၀x၁၀၀)ပေ တည်ဆောက်ရန်အတွက် လေယာဉ်ပြေးလမ်းနယ်အတွင်း မြေတူးဖြတ်ခြင်း၊ မြေဖို့ကြိတ်ခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ မြို့နယ် ၉ မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများအတွက် ကျပ်သန်း ၃၀၀ ထုတ်ချေး ပေးခဲ့ပါသည်။ သမဝါယမဦးစီးဌာနမှ ငွေစုငွေချေး အသင်းသားဦးရေ ၇,၀၃၆ ဦး အတွက် ကျပ် ၁,၃၇၃.၀၄၅ သန်း ထုတ်ချေးခဲ့ပါသည်။

EXAM BANK မှ မြို့နယ် ၉ မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယက္ကန်းလုပ်ငန်းများ အတွက် ပံ့ပိုးချေးငွေ ကျပ် ၄,၄၇၃.၁၃၈ သန်း၊ မြို့နယ် ၉ မြို့နယ်အတွက် ထုတ်ချေးငွေ ကျပ် ၇,၉၇၉.၆၁၅ သန်း၊ သစ္စာဥယျာဉ်ကုမ္ပဏီမှ အသေးစားချေးငွေ လုပ်ငန်းများအတွက် ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်၊ ထန်တလန်မြို့နယ်တို့တွင် ချေးငွေစုစုပေါင်း ကျပ် ၁,၀၁၅.၇၃ သန်း တို့ကို ထုတ်ချေးပေးခဲ့ပါသည်။

ခရီးသွားလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဟားခါးမြို့၊ မင်းတပ်မြို့နှင့် တီးတိန်မြို့များတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ကန်ပက်လက်မြို့တွင် Tourism Information Counter ကို ဖွင့်လှစ်ထားရှိပြီး နတ်မတောင်သို့ ပြည်ပခရီးသွားဦးရေ ၂၃၄ ဦး လာရောက်ခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၅)

**စစ်ကိုင်းတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃၆,၁၇၈.၇၂ | ၃၆,၁၇၈.၇၂ |
| ၂ | လူဦးရေ | ဦးရေထောင် | ၅,၄၇၁ | ၅,၅၁၁ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃,၀၆၂,၂၉၀.၉ | ၃,၅၂၂,၁၃၆.၆ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၉.၅ | ၉.၆ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၂.၂ | ၃၀.၅ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၆.၂ | ၃၈.၀ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၁.၆ | ၃၁.၅ |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၅၇၃,၉၉၂.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၅၂၂,၁၃၆.၆ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၉.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေး တိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် နှမ်းစပါး၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ ကွမ်းရွက်၊ အုန်းသီးနှင့် ငှက်ပျော စသည့်သီးနှံများ၏


ထွက်ရှိမှု တိုးတက်ခဲ့ခြင်း၊ ဖယ်ရိုနီကယ်၊ ကြေးနီသတ္တုစင်၊ ကျောက်မီးသွေးထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိကအသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ(၄-၁၉)**

**စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီး


စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## စစ်ကိုင်းတိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၂၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၂၂)
စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း
ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်လာပြီး မြို့နယ် ၂၇ မြို့နယ်တွင် ရေကြီးနစ်မြုပ်သည့်ဒဏ်ကြောင့် သီးနှံရေနစ်မြုပ်ဧက ၁၁၄,၈၄၅၊ ထိခိုက်ဧက ၁၀၀,၂၇၂၊ ပျက်စီးဧက ၆၈,၂၁၈ ရှိခဲ့ပြီး ၆၅,၀၉၆ ဧကကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးကြီးခြင်းနှင့် မြစ်ရေမြင့်တက်ခြင်းကြောင့် ပျက်စီးခြင်း ၅၁,၉၅၇ ဧက၊ ကြွက်ကျရောက် ဖျက်ဆီးခံရသည့် ၅၈ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ သီးနှံထောက်ပံ့ငွေကို ဆောင်ရွက်ပေးခဲ့ပါသည်။ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မန်ကျည်းဖြူကျေးရွာအုပ်စု၊ မန်ကျည်းဖြူကျေးရွာတွင် မီးလောင်မှုကြောင့် တောင်သူ ၁၉ ဦး၏ မျိုးစပါး ၁၂၇ တင်း၊ မျိုးမြေပဲ ၃၁၅ တင်း ဆုံးရှုံးခဲ့ရခြင်းအတွက် မီးဘေးသင့် တောင်သူများအား တစ်တင်းလျှင် ၁၅,၀၀၀ ကျပ်နှုန်း ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

SME Member Card ထုတ်ပေးနိုင်သော လုပ်ငန်းရှင် ဦးရေ ၄၅၀ ဦး ရှိပြီး ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းရှင် ၂၇ ဦးအား ချေးငွေများ ထုတ်ချေးနိုင်ခဲ့ပါသည်။ SME Agency မှ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းနှင့် ကလေးစက်မှုဇုန်များတွင် SME ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲများ ၁ ကြိမ်စီ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံသားကုမ္ပဏီ ၂၆၂ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃ ခု ခွင့်ပြုခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း ၁ ခုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခဲ့ပါသည်။

မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ တည်ဆောက်နိုင်ခြင်း၊ မီးလင်းပြီးကျေးရွာစုစုပေါင်း ၅,၀၀၆ ရွာတွင် အစိုးရဓာတ်အားစနစ်ဖြင့် ၁,၇၇၁ ရွာ၊ ပုဂ္ဂလိကလျှပ်စစ် မီးလင်းပြီးကျေးရွာစုစုပေါင်း ၃,၂၃၅ ရွာရှိပြီး ယင်းတွင် အသေးစားရေအားဖြင့် ၁၇၂ ရွာ၊ ဇီဝ လောင်စာဖြင့် ရွာ ၂၀၊ စပါးခွံလောင်စာဖြင့် ၁၀၈ ရွာ၊ ဒီဇယ်ဖြင့် ၁,၃၄၆ ရွာ၊ နေရောင်ခြည်ဖြင့် ၁,၅၈၉ ရွာ ဖြစ်ပါသည်။ ငွေကြေးဝန်ဆောင်မှုတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်တို့၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ သမဝါယမငွေစုငွေချေးလုပ်ငန်းများ၏ ချေးငွေများမှ အတိုးရငွေများအပြင် ငွေလွှဲခနှင့် ဝန်ဆောင်ခရငွေများ တိုးတက်ခဲ့ပါသည်။ သမိုင်းဝင်ဒေသများသို့ ပြည်တွင်း ပြည်ပဧည့်သည်များ ဝင်ရောက်လာခြင်းကြောင့် ခရီးသွား လုပ်ငန်းတိုးတက်ခဲ့ပါသည်။ တမူး၊ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းများ ရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလျက် ရှိပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား (၄-၆)**

**တနင်္သာရီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၆,၇၃၅.၅၆ | ၁၆,၇၃၅.၅၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၄၅၄ | ၁,၄၆၆ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၆၁၇,၅၄၀.၇ | ၁,၇၆၅,၈၈၃.၉ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၁ | ၉.၇ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၉.၄ | ၄၁.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၇.၃ | ၂၃.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၃.၃ | ၃၄.၈ |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၆၈၇,၉၁၀.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၇၆၅,၈၈၃.၉ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၉.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် ဆီအုန်း၊ ကြက်ပေါင်စေး၊ စားကြံ၊ ကွမ်းသီး၊ ကွမ်းရွက်၊ ပီလောပီနံနှင့် ငှက်ပျော စသည့်သီးနှံများ၏

ထွက်ရှိမှုတိုးတက်ခဲ့ခြင်း၊ တိရစ္ဆာန်ကာကွယ်ကုသခြင်းလုပ်ငန်းနှင့် အသေအပျောက် နည်းပါးအောင် သင်တန်းပေးခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု အားကောင်းလာခြင်းတို့ကြောင့် တိုးတက်မှုကို ရရှိခြင်း ဖြစ်ပါသည်။


တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရ စီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၂၃)

**တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ**

**ဒေသန္တရ စီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီး


တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရ စီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများ နှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## တနင်္သာရီတိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်စျေးနှုန်း)




ပုံ(၄-၂၅) တိုးတက်မှုနှုန်း (ပုံမှန်စျေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၂၆)

### တနင်္သာရီတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

ဆီအုန်း၊ ကြက်ပေါင်စေး၊ စားကြံ၊ ကွမ်းသီး၊ ကွမ်းရွက်၊ ပီလောပီနံနှင့် ငှက်ပျော အထွက်များ ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းတို့မှ သစ်မာထုတ်လုပ်မှုများ ယခင်နှစ်ထက် တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ သဘာဝဓာတ်ငွေ့တွင်းများ သည် တွင်းဟောင်းများဖြစ်ပြီး တစ်ရက်ပျမ်းမျှ ကုဗပေသန်းပေါင်း ၁၅ဝ ခန့်သာ ထွက်ရှိသဖြင့် ဓာတ်ငွေ့သိုက်မှ ထွက်ရှိမှုများ လျော့နည်းခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ခဲမဖြူသန့်စင် ၆၅%၊ မဂ္ဂနီဒိုင်အောက်ဆိုဒ်၊ ထုံးကျောက်နှင့် သလင်းကျောက်မှာ ယခင်နှစ်ထက် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အခြားကျောက်နှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုမှာ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများအား ပြုပြင်တည်ဆောက်ခြင်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ကိုယ်ထူကိုယ်ထလမ်း၊ တံတား၊ တည်ဆောက်ခြင်းလုပ်ငန်းများကြောင့် တိုးတက်ရခြင်း ဖြစ်ပါသည်။

မြိတ်မြို့နယ် စက်မှုဇုန်မှ ငါးအမှုန့်ကြိတ်စက်၊ ငါးပုစွန်ခြောက်ခံ၊ ငါးအသားလွှာနှင့် အအေးခန်း လုပ်ငန်းများမှ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ စက်မှုဇုန်ပြင်ပရှိ ဆီအုန်း၊ ဆီကြမ်း၊ ခနိ၊ သကြားနှင့် မျှင်ငါးပိ၊ ငါးခြောက်၊ ငါးမုန့်၊ ငါးအအေးခန်း လုပ်ငန်းများ၊ ဝပ်ရှော့လုပ်ငန်းများ၊ မွေးမြူရေးအစာ၊ အခွံမာ အသီးခွဲ လုပ်ငန်းများတိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက လျှပ်စစ်မီးလင်းပြီး ကျေးရွာစုစုပေါင်း ၇၂၈ ရွာရှိပြီး၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၄ ရွာ၊ ဇီဝလောင်စာဖြင့် ၁၁၂ ရွာ၊ ဒီဇယ်ဖြင့် ၄၇ဝ ရွာနှင့် နေရောင်ခြည်ဖြင့် ၁၄၂ ရွာကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကိုယ်ထူကိုယ်ထလမ်း၊ တံတား၊ မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ သဘာဝဘေးအန္တရာယ် ပင်လယ်လှိုင်းကာ အဆောက်အဦများ ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် သမဝါယမဘဏ်၊ အပေါင်ဆိုင်များ၊ အသေးစား ငွေစုငွေချေး လုပ်ငန်းများမှ ဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။ ထူးခြားသော သမိုင်းဝင် ရှင်ကိုးရှင် ဘုရားများ၊ ကမ်းခြေများ၊ ရေပူတွင်းနှင့် သူဌေးကျွန်း အပန်းဖြေစခန်းတို့ တည်ရှိခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ခဲ့ပါသည်။ မြိတ်၊ ကော့သောင်း၊ ထီးခီး၊ မော်တောင် နယ်စပ်စခန်းများ ရှိခြင်းနှင့် ထိုင်းနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်လျက်ရှိသောကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။

**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၇)

**ပဲခူးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၅,၂၁၄.၁၃ | ၁၅,၂၁၄.၁၃ |
| ၂ | လူဦးရေ | ဦးရေထောင် | ၄,၉၁၃ | ၄,၉၂၄ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၈၁၇,၆၀၂.၇ | ၂,၀၄၀,၁၄၀.၃ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၃ | ၈.၀ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၈.၁ | ၂၈.၁ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၁.၉ | ၂၂.၁ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၅၀.၀ | ၄၉.၈ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၀၁၂,၅၇၅.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၀၄၀,၁၄၀.၃ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၁.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၈.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် နှမ်းစပါး၊ ချက်ကြံရင့်၊ ကြက်ပေါင်စေးစသည့် သီးနှံများ၏ ထွက်ရှိမှုတိုးတက်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်း


တွင် အထည်ချုပ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ ဂျုန်တန် အိမ်သုတ်ဆေးစက်ရုံ၊ ငါးမျှားချိတ် စက်ရုံများ အသစ် ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ သမဝါယမနှင့် ပုဂ္ဂလိက ပို့ဆောင်ရေးဝန်ဆောင်မှုများ ပိုမို တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၂၇)

**ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ပဲခူးတိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ


ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၉) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း အပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၀)

## ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပဲခူးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

နွေစပါး စိုက်ဧက ပိုမိုစိုက်ပျိုးနိုင်ခြင်းကြောင့် အထွက်ပိုမိုခြင်း၊ ကြက်ပေါင်စေးအား အထွက်နှုန်းကောင်းသည့် မလေးရှားမျိုးဖြစ်သော 2000-Serie, BPM-24, BPM-152,PB-260, မျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ လယ်ယာထွက်ကုန် သီးနှံများအား ရောင်းဝယ်ဖောက်ကားရာတွင် ဈေးကွက်ခိုင်မာမှုရှိစေရန်အတွက် ကုန်စည်ဒိုင်များ၊ သီးနှံအစုအဖွဲ့များ၊ မွေးမြူရေးအစု အဖွဲ့များနှင့် ဆောင်ရွက်လျက် ရှိပါသည်။ နွားမျိုးကောင်းမျိုးသန့်များဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ခြင်း၊ မြစိမ်းရောင်ကျေးရွာ ထူထောင်ခြင်း၊ ပေါင်းစည်းလယ်ယာများ ဖွံ့စည်း ထူထောင်ခြင်းနှင့် ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

သစ်တောစိုက်ခင်း တည်ထောင်ခြင်း (ကျွန်း) ၄,၃၆၀ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၀ ဧက၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း ၂,၉၈၀ ဧကကို စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပဲခူးမြို့နယ် ညောင်အင်းစက်မှုဇုန်နှင့် စက်မှုဇုန်ပြင်ပတို့တွင် အထည်ချုပ်စက်ရုံ တစ်ရုံ၊ ဖိနပ်စက်ရုံ နှစ်ရုံ၊ အိမ်သုတ်ဆေးစက်ရုံ တစ်ရုံနှင့် ငါးမျှားချိတ်စက်ရုံ တစ်ရုံတို့ကို အသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

မီးလင်းပြီးကျေးရွာ စုစုပေါင်း ၂,၃၄၀ ရွာတွင် အစိုးရဓာတ်အားစနစ်ဖြင့် ၁,၉၂၄ ရွာ၊ ပုဂ္ဂလိက လျှပ်စစ်မီးလင်းပြီး ကျေးရွာစုစုပေါင်း ၄၁၆ ရွာရှိပြီး၊ ယင်းတွင် အသေးစား ရေအားလျှပ်စစ်ဖြင့် ၂ ရွာ၊ စပါးခွံလောင်စာဖြင့် ၅ ရွာ၊ ဒီဇယ်ဖြင့် ၃၁ ရွာနှင့် နေရောင်ခြည်ဖြင့် ၃၇၈ ရွာ၌ မီးပေး နိုင်ခဲ့ပါသည်။

လမ်းဦးစီးဌာနမှ လမ်းပိုင်းတည်ဆောက်မှု စုစုပေါင်း ၆၅ လမ်းနှင့် တံတားများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းတိမ် ၆၄ တွင်း၊ တွင်းနက် ၃ တွင်း၊ မြေသားရေကန် ၁၁ ကန်၊ လက်တူး တွင်း ၅ တွင်း၊ အခြား ၁၅၄ တွင်း၊ စုစုပေါင်း ၂၃၇ ခုတို့ကို ဆောင်ရွက်ခဲ့ပါသည်။ စာတိုက်စခန်းများမှ Easy Mobile လုပ်ငန်းကို CB Bank ဖြင့် ချိတ်ဆက်ပြီး ငွေပို့/ ငွေယူများ ဆောင်ရွက်ပေးခြင်း၊ My Kyats ဖြင့် Myanmar National Airway (MNA) လေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်(ပြည်တွင်း/ ပြည်ပ)များကို ရောင်းချပေးခြင်းဖြင့် စာတိုက်ဝင်ငွေ တိုးတက်ရရှိခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များမှ ဝင်ငွေများတိုးလာပြီး စီးပွားရေးလုပ်ငန်းရှင်များမှ ချေးငွေရယူမှုများပြား လာခဲ့ပါသည်။

ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ကမ္ဘောဇသာဒီနန်းတော် သန့်ရှင်းသာယာလှပရေး အတွက် လိုအပ်သောပစ္စည်းများပံ့ပိုးပေးခြင်းနှင့် ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ အခါအားလျော်စွာ ယဉ်ကျေးမှု အမွေအနှစ်ဒေသများအား ဇုန်အဖြစ် သတ်မှတ်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်းပြည်ပ ဧည့်သည်များလည်း ဝင်ရောက်လေ့လာသူ များပြားလာသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်း များမှ ဝင်ငွေပိုမိုရရှိခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၈)

မကွေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၇,၃၀၅.၃၂ | ၁၇,၃၀၅.၃၂ |
| ၂ | လူဦးရေ | ဦးရေထောင် | ၃,၉၄၂ | ၃,၉၄၀ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၂,၆၄၃,၁၇၃.၈ | ၂,၆၄၅,၅၇၉.၅ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၀.၄ | -၄.၀ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၃.၁ | ၂၄.၂ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၈.၃ | ၃၃.၀ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၈.၆ | ၄၂.၈ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၉၅၀,၇၇၃.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၆၄၅,၅၇၉.၅ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၈၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၀ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် လယ်ယာကဏ္ဍကြီး၏ ထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့် စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများ တိုးတက်ခဲ့သော်လည်း စီးပွားရေး ကျဆင်းခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ရေနံစိမ်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှ


ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီ၊ အထွေထွေဆီ၊ ရေနံချေး ထုတ်လုပ်မှုများ၊ လုံခြုံရေးနှင့် ပုံနှိပ်လုပ်ငန်းမှ ထုတ်လုပ်မှုများနှင့် ပုဂ္ဂလိကပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာခြင်း၊ မကွေး-ပုသိမ်၊ မကွေး-ပြည်၊ မကွေး-မော်လမြိုင် ခရီးစဉ်သစ်များကို တိုးချဲ့ ပြေးဆွဲနိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၁)

**မကွေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီး


မကွေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## မကွေးတိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၃၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၃၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၄)
မကွေးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း
ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်းအပေါ် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် နှံစားသီးနှံများဖြစ်သော မိုးစပါး၊ နှံစားပြောင်း၊ ဖူးစားပြောင်း၊ ပဲအမျိုးမျိုးတွင် ပဲတီစိမ်း၊ ပဲပုပ်၊ ပဲလွမ်း၊ ပဲစဉ်းငုံ၊ ပဲနောက်၊ ဆီထွက်သီးနှံများတွင် မိုးမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နေကြာတို့ အဓိကလျော့နည်း စိုက်ပျိုးခဲ့ပြီး သီးနှံထွက်ရှိမှုလည်း လျော့နည်းခဲ့ပါသည်။

ထိုသို့လျော့နည်းရခြင်းမှာ ၂၀၁၈ ခုနှစ် မေလတွင် မိုးရွာရက် ၇ ရက် ရှိခဲ့ပြီး မိုးရေချိန် ၆.၆၂ လက်မနှင့် ဇွန်လတွင် မိုးရွာရက် ၁၃ ရက်ရှိခဲ့ပြီး မိုးရေချိန် ၁၃.၇၀ လက်မ ရွာသွန်းခဲ့သောကြောင့် မိုးသီးနှံအချို့ ရေကြီးနစ်မြုပ်ခဲ့ခြင်း၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးချိန်တွင် မိုးများသောကြောင့် စိုက်ပျိုးချိန် နောက်ကျခြင်း၊ သီးထပ်သီးညှပ်နှင့် တောင်ယာစိုက်ဧကများ လျော့နည်းခြင်း၊ ဝတ်မှုန်ကူးချိန်တွင် မိုးရွာခြင်းတို့ကြောင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ထွက်ရှိမှုများ လျော့နည်းရခြင်း ဖြစ်ပါသည်။

သားငါးကဏ္ဍတွင် အသား၊ ငါး၊ ဥထုတ်လုပ်မှုများ တိုးတက်ခဲ့ခြင်း၊ သစ်တောကဏ္ဍတွင် ပုဂ္ဂလိကပိုင် ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာချောတို့တွင် တိုးတက်ထုတ်လုပ်ခဲ့ခြင်း၊ စွမ်းအင်ကဏ္ဍတွင် ရေနံစိမ်းထုတ်လုပ်သည့် တွင်းအရေအတွက် တိုးလာခြင်း၊ လုပ်ငန်းသဘာဝအရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် တရားမဝင်ရေနံစိမ်း တူးဖော်မှုနှင့် သယ်ယူပို့ဆောင်မှုများအား စစ်ဆေးကြပ်မတ်ခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်မားလာခြင်းတို့ကြောင့် ပုဂ္ဂလိကပိုင် ရေနံစိမ်းထုတ်လုပ်မှု တိုးတက်ရခြင်း ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်၊ ဇုန် ၂ ဇုန် အပါအဝင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၃,၅၇၃ တို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အစိုးရဓာတ်အားစနစ်ဖြင့် မီးလင်းသည့် ကျေးရွာ ၉၀၀၊ အသေးစားရေအားဖြင့် ၄၇ ရွာ၊ စပါးခွံလောင်စာဖြင့် ၁၆ ရွာ၊ ဒီဇယ်မီးစက်ဖြင့် ၁,၃၀၁ ရွာ၊ နေရောင်ခြည်စွမ်းအင်ဖြင့် ၄၉၃ ရွာရှိသဖြင့် ကျေးရွာပေါင်း ၂,၇၅၇ ရွာ မီးလင်းပြီး ဖြစ်ပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် မင်းဘူးမြို့နယ်နှင့် သရက်မြို့နယ်တို့တွင် သမဝါယမဘဏ် ၂ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ပုဂ္ဂလိကဘဏ် ၇၅ ခု၊ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁ ခု၊ သမဝါယမဘဏ် ၁၁ ခု

တို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ သမဝါယမဘဏ်၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများကို တိုးမြှင့် ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် ၃၈ လုံး၊ တည်းခိုရိပ်သာ ၁၆၃ လုံးဖြင့် တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပခရီးသည် ဝင်ရောက်မှု ဦးရေ ယခင်နှစ်ထက် တိုးတက်ခဲ့ခြင်း၊ ပြည်တွင်းခရီးသွားများ၏ သုံးစွဲမှုဝင်ငွေများ တိုးတက်ခဲ့ပြီး ပြည်ပခရီးသွားများ၏ သုံးစွဲနိုင်မှု ဝင်ငွေမှာ အနည်းငယ် လျော့နည်းခဲ့သော်လည်း၊ ခရီးသွားလုပ်ငန်းများ၏ ဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုများမှ ဝင်ငွေများ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**

မန္တလေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၉)

**မန္တလေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၁,၉၂၅.၉၅ | ၁၁,၉၂၅.၉၅ |
| ၂ | လူဦးရေ | ဦးရေထောင် | ၆,၃၆၀ | ၆,၄၁၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃,၂၁၁,၁၅၉.၃ | ၃,၅၇၉,၀၄၉.၄ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၁၀.၁ | ၆.၆ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၆.၈ | ၁၅.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၃.၈ | ၃၄.၉ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၉.၄ | ၄၉.၃ |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၆၄၃,၈၄၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၅၇၉,၀၄၉.၄ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၈.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့ ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ စားသောက်ရေးလုပ်ငန်းများ၊ ရိုးရာချည်ထည် ယက်လုပ်မှုလုပ်ငန်းများ၊ ပရိဘောဂ


အမျိုးမျိုးနှင့် ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ပို့ဆောင်ရေးဝန်ဆောင်မှုများ ပိုမို ကောင်းမွန်လာခြင်းကြောင့် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ(၄-၃၅)**

**မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီး


မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရ စီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## မန္တလေးတိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၃၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၈)

### မန္တလေးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် လျော့နည်းခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲလိုက်၍ ဈေးကွက်အခြေအနေအရ တောင်သူများ တွက်ချေမကိုက်တော့သဖြင့် ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာ ယခင်နှစ်ထက် စိုက်ဧကနှင့် အထွက်နှုန်းများ လျော့နည်းခဲ့ပြီး မြေပဲ၊ နှမ်းနှင့် ဂျုတ်သီးနှံတို့မှာလည်း အထွက်နှုန်းများ လျော့နည်းခဲ့ပါသည်။

စွမ်းအင်ကဏ္ဍတွင် ညောင်ဦးမြို့နယ် တက်မဒေသမှ ရေနံစိမ်း ပုံမှန်ထွက်ရှိသော်လည်း ကျောက်ပန်းတောင်းမြို့နယ် ငါးသျှုန်တောင်ဒေသမှ ရေနံစိမ်းအထွက် လျော့နည်းခဲ့ပါသည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် နိုင်ငံပိုင်အခန်းအနေဖြင့် မြင်းခြံခရိုင် သံမဏိစက်ရုံမှ သံမဏိတုံးထုတ်လုပ်မှု ရပ်ဆိုင်းထားခြင်း၊ သမဝါယမပိုင်အခန်းတွင် လမ်းခင်းကျောက်နှင့် ကြွေကျောက်ထုတ်လုပ်မှု မရှိတော့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ရမည်းသင်းခရိုင်မှ ရွှေထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းထားခြင်း၊ မာဘယ်လ်ကျောက်တုံး၊ အလှဆင်ကျောက်၊ မြေဖယောင်း ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်ထုတ်လုပ်မှုတွင် စားသောက်ရေးလုပ်ငန်းများ၊ အမရပူရ မြို့နယ်ရှိ ယက်ကန်းလုပ်ငန်းများမှ ရိုးရာချည်ထည်နှင့် ကြိုးကြိုးချိတ် ယက်လုပ်မှုလုပ်ငန်းများ၊ ဝမ်းတွင်းမြို့ရှိ စက်ယက်ကန်းများမှ ကျားဝတ်လုံချည် အမျိုးမျိုး၊ ပရိဘောဂ အမျိုးမျိုး၊ စက်ပရိန် မွေ့ယာအမျိုးမျိုး၊ ဘိလပ်မြေနှင့် စက္ကူထုတ်လုပ်မှုလုပ်ငန်းများမှ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ SME Member ဝင်များအနက်မှ လုပ်ငန်းရှင် ၃၃၃ ဦးအား ချေးငွေရရှိရန် အသိအမှတ်ပြုထောက်ခံပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်သမဝါယမဘဏ်မှ လုပ်ငန်းရှင် ၃၁ ဦးအား ချေးငွေ ကျပ်သိန်း ၂,၄၁၀၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ လုပ်ငန်းရှင် ၁ ဦးအား ချေးငွေ ကျပ်သိန်း ၂၀၀၊ မြန်မာ့ စီးပွားရေးဘဏ်မှ လုပ်ငန်းရှင် ၂၃ ဦးအား ချေးငွေ ကျပ်သိန်း ၁၁,၅၅၀ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင် ဘဏ်ခွဲအသစ်များ ၂၄ ခု ထပ်မံဖွင့်လှစ်နိုင်ခဲ့ခြင်း၊ INGO ၃ ဖွဲ့၊ NGO ၃ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၁၅ ခု၊ ပြည်တွင်းကုမ္ပဏီ ၃၂ ခု၊ အစုစပ်လုပ်ငန်း (၁) ခုနှင့် အသေးစားငွေချေး လုပ်ငန်း များမှ BG Microfinance, JB Captial Myanmar, Shin Han Microfinance, မြတ်ကျွန်းသာ၊ Alliance၊ ဖူလ်တန်မြန်မာတို့ အပါအဝင် ကုမ္ပဏီများမှ ငွေစုငွေချေးဝန်ဆောင်မှုလုပ်ငန်းများ၊ Wave Money ငွေကြေးဝန်ဆောင်မှုများနှင့် Pact Myanmar အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

စက်တင်ဘာလကုန်အထိ ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းမှ ၄၆၈,၀၈၇ ဦး၊ ပြည်ပမှ ၂၄၄,၄၂၈ ဦး ဝင်ရောက်ခဲ့ပါသည်။ မှတ်ပုံတင်ထားသည့် ဧည့်လမ်းညွှန် ၁,၄၁၅ ဦး ရှိသဖြင့် ခရီးသွားလာရေးလုပ်ငန်းတွင် များစွာ အထောက်အကူ ဖြစ်ခဲ့ပါသည်။ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု၊ ဟိုတယ်နှင့် တည်းခိုခန်းဝန်ဆောင်မှု၊ စားသောက်ဆိုင်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေများ ပိုမိုတိုးတက်ခဲ့ပါသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၀)

မွန်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၄,၇၄၇.၇၆ | ၄,၇၄၇.၇၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၂,၀၁၇ | ၂,၀၀၆ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၁၄၁,၇၁၃.၇ | ၁,၂၆၇,၀၃၅.၀ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၅ | ၇.၈ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၅.၀ | ၂၄.၇ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၃.၉ | ၂၃.၆ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၅၁.၁ | ၅၁.၇ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ (၆)လ ဒေသန္တရစီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၂၆၆,၇၅၄.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၂၆၇,၀၃၅.၀ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

မွန်ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် ဘက်စုံအဆင့်မြင့်နည်းပညာကို အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း၊ ရာဘာနှင့် ကြံ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် စံပြကွက်များ ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လိုင်းများ

တိုးတက်လာခြင်းနှင့် လမ်းတံတားများ ကောင်းမွန်လာခြင်းတို့ကြောင့် ပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ၊ မိုဘိုင်းဖုန်းနှင့် မိုဘိုင်းဖုန်းလိုင်းများ၊ စာပို့တိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းနှင့် တယ်လီဖုန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။


မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၉)

**မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆) လ**

**ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်


မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်

မွန်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

ပုံ(၄-၄၂)

## မွန်ပြည်နယ်၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်း ချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်း ပါသည်။

မိုးစပါးစိုက်ပျိုးခြင်းကို ဘက်စုံ အဆင့်မြင့်နည်းပညာကို အသုံးပြု၍ တစ်မြို့နယ်လျှင် စံပြ ကျေးရွာ တစ်ရွာစီဖြင့် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံနှင့် သံဖြူဇရပ်မြို့နယ်တို့တွင် ဧက ၃၀၀ စီနှင့် ရေးမြို့နယ်တွင် ဧက ၁၀၀၊ စုစုပေါင်း ဧက ၂၈၀၀ စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။ ရာဘာနှင့် ကြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရာဘာသီးနှံ ၆၂ ဧကနှင့် ကြံသီးနှံ ၈ ဧကတို့တွင် စံပြကွက်များ ဆောင်ရွက်ခြင်းကို တောင်သူများအား လက်တွေ့ပြသ ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံပိုင် စီးပွားရေး (သစ်မာ) စိုက်ခင်းအား ပေါင်မြို့နယ်တွင် ၁၅၀ ဧက၊ ရေးမြို့နယ်တွင် ၁၀၀ ဧက၊ ဒီရေတောစိုက်ခင်းအား ရေးမြို့နယ်၊ အံ့ဒင်ကျေးရွာတွင် ၂၀ ဧက တည်ထောင်စိုက်ပျိုးခဲ့ပါသည်။ ပုဂ္ဂလိကပိုင် သစ်မာစိုက်ခင်းအနေဖြင့် ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ကျိုက်မရောမြို့နယ်တို့တွင် စုစုပေါင်း ၈၆.၃၅ ဧက စိုက်ပျိုးခဲ့ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းကို ပေါင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ရေးမြို့နယ်တို့၌ ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း ဧက ၇၃၀.၃၀ စိုက်ပျိုး ခဲ့ပါသည်။ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းကို ဘီးလင်းမြို့နယ်၊ ရေးမြို့နယ်တို့တွင် စုစုပေါင်း ဧက ၁၅၀ တည်ထောင်စိုက်ပျိုးခဲ့ပါသည်။

နိုင်ငံပိုင်အခန်း ဆောက်လုပ်မှုတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ ဆည်မြောင်းတာတမံများ တည်ဆောက် ပြုပြင်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ပေါင်မြို့နယ်နှင့် ရေးမြို့နယ်တွင် ကျောက်ရော မြေခင်းခြင်း၊ ပြည်နယ်ဒေသ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ပြည်နယ်တရားလွှတ်တော် အဆောက် အဦဆောက်လုပ်ခြင်း၊ အမှတ် (၃) အကြီးစား စက်မှုလုပ်ငန်း ခြံစည်းရိုးကာရံခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက မြို့နယ်များတွင် ဓာတ်အားလိုင်းများ ပြုပြင်ခြင်းနှင့် ကွန်ကရစ်တိုင်များ ဝယ်ယူ ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်များအတွင်း နိုင်လွန်ကတ္တရာနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၂၂၉ ခု၊ ကွန်ကရစ်တံတားလုပ်ငန်း ၅၄ ခု၊ Box Culvert ၅၃ ခု စုစုပေါင်းလုပ်ငန်း ၃၃၆ ခု တည်ဆောက်နိုင်ခဲ့ပါသည်။

ဂျပန် နှစ်ရှည်ချေးငွေ (ODA Loan) ဖြင့် မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် ရွှေနတ်တောင် ဆည်အနီးတွင် သဲရေစစ်ကန် (Roughing Filter) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း၏ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာတွင် Mawlamyine Water World အပန်းဖြေစခန်း နှင့်မုဒုံမြို့နယ် ကော့ခိုက်ကျေးရွာတွင် Neo More Water World အပန်းဖြေစခန်းများကို တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၁)

ရခိုင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှ စက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှ စက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၄,၂၀၀.၁၈ | ၁၄,၂၀၀.၁၈ |
| ၂ | လူဦးရေ | ဦးရေထောင် | ၃၂၉၂ | ၃၃၀၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၂၄၁,၄၁၀.၅ | ၁,၂၉၃,၆၃၃.၁ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၁.၉ | ၄.၁ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၆.၆ | ၁၆.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၂.၄ | ၄၁.၈ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၁.၀ | ၄၁.၄ |

ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၅၅၀,၁၈၀.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၅.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၂၉၃,၆၃၃.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၈၃.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ ဆောက်လုပ်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများ ဖြစ်ပါသည်။ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း အကြီးစားပြုပြင်ခြင်း၊ ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ပေ ၉၆၀ ရှိသော ဒါးလက်ချောင်းတံတား တည်ဆောက်ခြင်း၊ လမ်းတံတား


များ အသစ်တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှ ကျောင်းများ၊ ဆေးရုံများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှုပိုမိုခဲ့ခြင်းနှင့် ဆိပ်ကမ်းဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၄၃)

ရခိုင်ပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်


ရခိုင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ရခိုင်ပြည်နယ်၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၄၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၄၆)
ရခိုင်ပြည်နယ်၏ ဒေသန္တရစီမံကိန်း
ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်းအပေါ် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သည့် နယ်မြေ မတည်ငြိမ်မှုများကြောင့် သီးနှံ စိုက်ဧက လျော့နည်းခြင်း၊ ရာသီဥတုကြောင့် တစ်ဧကအထွက်နှုန်း လျော့နည်းခြင်း၊ ဈေးကွက်မရှိ၍ တောင်သူများ စိုက်ပျိုးရန် စိတ်ဝင်စားမှု နည်းလာခြင်း၊ သီးနှံစိုက်ပျိုး ရိတ်သိမ်းရာတွင် လုပ်အားခစရိတ် ကြီးမြင့်ခြင်းကြောင့် အကောင်အထည်ဖော်နိုင်မှု လျော့နည်းရခြင်းဖြစ်ပါသည်။ သားငါးကဏ္ဍတွင် မွေးမြူရေးပုစွန်နှင့် ရေငန်ငါးထုတ်လုပ်မှု တိုးတက်လာရခြင်းမှာ သဘာဝ သားပေါက်ဝင်ရောက်လာခြင်းကို တာရိုးဆည်ဖို့ ပိတ်လှောင် မွေးမြူသည့်စနစ်(Trap and Hold)မှ သားပေါက် ထည့်သွင်းမွေးမြူသည့်စနစ် (Extensive Plus System) သို့ အသွင်ပြောင်းလဲ မွေးမြူလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုတွင် အလားတူကာလထက် ကုဗပေသန်း ပေါင်း ၆,၄၈၁.၅၁၄ လျော့နည်းခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများအနေဖြင့် သူဌေးချောင်း ရေအားလျှပ်စစ်စက်ရုံ ဆက်လက်တည်ဆောက်ခြင်း၊ 66 KV ဓာတ်အားလိုင်း လုပ်ငန်း ၉ ခု၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ မောင်တောမြို့နယ်ကျေးရွာများ မီးရရှိရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ယခင်နှစ် အလားတူကာလထက် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း ၂၆,၈၂၂ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ မြို့နယ်များအတွင်း ဓာတ်အားခွဲရုံ ၁,၁၅၃ ရုံဖြင့် ဓာတ်အားဖြန့်ဖြူးလျက်ရှိခြင်း၊ လျှပ်စစ်မီးသုံးစွဲသူဦးရေ များပြားလာခြင်း၊ ဓာတ်အား ရောင်းချယူနစ်၊ ကောက်ခံရငွေများ တိုးလာခြင်း၊ ဓာတ်အားလိုင်းမရရှိသေးသော ကျေးရွာများတွင် ဆိုလာမီးသုံးစွဲခြင်း၊ ပုဂ္ဂလိက လုပ်ငန်းများမှလည်း ဒီဇယ်ဖြင့် အချိန်ပိုင်း မီးပေးဝေခြင်းနှင့် ထရန် စဖော်မာများ ပိုမိုတပ်ဆင် လာနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း အကြီးစားပြုပြင်ခြင်း၊ ရခိုင်ပြည်နယ် မေယုမီးပြတိုက် တည်ရှိရာ မေယုကျွန်း၏ လှိုင်းကာတံတိုင်းအား အဆင့်မြှင့်မွမ်းမံခြင်း၊ လမ်းဦးစီးဌာနမှ ကမ္ဘာ့ဘဏ် ချေးငွေဖြင့် သံတွဲ-ဂွလမ်းပေါ်တွင် RCC Box Culvert ၆ စင်း၊ မြေထိန်းနံရံ(Retainning Wall) တည်ဆောက်ခြင်း၊ ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ပေ ၉၆၀ ရှိသော ဒါးလက်ချောင်း တံတားတည်ဆောက ခြင်း၊ မင်းဘူး-အမ်း-စစ်တွေလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း၊ မြေပုံ-မင်းပြားလမ်းပေါ်ရှိ ကြပ်စင် တံတားတည်ဆောက်ခြင်း၊ ဘူးသီးတောင်-အဂူမော်လမ်းအား မြေသားချဲ့ပြီး ကွန်ကရစ်ခင်းခြင်းတို့ကို

ဆောင်ရွက်ခဲ့ပါသည်။ နယ်စပ်ရေးရာ၊ ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များမှ လမ်းများဖောက်လုပ်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

တောင်ကုတ်ဒီဂရီကောလိပ်၊ စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (စစ်တွေ)တို့တွင် လိုအပ်သော စာသင်ဆောင်များ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အခြေခံပညာအဆင့်တွင် မူလတန်း ၁၆၇ ကျောင်း၊ အလယ်တန်း ၁၂၅ ကျောင်း၊ အထက်တန်း ၁၇ ကျောင်း တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံတိုးချဲ့ဆောင်များ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်တည်ဆောက်ခြင်းနှင့် ကုတင် ၅၀ ဆံ့ ဆေးရုံ ၃ ရုံ၊ တိုက်နယ်ဆေးရုံ ၆၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂ ခု တို့ကို တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။

သောက်သုံးရေရရှိရေးလုပ်ငန်းများအတွက် ရေငန်တား တာများ၊ ဆည်/ ကန် ရေလှောင်တမံများ၊ လျှိုပိတ်ဆည်များ၊ အသက်ကယ်ကုန်း/ ကန်များ၊ ရေတံခါးများ၊ လယ်သမားတာ (ကာရီ)များ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါ ယမငွေစုငွေချေးလုပ်ငန်းများမှ ချေးငွေများကို ထုတ်ချေးပေးခြင်း၊ ပုဂ္ဂလိကဘဏ်များ ပိုမိုများပြားလာခြင်း၊ Mobile Banking စနစ်ဖြင့် ဘဏ် လုပ်ငန်းများ၊ ငွေလွှဲလုပ်ငန်းများ ပိုမိုတိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများမှလည်း ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်၏ ပို့ကုန်အနေဖြင့် မက်ထရစ်တန်ပေါင်း ၂၉,၂၂၁ တန် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် မက်ထရစ်တန်ပေါင်း ၂၀၅,၄၆၁ တန် တင်သွင်းနိုင်ခဲ့ပါသည်။ ပို့ကုန်အနေဖြင့် စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ တင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန်အနေဖြင့် လုပ်ငန်းခွင်သုံး ကုန်ကြမ်းများ၊ ရေရှည်သုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၂)

ရန်ကုန်တိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃,၉၆၇.၈၆ | ၃,၉၆၇.၈၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၇,၈၅၀ | ၈,၀၂၅ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၇,၄၄၇,၆၉၉.၀ | ၈,၄၃၂,၃၇၂.၄ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၆ | ၇.၃ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃.၉ | ၃.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၅.၀ | ၄၅.၉ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၅၁.၁ | ၅၀.၃ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈,၅၂၉,၈၃၂.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိတွင် စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၈,၄၃၂,၃၇၂.၄ သန်းရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၉၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့် ကာလတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ စက်မှုဇုန်များမှ ဖျော်လွယ်ကော်ဖီလုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်း၊ အသင့်ချုပ်ပြီး အထည်လုပ်ငန်း၊ စက်မှုဇုန်ပြင်ပတွင် ငါးပိငါးခြောက်လုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်း၊ မော်တော်ကား


ပြင်ဆင်ခြင်းလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ အများပြည်သူ ပို့ဆောင်ရေးယာဉ်လိုင်းစနစ် Yangon Bus Service (YBS)ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ထို့အပြင် ရန်ကုန်မြစ်တွင်း ခရီးသည် ပို့ဆောင်ရေး Yangon Water Bus ကို ပြေးဆွဲနိုင်ခဲ့ခြင်းနှင့် International Gatway ဒေသကြီးဖြစ်ပြီး ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း လမ်းဆုံတွင်တည်ရှိခြင်း၊ လက်လီလက္ကား ကုန်စည်ဒိုင်ကြီးများ ဖွင့်လှစ်ထားရှိခြင်းနှင့် ကုန်သွယ်ရေး ဖြေလျှော့မှုများကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာပါ သည်။

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၅၇)**

**ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီး


ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူ ကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ရန်ကုန်တိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၄၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၄-၅၀)
### ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ
### (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရ စီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့်အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် မိုးစပါးချေးငွေများ ထုတ်ချေးနိုင်ခဲ့ပြီး JICA Two Step Loan ဖွံ့ဖြိုးရေး ချေးငွေများကို မြို့နယ် ၇ မြို့နယ်ရှိ တောင်သူ ၅၈ ဦးသို့ လယ်ယာသုံးစက် ကိရိယာချေးငွေ ၅ နှစ် ၅ ရစ် နှစ်ရှည်ချေးငွေဖြင့် ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ စွမ်းအင်ကဏ္ဍ တွင်လည်း အဖျောက်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့တွင်းသစ် ၂ တွင်း ထပ်မံဖော် ထုတ်နိုင်ခဲ့ပါသည်။ စက်မှုကဏ္ဍတွင် အကြီးစား ၃,၁၃၅ ခု၊ အလတ်စား၂,၂၅၁ ခု၊ အသေးစား ၁,၆၅၇ ခုနှင့် လုပ်ငန်း စုစုပေါင်း ၇,၀၄၃ ခု မှတ်ပုံတင်နိုင်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် တွင် စက်ရုံ ၅၆ ရုံ၌ အလုပ်သမားဦးရေ ၅,၈၂၃ ဦး ခန့်ထားပြီး ထုတ်လုပ်မှုများ စတင်နေပြီဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီဖြစ်ပါသည်။ မီးလင်းပြီးကျေးရွာအနေဖြင့် ရွာပေါင်း ၁,၃၂၇ ရွာ လျှပ်စစ်မီးရရှိပြီဖြစ်ပါသည်။ တန်ဖိုးသင့်/ တန်ဖိုးနည်း အိမ်ရာများဖြစ်သော အင်းဝအိမ်ရာ၊ ရွှေပေါက်ကံအိမ်ရာ၊ ယုဇနအိမ်ရာ၊ ကနောင်အိမ်ရာ၊ ထီးလှိုင်ရှင်အိမ်ရာ၊ ရွှေလင်ဗန်းတန်ဖိုးနည်း အိမ်ရာစီမံကိန်းတို့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လျှောက်လွှာခေါ် ယူရောင်းချခဲ့ပြီး ငွေပေးသွင်းခွင့်နှင့် နေထိုင်ခွင့်ပေးနိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်လိုင်းပေါင်း ၁၀၀ ခန့်၊ ယာဉ်စီးရေ ၆,၅၀၀ ကျော်တို့ဖြင့် ပို့ဆောင်ပေးလျက် ရှိပါသည်။ ရန်ကုန်စတော့အိပ်ချိန်းသည် စတော့ရောင်းဝယ်မှု အကြိမ်ရေအား မူလက တစ်နေ့လျှင် ၂ ကြိမ် ဆောင်ရွက်ခဲ့ရာ မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်၍ တစ်နေ့လျှင် ၄ ကြိမ်အထိ တိုးမြှင့် ရောင်းဝယ်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၄၈၀,၃၂၆ ဦး ဝင်ရောက်ခဲ့ပါသည်။ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက် ရောင်းဝယ်မှု တိုးတက်လာရေးအတွက် လက်ကားကုန်စည်ဒိုင်များဖွင့်လှစ် ဆောင်ရွက်လျက် ရှိပါသည်။ မြို့နယ် ၁၂ မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်ရွာစီတွင် ကျပ်သန်း ၃၀ နှုန်းဖြင့် ကျေးရွာ ၂၇၉ ရွာမှ ၂၇၁ ရွာအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ မတည်ပေးနိုင်ခဲ့ပါသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၃)

ရှမ်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၆၀,၁၅၅.၂၃ | ၆၀,၁၅၅.၂၃ |
| ၂ | လူဦးရေ | ဦးရေထောင် | ၆၁၄၁ | ၆၂၃၆ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၇၈၄,၃၆၁.၆ | ၂,၀၀၇,၃၅၆.၄ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၄ | ၇.၈ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၈.၃ | ၃၆.၉ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၁၇.၅ | ၁၈.၁ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၄.၂ | ၄၅.၀ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းတွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၉၂၉,၅၈၄.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၀၀၇,၃၅၆.၄ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၄.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၈ ရာခိုင်နှုန်းတိုးတက် ခဲ့ပါသည်။

ရှမ်းပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် မိုးစပါး၊ ပဲပုတ်၊ ပဲလွမ်း၊ ပဲဖြူကလေး၊ ပဲကြီး၊ ပဲယဉ်း၊ ကြက်ပေါင်စေး၊ နေကြာ၊ လက်ဖက်၊ ငှက်ပျောစသည့်

သီးနှံများပိုမိုထွက်ရှိခြင်း၊ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ခြင်းနှင့် ပို့ကုန်၊ သွင်းကုန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။


ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၁)

**ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ**

**ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်


ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ရှမ်းပြည်နယ်၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၅၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၅၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်

ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

ပုံ(၄-၅၄)

### ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရ စီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေး ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှု ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး သားငါးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့သည် ရည်မှန်းချက် တန်ဖိုးထက် အနည်းငယ် လျော့နည်း ပါသည်။

ဖယ်ခုံမြို့၊ ကွတ်ခိုင်မြို့၊ ကျိုင်းတုံမြို့၊ မိုင်းဆတ်မြို့တို့တွင် ကုန်းမြင့်လယ်ယာ ဖော်ထုတ်မှုအတွက် ဧက ၈၀၀ နှင့် တောင်ကြီးမြို့နယ်တွင် စက်မှုလယ်ယာဖော်ထုတ်မှုအတွက် ဧက ၁၀၀ ဖော်ထုတ်နိုင်ခဲ့ပါ သည်။ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးမှုတွင် စပါး ၁,၆၂၂,၂၃၄ တင်းနှင့် ၁,၅၃၉,၈၃၂ ကီလို၊ အစေ့ထုတ်ပြောင်း ၃,၂၂၈,၃၂၅ ကီလို၊ ပဲစင်းငုံ ၇၅၀ တင်း၊ ပဲပုတ် ၆၈၆ တင်း၊ ပဲယဉ်း ၄၆ တင်း၊ မြေပဲ ၁၄၆ တင်း၊ နေကြာ ၄,၄၅၆ ကီလို၊ နှမ်းနက် ၅၃ တင်း၊ ပိုက်ဆံလျှော် တင်း ၂၀ စသည့်သီးနှံများအတွက် စုစုပေါင်း မျိုးကောင်းမျိုးသန့် ၁,၆၂၃,၉၃၅ တင်းနှင့် ၄,၇၇၂,၆၁၃ ကီလို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံ ၁၅၃,၁၅၂ ဧက အတွက် ကျပ် ၁၉,၂၉၅.၀ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

ခဲနှင့် ရောရာသတ္တုရိုင်း၊ ခနောက်စိမ်းနှင့် ရောရာသတ္တုရိုင်း၊ သွပ်နှင့် ရောရာသတ္တုရိုင်း၊ ခဲသတ္တု သန့်စင်၊ ဂေါဒန်ကျောက်၊ ကျောက်မီးသွေးနှင့် ကျောက်အမျိုးမျိုးစသည့်တို့ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ ပါသည်။ စားသောက်ကုန်လုပ်ငန်းများဖြစ်သော (ခေါက်ဆွဲခြောက်၊ နေကြာစေ့၊ ဖရုံစေ့၊ မုန့်ဟင်းခါးဖတ်၊ ဆီတိုဟူး၊ မုန့်ညှင်းချဉ်၊ ပရဆေး၊ ယိုစုံ၊ ဝိုင်ထုတ်လုပ်မှု၊ မုန့်မျိုးစုံ၊ ဘယဆေး)၊ ဝတ်ဆင်ရေးလုပ်ငန်းများ ဖြစ်သော (ရိုးရာဝတ်စုံ၊ အထည်ယက်(ဂွမ်းကပ်) လုပ်ငန်းများ၊ နေထိုင်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော (အုတ်ဘလောက်၊ အုတ်နီခဲ၊ ဘိလပ်မြေ၊ ဝါးထရံ၊ ဝါးကပ်၊ ဖြူးအုတ်လုပ်ငန်းများ)၊ လူသုံးကုန်ပစ္စည်းများ ဖြစ်သော (ပလပ်စတစ် အမျိုးမျိုးနှင့် တရုတ် ရိုးရာစက္ကူ)တို့ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်တွင် ဆောင်ရွက်ဆဲ လုပ်ငန်း စီမံကိန်းများဖြစ်သော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် တောင်ကြီးခရိုင်၊ ညောင်ရွှေ မြို့နယ်တွင် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ အပြိုင်အဆိုင် အားကောင်းလာခြင်းကြောင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ဘဏ်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော Mobile Banking စနစ်များ၊ Credit Card အသုံးပြုသောစနစ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက် ဆိုင်များ၊ အဆောက်အဦငှားရမ်းခများ၊ ဟိုတယ်၊ တည်းခိုခန်းများ၏ ဝင်ငွေများတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂,၀၉၃.၁၉၀ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၈၁၁.၆၅၉ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂,၉၀၄.၈၄၉ သန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သည်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန် ဒေါ်လာ ၆.၂၂၇ သန်း၊ သွင်းကုန်ပမာဏအမေရိကန်ဒေါ်လာ ၃၀.၀၉၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၃၆.၃၂၀ သန်းရရှိခဲ့ပါသည်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏအမေရိကန် ဒေါ်လာ ၁၂၈.၄၁၇ သန်း၊ သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၂၃.၃၁၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၁.၇၂၉ သန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရောဝတီတိုင်းဒေသကြီး**

ရောဝတီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၄)

**ရောဝတီတိုင်းဒေသကြီး၏ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၃,၅၂၅.၈၈ | ၁၃,၅၂၅.၈၈ |
| ၂ | လူဦးရေ | ဦးရေထောင် | ၆,၂၆၉ | ၆,၂၇၂ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃,၅၄၇,၉၇၃.၅ | ၃,၉၉၃,၂၁၃.၉ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၃.၁ | ၆.၅ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၆.၂ | ၂၅.၁ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၈.၃ | ၃၉.၇ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၅.၅ | ၃၅.၂ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရောဝတီတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းတွင် ရောဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၃,၈၅၃,၀၁၂.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၉၉၃,၂၁၃.၉ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၀၃.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရောဝတီတိုင်းဒေသကြီး၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် နွေစပါးစိုက်ပျိုးထွက်ရှိမှု တိုးတက်ခဲ့ခြင်း၊ ကားလမ်းများကောင်းမွန်လာသဖြင့် ခရီးသွားကားများ ပိုမိုပြေးဆွဲလာပြီး ပုဂ္ဂလိကဝန်ဆောင်မှုများ ပိုမိုအားကောင်းလာခြင်း၊ မိုဘိုင်းစခန်းများ


တိုးချဲ့ခြင်း၊ အော်တိုအိတ်ချိန်းများ အဆင့်မြှင့်တင်ခြင်း၊ ဖိုက်ဘာဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ မိုက္ကရိုဆက်ကြောင်းများ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားများ ဝင်ရောက်မှု များလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ(၄-၅၅)**

**ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဧရာဝတီတိုင်းဒေသကြီး


ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ရောဝတီတိုင်းဒေသကြီး၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၅၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၅၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရောဝတီတိုင်းဒေသကြီး

ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်း အပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၈)

### ရောဝတီတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရောဝတီတိုင်းဒေသကြီး

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရ စီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက် တန်ဖိုးထက် အနည်းငယ် လျော့နည်းပါသည်။

၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလကုန်အထိတွင် သီးနှံစုံစီမံကိန်း စိုက်ဧက ၄၆.၂၇ သိန်း အနက် ဧက ၄၆.၂၉ သိန်းစိုက်ပျိုးနိုင်ခဲ့သဖြင့် စုစုပေါင်းစိုက်ဧကကို ရာခိုင်နှုန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါသည်။ ယခုနှစ် မိုးစပါးစိုက်ဧကသည် ၃၆.၈ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဧက ၀.၀၁ သိန်း ပိုမို စိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံမျိုးကောင်းမျိုးသန့် ၆,၁၀၃.၅ တင်း ဖြန့်ဖြူးပေးခဲ့ပါသည်။ ယခုနှစ် နွေစပါးလက်ကျန်ရိတ်သိမ်းမှုမှာ ယခင်နှစ်ကထက် ၇၃,၈၄၂ ဧက ပိုမိုရိတ်သိမ်းနိုင်ခဲ့ပြီး နွေစပါး အထွက်နှုန်းသည်လည်း ယခင်နှစ်ထက်ပိုခဲ့ပြီး တင်း ပေါင်း ၇၄ သိန်း ပိုမိုထွက်ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မိုးစပါးရာသီတွင် စီးပွားဖြစ် မျိုးသန့် မျိုးစေ့ပွားများ ထုတ်လုပ်မှုအား တောင်သူအစုအဖွဲ့၊ ကုမ္ပဏီ၊ ကုမ္ပဏီနှင့် တောင်သူ အကျိုးတူစနစ်၊ ပြည်တွင်း/ ပြည်ပ စီမံကိန်းများဖြင့် စိုက်ဧရိယာ ၄,၉၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၅,၀၂၀ ဧက စိုက်ပျိုးပြီး ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍတွင် ထုတ်လုပ်မှုလျော့နည်းရခြင်းမှာ ရေနံတွင်းများမှာ သက်တမ်းကြာမြင့်သည်ဖြစ်၍ အထွက်နှုန်း ကျဆင်းလာခြင်းကြောင့် ရေနံစိမ်း ထုတ်လုပ်မှုနှင့် ဘူးသွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုလျော့နည်းလာခြင်း ဖြစ်ပါသည်။ သတ္တုကဏ္ဍအနေဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ မိုးတွင်းကာလသည် မိုးရွာသွန်းမှုများ၍ မြစ်သဲထုတ်လုပ်ရန် အခက်အခဲရှိခြင်း၊ ဂဝံကျောက်ထုတ်လုပ်မှုသည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ (ယာယီလုပ်ငန်းလိုင်စင်) ချထားပေးကာ ဓာတ်သတ္တုခွန် ပေးသွင်းစေခဲ့သည့်အတွက် အနည်းငယ်သာ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ထက်လျော့နည်းခဲ့ရခြင်း ဖြစ်ပါသည်။

လမ်းဦးစီးဌာနမှ လမ်းပေါက်များ ဖာထေးခြင်း၊ ကွန်ကရစ် လမ်းခင်းခြင်း၊ တံတားဦးစီးဌာနမှ ဝေနဲ-လေးမျက်နှာတံတားစီမံကိန်း တည်ဆောက်ပြီးစီးခြင်း၊ မြောင်းမြတံတားအသစ်စီမံကိန်း တည်ဆောက် နေခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ရေနုတ်မြောင်း၊ တာတမံ၊ ရေတံခါးနှင့် အခြားပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခြင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုသရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာနှင့် ကျန်းမာရေး ဆေးပေးခန်းများ ဆောက်လုပ် ခြင်း၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာနှင့် စာသင်ဆောင်များ ဆောက်လုပ်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်မှ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ချေးငွေများ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေအား တိုင်းဒေသကြီး ၂၆ မြို့နယ်ဘဏ်ခွဲများတွင် ချေးငွေကျပ် ၂၉၂,၅၉၉.၉ သန်းအား ထုတ်ချေးနိုင်ခဲ့ခြင်း၊ ဖွံ့ဖြိုးရေးချေးငွေ JICA (Two Step Loan) စနစ်ဖြင့် မြို့နယ် ၁၆ မြို့နယ်မှ တောင်သူ ၆၀ ဦး အား စပါးခြွေလှေ့စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်စီးရေ ၆၀ စီးအတွက် ချေးငွေကျပ် ၂,၂၈၄.၅၇၅ သန်း ထုတ်ချေးခဲ့ပါသည်။

ခရီးသွားလုပ်ငန်းအနေဖြင့် ခရီးသည်ဝင်ရောက်မှုမှာ ပုသိမ်ဒေသတွင် ပြည်တွင်း ခရီးသည် ၃၄,၉၈၁ ဦး၊ ပြည်ပခရီးသည် ၃,၂၄၀ ဦး စုစုပေါင်း ၃၈,၂၂၁ ဦး၊ ချောင်းသာဒေသတွင် ပြည်တွင်း ခရီးသည် ၆၆,၇၉၀ ဦး၊ ပြည်ပခရီးသည် ၄၈၀ ဦး စုစုပေါင်း ၆၇,၂၇၀ ဦး၊ ငွေဆောင်ဒေသတွင် ပြည်တွင်းခရီးသည် ၄၉,၈၅၇ ဦး၊ ပြည်ပခရီးသည် ၂၇,၁၇၀ ဦး စုစုပေါင်း ၇၇,၀၂၇ ဦး လာရောက် လည်ပတ်ခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၅)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ ခုနှစ် (ဧပြီမှစက်တင်ဘာ) | ၂၀၁၈ ခုနှစ် (ဧပြီမှစက်တင်ဘာ) |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၂,၇၂၄.၇၆ | ၂,၇၂၄.၇၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၂၂၈ | ၁,၂၄၈ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၆၁၈,၄၈၁.၉ | ၇၂၄,၃၇၃.၅ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၁၅.၃ | ၉.၅ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၅.၄ | ၁၅.၅ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၁၄.၆ | ၁၄.၀ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၇၀.၀ | ၇၀.၅ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆၅၇,၀၉၃.၇ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်အထိ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၇၂၄,၃၇၃.၅ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၁၁၀.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၉.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် စပါးဈေးကွက် မြင့်တက်လာခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ မြို့တွင်းနှင့် အဝေးပြေး


ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ခဲ့ခြင်းနှင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၉)

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်


ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ နှစ်အလိုက် ဧပြီလ မှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၆၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၆၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၆၂)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေ

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်းအပေါ် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ နှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့သည် ရည်မှန်းချက်တန်ဖိုးကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် ရည်မှန်းချက် တန်ဖိုးထက် အနည်းငယ် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ရာသီဥတုကောင်းမွန်ခြင်းနှင့် စပါးဈေးကွက် မြင့်တက်ခြင်း၊ သစ်တောမြေနှင့် အခြားမြေများတွင် ယခင် အခြားသီးနှံစိုက် လယ်မြေများပေါ်တွင် မိုးစပါးစိုက်ပျိုးလာခြင်း၊ ဆင်သေရေလှောင်တမံတွင် ရေဝင်မှုများပြား၍ ရေလုံလောက်စွာပေးနိုင်ခြင်းတို့ကြောင့် မိုးစပါးများ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍအနေဖြင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် နို့ပေါင်းစက်အခြေပြု နို့စားနွား မွေးမြူရေးလုပ်ငန်းကို မွေးမြူခဲ့ပါသည်။ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်း My Culture နှင့် ပူးပေါင်းဆောင်ရွက်သော တစ်ပိုင်တစ်နိုင်ငါးမွေးမြူခြင်းလုပ်ငန်းကို ဆောင်ရွက်ထားရှိပါသည်။ စပါး-ငါးတွဲဘက်မွေးမြူမှုအနေဖြင့် ပျဉ်းမနားမြို့နယ်၊ နှမ်းတောကျေးရွာတွင် World Fish ၏ အကူအညီဖြင့် လယ်မြေ ၃.၄ ဧကပေါ်တွင် ငါးသားပေါက်ကောင်ရေ ၃,၀၀၀ ထည့်သွင်း မွေးမြူထားပြီး ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍအနေဖြင့် မက်စ်မြန်မာ ဘိလပ်မြေစက်ရုံမှ တန် (၅၀၀) ကျ စက်ရုံအား တန် (၁,၅၀၀) ကျ စက်ရုံအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ဒက္ခိဏသီရိမြို့နယ်ရှိ အသေးစားနှင့် အလတ်စားစက်မှုဇုန်တွင် SME လုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ရန် CGI (Credit Guarantee Insurance) စနစ်ဖြင့် ချေးငွေထုတ်ချေးထားပါသည်။

မဟာဓာတ်အားလိုင်းကွန်ယက်မှတဆင့် ကျေးရွာပေါင်း ၄၂၂ ရွာသို့ နိုင်ငံတော်ဓာတ်အားမှလျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားပြီး ကျေးရွာစုစုပေါင်း၏ ၅၃.၀၂ ရာခိုင်နှုန်းကို နိုင်ငံပိုင်ကဏ္ဍမှလည်းကောင်း၊ ကျေးရွာစုစုပေါင်း၏ ၉.၆၇ ရာခိုင်နှုန်းကို အခြားနည်းလမ်းများဖြင့် ပုဂ္ဂလိကကဏ္ဍမှလည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးပေးနေသဖြင့် စုစုပေါင်းကျေးရွာ၏ ၆၂.၆၉ ရာခိုင်နှုန်းအား လွှမ်းခြုံ၍ ဓာတ်အားဖြန့်ဖြူးထားပြီးဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်ကုန်-မန္တလေး အမြန်လမ်း (ကုန်ထုတ်ဆက်သွယ်ရေးလမ်း) လုပ်ငန်းများ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘိလပ်မြေစက်ရုံ (တောင်စဉ်အေး)အထက်ပေါင်းလောင်းလမ်း မြေဖြည့်ခြင်း၊ ဥတ္တရသီရိမြို့နယ်မှ နေပြည်တော်-တောင်ညို -ချောင်းနက်-တောင်တွင်းကြီးလမ်းအစရှိသည့် လမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်ထုတ်လမ်းများ

ဆောက်လုပ်မှု၊ လမ်းတံတားများ ဆောက်လုပ်ခြင်းအစရှိသည့် ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကဆောက်လုပ်မှုအနေနှင့် တပ်ကုန်းမြို့နယ်တွင် နေပြည်တော်စည်ပင်သာယာရေးဘဏ် ဆောက်လုပ်ခြင်း၊ ပေတောကြက်ခြံ ဆောက်လုပ်ပြီးစီးခြင်း၊ ရဲတံခွန်ရိပ်သာ ဆောက်လုပ်ခြင်း၊ DENKO ဆီဆိုင်ဆောက်လုပ်ခြင်း၊ CDD (Community Driven Development) Project ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိပါသည်။

မြို့တွင်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ၊ နေပြည်တော် အခြေပြုနှင့် အခြားပြည်နယ်/ တိုင်းဒေသကြီးအခြေပြု အဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ခဲ့ခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဝင်ငွေများ တိုးတက်ခဲ့ပါသည်။

နေပြည်တော်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာသုံးစက်ကိရိယာ ဝယ်ယူရန်အတွက် ကျပ် ၁,၂၃၃.၈၀၀ သန်း ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်လုပ်ငန်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်ခြင်းကြောင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများအနက် ဟိုတယ်လုပ်ငန်းများနှင့် ပုဂ္ဂလိကကျောင်းများ အဆင့်မြင့်တိုးချဲ့ဆောင်ရွက်လျက်ရှိခြင်းကြောင့် ၎င်းတို့မှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

## အခန်း(၅)

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပြောင်းလဲဆောင်ရွက်မှု အခြေအနေများ

### ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍသည် အဓိကဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ အစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဒုတိယသမ္မတ (၁)မှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် “ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ” ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါအစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းကော်မတီ(၅)ရပ်ကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်တွေ့ဆုံညှိနှိုင်း အစည်းအဝေးပွဲများမှ စီးပွားရေးလုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှဖြေရှင်းဆောင်ရွက်မှုပြုခဲ့သော်လည်း အချို့ကိစ္စရပ်များတွင် အပြည့်အဝပြီးပြတ်သည်အထိ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍ အလိုက် လုပ်ငန်းကော်မတီ (၅) ရပ်က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူလုပ်ငန်းရှင်များကို Public-Private Dialogue (PPD)ပြုလုပ်၍ပြီးပြတ်သည်အထိဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဦးဆောင်၍ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲ ၄ ကြိမ် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များမှ အကြံပြုချက်များအား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကဏ္ဍအလိုက် စုစည်း၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့ ပေးပို့လာသည့်အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့ရုံးများ နှင့် လုပ်ငန်းကော်မတီများ၏ ပြန်ကြားချက်များကို UMFCCI မှတစ်ဆင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ၊ အသင်းအဖွဲ့များသို့ပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လုပ်ငန်းကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ၂လလျှင်၁ကြိမ် တွေ့ဆုံပြီး ကုန်သည်လုပ်ငန်းရှင်များမှ တင်ပြသည့် ကိစ္စရပ်များအားသက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ Ease of Doing Business အဆင့်တက်လာရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား လုပ်ငန်း ကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

### Doing Business Report အပေါ်ဆောင်ရွက်မှုအခြေအနေများ

ကမ္ဘာ့ဘဏ်မှ နိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့် အခြေအနေ အစီရင်ခံစာ (Doing Business Report)ပါ မှတ်ကျောက်များတွင် မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများ

ရရှိစေပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း လွယ်ကူချောမွေ့အဆင်ပြေစေရန် (Doing Business Report) အား ၂၀၁၄ခုနှစ်မှစတင်၍နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ကမ္ဘာ့ဘဏ်မှနှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business အစီရင်ခံစာပါ လုပ်ငန်းစဉ် များမှာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေမှု အခြေအနေကို တိုင်းတာ၍ အဆင့်သတ်မှတ်ဖော်ပြခြင်းဖြစ်ရာမြန်မာနိုင်ငံသည်စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံပေါင်း ၁၉၀ အနက် ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၇၁ သို့ ရောက်ရှိလာခဲ့ပါသည်။

Doing Business Reportအရ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူမှုအဆင့်သည် ၂၀၁၈ခုနှစ်တွင် အဆင့်တစ်ဆင့်နိမ့်ကျခဲ့သော်လည်း မြန်မာနိုင်ငံ၏ အမြင့်ဆုံးစွမ်းဆောင်ရည်သို့ အကွာအဝေး(Distance to Frontier-DTF)ရမှတ်မှာ Doing Business Report 2017 အမှတ် ၁၀၀ ပေါ်တွင် ရမှတ် ၄၃.၉၁ ဖြစ်ပြီး Doing Business Report2018 တွင် မြန်မာနိုင်ငံ၏ (DTF) ရမှတ်မှာ ၄၄.၂၁ ဖြစ်ပါသဖြင့် စွမ်းဆောင်ရည် မြင့်တက်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ Indicator များအရ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် Ease of Doing Business Ranking အဆင့်ပြောင်းလဲ တိုးတက်မှုနှင့် ညွှန်းကိန်း တစ်ခုချင်း အလိုက်ပြောင်းလဲမှုရမှတ်များကိုနှိုင်းယှဉ်ဖော်ပြအပ်ပါသည် -

ဇယား(၅-၁)

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ အကဲဖြတ်ချက်များအပေါ် မြန်မာနိုင်ငံ၏တိုးတက်မှုအခြေအနေများ

| စဉ် | အကြောင်းအရာ | DB 2017 | DB 2018 | Change in Rank | DB 2017 | DB 2018 | Change in DTF (% points) |
|---|---|---|---|---|---|---|---|
| | | Rank | Rank | | DTF(%) | DTF(%) | |
| | စုစုပေါင်းအဆင့် Rank | 170 | 171 | ↓ 1 | 43.91 | 44.21 | ↑ 0.30 |
| ၁ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း ( Starting a Business ) | 146 | 155 | ↓ 9 | 75.29 | 75.42 | ↑ 0.13 |
| ၂ | ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Constuction Permits) | 66 | 73 | ↓ 7 | 69.98 | 70.33 | ↑ 0.35 |
| ၃ | လျှပ်စစ်ဓါတ်အားရရှိနိုင်မှု (Getting Electricity) | 149 | 151 | ↓ 2 | 52.17 | 52.52 | ↑ 0.35 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ( Registering Property ) | 143 | 134 | ↑ 9 | 50.62 | 52.3 | ↑ 1.68 |
| ၅ | ချေးငွေရရှိနိုင်မှု ( Getting Credit) | 175 | 177 | ↓ 2 | 10.00 | 10.00 | — |
| ၆ | အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors ) | 179 | 183 | ↓ 4 | 25.00 | 25.00 | — |
| ၇ | အခွန်ပေးဆောင်မှု ( Paying Tax ) | 119 | 125 | ↓ 6 | 63.68 | 63.94 | ↑ 0.26 |
| ၈ | ပြည်ပကုန်သွယ်မှု ( Trading across Borders ) | 159 | 163 | ↓ 4 | 47.40 | 47.67 | ↑ 0.27 |
| ၉ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း ( Enforcing Contracts) | 188 | 188 | — | 24.53 | 24.53 | — |
| ၁၀ | အကြွေးမဆပ်နိုင်မှုအခြေအနေကိုဖြေရှင်းပေးနိုင်မှု (Resolving Insolvency) | 164 | 164 | — | 20.39 | 20.39 | — |

source ; Doing Bu

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာပြီး အားလုံး ပူးပေါင်းပါဝင်၍ ဆောင်ရွက်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်းများ လိုအပ်သည့်အတွက် အစိုးရအနေဖြင့် အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများဖြင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် နည်းလမ်းများ ရှာဖွေဆောင်ရွက်ခဲ့ပါသည်။ Ease of Doing Business Ranking မြင့်မားစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မှုအခြေအနေ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ပါသည်။

Doing Business အစီရင်ခံစာပါ အညွှန်းကိန်းများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်း အဖွဲ့အား အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍမှ အထောက်အကူပြု အဖွဲ့ဝင်(၃၂)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့အနေဖြင့် Ease of Doing Business Ranking မြင့်မားစေရန်စံပြုအဖြေလွှာများနှင့် ပတ်သက်၍ Doing Business အထောက်အကူပြုအဖွဲ့ဝင်များနှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၉ခုနှစ် Doing Business အညွှန်းကိန်း (၁၀)ခုအတွက် အကဲဖြတ်မေးခွန်းလွှာများနှင့် စပ်လျဉ်း၍ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့သည် Doing Business အထောက်အကူပြု အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် Doing Business ၂၀၁၈- ၂၀၁၉ နှင့် ပတ်သက်ပြီး Getting Electricity Indicator ၊ Registering Property Indicator Paying Taxes Indicator နှင့် Trading Across Borders Indicator များနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ**

၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအတွင်း အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ ၌ ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် ဝန်ဆောင်မှုကုန်သွယ်ရေးအတွက် ပေကျင်းနိုင်ငံတကာကုန်စည်ပြပွဲသို့ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန-ITC မှ ပံ့ပိုးပေးမှုဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီများအနက်မှ တရုတ်နိုင်ငံ ဈေးကွက်နှင့် သင့်လျော်သည့်ကုမ္ပဏီ (၃) ခု သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့ အထိ ကျင်းပပြုလုပ်မည့် နိုင်ငံတကာသွင်းကုန်ပစ္စည်းပြပွဲ China International Import

Expo (CIIE) သို့ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ပံ့ပိုးမှုဖြင့် ကုမ္ပဏီများသွားရောက် ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ Agribusiness Services Center (ASC Project) အတွက် တရုတ်နိုင်ငံ EXIM Bank မှ သက်သာသောအတိုးနှုန်းထားဖြင့် နှစ်ရှည်ချေးငွေရရှိရေး ဆောင်ရွက်ခဲ့ပါသည်။ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းဝင် ကုမ္ပဏီ (၃) ခု ဖြစ်သည့် ရွှဝံဆီစက်၊ အာရှသားဆီစက်နှင့် ရွှေအရသာဆီစက်တို့အား HACCP လက်မှတ်ရရှိ လျှောက်ထားနိုင်ရေး၊ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းမှ ထိုင်းနိုင်ငံသို့ သွားရောက်မည့် လေ့လာရေးခရီးစဉ်အတွက် တောင်သူလယ်သမားများ၊ သက်ဆိုင်ရာဌာန/ အသင်းအဖွဲ့များ၊ အကြံပေးအလုပ်သင်များ၊ Processor များနှင့် Collector များ စုစုပေါင်း (၁၇) ဦး တို့အား လေ့လာရေးခရီးစဉ် စေလွှတ်နိုင်ရေးအတွက် ITC နှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

## အခန်း (၆)

## ပြည်ပချေးငွေ၊ အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

### ပြည်ပချေးငွေ

နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီသော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စနစ်ဖော်ဆောင်ရေး၊ ငွေကြေးနှင့် ကြွေးမြီစီမံခန့်ခွဲမှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် ငွေတိုက်ဦးစီးဌာနမှ ကြွေးမြီဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ၍ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အမေရိကန်ဒေါ်လာ(USD) ၈၀.၀၀၀ သန်း၊ ယူရို(EUR) ၂၇.၀၀၀ သန်းဖြင့် စီမံချက်အရေအတွက် ၃ ခုကို ချေးငွေများရရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ချေးငွေ နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုနိုင်ခဲ့ ပါသည်။

**ဇယား (၆-၁)**

**၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပြည်ပချေးငွေရရှိရန် စာချုပ်ချုပ်ဆိုဆောင်ရွက်မှုအခြေအနေ**

(သန်းပေါင်း)

| စဉ် | | စီမံကိန်း/အကောင်အထည်ဖော်သည့် ဝန်ကြီးဌာန | နိုင်ငံ/ အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေ စာချုပ်ပမာဏ |
|---|---|---|---|---|---|---|
| ၁ | | ဆောက်လုပ်ရေးဝန်ကြီးဌာန | | | | |
| | ၁ | ကင်းချောင်းတံတား တည်ဆောက်ခြင်းစီမံကိန်း | Austria | EUR | ၂၅-၄-၂၀၁၈ | ၅.၀၀၀ |
| | ၂ | မဟာမဲခေါင်ဒေသခွဲစကြ်န်လမ်း တစ်လျှောက်ရှိမြို့များဖွံ့ဖြိုးမှု စီမံကိန်း | ADB | USD | ၁၂-၉-၂၀၁၈ | ၈၀.၀၀၀ |
| ၂ | | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | | | | |
| | ၁ | အမျိုးသားကျန်းမာရေးဓါတ်ခွဲမှု ဆိုင်ရာဌာန၊ အထွေထွေမွမ်းမံ ပြင်ဆင်ရန်နှင့်စွမ်းရည်မြှင့်တင်ရေး စီမံကိန်း | AFD | EUR | ၂၆-၆-၂၀၁၈ | ၂၂.၀၀၀ |
| | | စုစုပေါင်း | | USD | | ၈၀.၀၀၀ |
| | | | | EUR | | ၂၇.၀၀၀ |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

**ပြည်ပအကူအညီ အထောက်အပံ့**

ပြည်ပအကူအညီ အထောက်အပံ့များအတွက် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံအချင်းချင်း (Bilateral)၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (Multilateral) ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ညှိနှိုင်းမှုများ ပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေး အစီအစဉ်များ၊ မဟာဗျူဟာများ နှင့် အကူအညီ အရင်းအမြစ်များ သဟဇာတဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့နှင့် နည်းပညာစီမံချက်များရရှိရန် သဘောတူညီချက် မူဘောင်စာချုပ်များ၊ နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးနိုင်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ အဆိုပြုလိုသော စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလှူရှင်နိုင်ငံ အဖွဲ့အစည်းများသို့ အဆိုပြုလွှာများ ပေးပို့နိုင်ခဲ့ ပါသည်။

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာ စီမံချက်များကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ စီမံချက် အရေအတွက် (၂၉) ခုဖြင့် အမေရိကန်ဒေါ်လာ (၃၅၃.၀၅၃) သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ ပါသည်။

ဇယား (၆-၂)

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီအထောက်အပံ့ရရှိရန်

ဆောင်ရွက်မှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ USD သန်း |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀ | ၃၀.၄၁၂ |
| ၂ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၄ | ၃၅.၃၅၃ |
| ၃ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃ | ၀.၁၁၀ |
| ၄ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄ | ၀.၀၈၃ |
| ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | ၁.၄၆၄ |
| ၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁ | ၂၃၃.၀၀၀ |


| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ USD သန်း |
|---|---|---|---|
| ၇ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၇ | TA |
| ၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၂ | ၃.၁၁၆ |
| ၉ | မြန်မာနိုင်ငံတော် ဗဟိုဘဏ် | ၁ | ၄၉.၄၁၁ |
| စုစုပေါင်း | | ၂၉ | ၃၅၃.၀၅၃ |

ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ပုံ (၆-၁)

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီအထောက်အပံ့ရရှိရန် ဆောင်ရွက်မှုအခြေအနေ




ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

**နိုင်ငံ/ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိရေးဆောင်ရွက်ပေးမှု**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံနှင့် အဖွဲ့အစည်းများအလိုက် ပြည်ပ အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိရေးဆောင်ရွက်ပေးမှု များကို ဖော်ပြအပ်ပါသည်။

ဇယား(၆-၃)

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ

နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိရေး ဆောင်ရွက်ပေးမှု


| စဉ် | နိုင်ငံ/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ USD သန်း |
|---|---|---|---|
| ၁ | ဂျပန် | ၂ | ၄၉.၄၁၁ |
| ၂ | အိန္ဒိယ | ၁ | ၂၃၃.၀၀၀ |
| ၃ | နယ်သာလန် | ၁ | ၀.၉၆၁ |
| ၄ | ဂျာမဏီ | ၂ | ၅.၈၄၀ |
| ၅ | ဒိန်းမတ် | ၁ | ၁.၄၆၄ |
| ၆ | ကိုရီးယား | ၂ | ၇.၅၃၀ |
| ၇ | ပြင်သစ် | ၁ | ၁.၇၅၀ |
| ၈ | ဘယ်လဂျီယံ | ၁ | ၀.၃၀၀ |
| ၉ | ထိုင်း | ၁ | ၁.၀၃၀ |
| ၁၀ | အမေရိကန် | ၁ | |
| နိုင်ငံအချင်းချင်းစုစုပေါင်း | | ၁၃ | ၃၀၀.၂၈၆ |
| ၁၁ | World Bank | ၁ | ၃.၀၀၀ |
| ၁၂ | နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) | ၁၁ | ၄၈.၆၈၃ |
| ၁၃ | ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း(UN ) | ၄ | ၀.၀၈၃ |
| စုစုပေါင်း | | ၂၉ | ၃၅၃.၀၅၃ |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ပုံ(၆-၂)

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ

နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိရေး ဆောင်ရွက်ပေးမှု





ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိရေး ဆောင်ရွက်ပေးမှုများကို ကဏ္ဍအလိုက် ဖော်ပြအပ်ပါသည်။

ပုံ(၆-၃)

ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိရေး ဆောင်ရွက်ပေးမှု




ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိရေး ဆောင်ရွက်ပေးမှုတွင် အခြေခံအဆောက်အအုံကဏ္ဍမှ (ဆောက်လုပ်ရေး) ၆၇.၀၀%၊ လူမှုစီးပွားကဏ္ဍမှ (ပညာရေး၊ လူမှုရေး၊မီဒီယာ၊ငွေရေးကြေးရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး)၃၁%၊သဘာဝသယံဇာတကဏ္ဍမှ ၁%၊ သဘာဝဘေး အန္တရာယ် ကာကွယ်တားဆီးရေး ကဏ္ဍမှ ၁ % ဖြင့် ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အခန်း (၇)

## သုံးသပ်တင်ပြချက်

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတွင် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး အခြေအနေမှာ ကုန်သွယ်ရေးစစ်ပွဲများ၊ ဒေသတွင်းစီးပွားရေး တိုးတက်မှု နှေးကွေးနေခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း မတည်ငြိမ်မှုများကြောင့် ၃.၇ ရာခိုင်နှုန်းတိုးတက်မည် ဖြစ်ကြောင်းခန့်မှန်းဖော်ပြထားပါသည်။ အာဆီယံဒေသတွင်း နိုင်ငံများတွင် တိုးတက်မှု အရှိန်အဟုန်မှာ နှေးကွေးလျက် ရှိနေပြီး၊ ပို့ကုန်တိုးတက်မှု အသင့်အတင့်သာရှိခြင်း၊ ပြည်တွင်းဝယ်လိုအားလျော့နည်းခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်းကြောင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၅.၁ ရာခိုင်နှုန်းသာရရှိမည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာနှင့် အာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အခြေအနေသည်လည်း ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ တွင် ၇.၂ ရာခိုင်နှုန်း ရရှိရန် ခန့်မှန်းထားမှုထက် လျော့နည်း၍ ၆.၅ ရာခိုင်နှုန်းသာ ရရှိခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုကို အဓိက မောင်းနှင်သည့် ကဏ္ဍများမှာ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် သားငါးကဏ္ဍတို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လတွင် ရည်မှန်းချက်ကို မပြည့်မီသော်လည်း အသေးစားနှင့် အလတ်စား ထုတ်လုပ်မှုလုပ်ငန်းငယ်များ၏ ထုတ်လုပ်မှု တိုးတက်လာခြင်း၊ ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ခြင်းခဲ့ပြီး ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း၊ စားသုံးမှု လိုအပ်ချက်ကို ပြည့်ဆည်းပေးရန်နှင့် ပို့ကုန်တိုးမြှင့် တင်ပို့နိုင်စေရေးအတွက် အသားကဏ္ဍနှင့် ငါးကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် တိုးတက်မှုနှုန်းကို ဖြစ်ပေါ်စေခဲ့ပါသည်။

အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်တက်မှုကြောင့် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ကျပ်ငွေတန်ဖိုးကျဆင်းခဲ့ပါသည်။ ကျပ်ငွေတန်ဖိုးကျဆင်းမှုကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်စေခဲ့ခြင်း၊ ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဒေါ်လာဝယ်လိုအားမြင့်တက်ခဲ့ခြင်း၊ နိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်တွင် ဈေးကစားမှုဖြစ်ပေါ်ခဲ့ခြင်း၊ တစ်ဆင့်ခံ ပို့ကုန်များကန့်သတ်ခဲ့ခြင်းကြောင့် ပို့ကုန်မှ ဝင်ငွေလျော့နည်းခဲ့ပါသည်။

ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ၂၀၁၆ခုနှစ်စက်တင်ဘာလ၌၉.၁၆%၊ ၂၀၁၇ခုနှစ်စက်တင်ဘာလ၌ ၄.၆၆ % နှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၅.၉၄ % ဖြစ်ပေါ်ခဲ့ပါသည်။ စက်သုံးဆီဈေးနှုန်းနှင့် အခြားစားသုံးကုန်စည်ဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့ခြင်းတို့ ကြောင့် ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်မှနှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business တွင်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူမှုအဆင့်သည် စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံပေါင်း ၁၉၀ အနက် အဆင့် ၁၇၁ ရှိခဲ့ပြီး အမြင့်ဆုံးစွမ်းဆောင်ရည်သို့ အကွာအဝေး(Distance to Frontier-DTF) ရမှတ်မှာ Report 2017 အမှတ် ၁၀၀ ပေါ်တွင်ရမှတ် ၄၃.၉၁ ဖြစ်ပြီး 2018 တွင် ရမှတ်မှာ ၄၄.၂၁ ဖြစ်သဖြင့် စွမ်းဆောင်ရည်မြင့်တက်ခဲ့ပါသည်။

ပြည်ပချေးငွေအနေဖြင့် ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အမေရိကန်ဒေါ်လာ (USD) ၈၀.၀၀၀ သန်း၊ ယူရို(EUR) ၂၇.၀၀၀ သန်းဖြင့် ချေးငွေများရရှိနိုင်ရန်အတွက် လက်မှတ်ရေးထိုးခဲ့ခြင်း၊ ပြည်ပအကူအညီအထောက်အပံ့များအတွက် နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာစီမံချက် (၂၉) ခုဖြင့် အမေရိကန်ဒေါ်လာ (၃၅၃.၀၅၃) သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး အခြေခံအဆောက်အအုံကဏ္ဍမှ (ဆောက်လုပ်ရေး) ၆၇% နှင့် အများဆုံး၊ လူမှုစီးပွားကဏ္ဍမှ (ပညာရေး၊ လူမှုရေး၊ မီဒီယာ၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး) ၃၁% နှင့် ဒုတိယအများဆုံးဖြစ်ပါသည်။

ဒေသ၊ ကဏ္ဍချိတ်ဆက်မှုများ ပိုမိုအားကောင်းစေရေး၊ မူဝါဒများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန်ညီညွတ်မှုရှိရေး၊ အစိုးရတစ်ရပ်လုံးဆိုင်ရာ ဖွံ့ဖြိုးမှု မူဘောင်ဖြစ်စေရေး၊ အစိုးရ၏ ဖွံ့ဖြိုးမှု မူဝါဒများ၊ အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ သိစေရေး၊ နိုင်ငံတော်ဘတ်ဂျက်၊ ဖွံ့ဖြိုးမှု အကူအညီနှင့် ပုဂ္ဂလိကနှင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)** ၂၀၁၈-၂၀၃၀ကို ရေးဆွဲခဲ့ပါသည်။ MSDP ပါလုပ်ငန်းစဉ်များအနက် လုပ်ငန်းတန်ဖိုး ကျပ် ၂ ဘီလီယံနှင့်အထက် လုပ်ငန်းစီမံကိန်းများကိုစနစ်တကျဆောင်ရွက်နိုင်ရန် Project Bank ကိုလည်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအစီရင်ခံသည့် ကာလသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအား ပိုမိုထိရောက်စွာ သုံးစွဲနိုင်ရန်အတွက် ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်သစ်သို့ ပြောင်းလဲရာတွင် နှစ်ဟောင်းနှင့် နှစ်သစ်အကြား အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ဘဏ္ဍာရေးနှစ်သစ် ကာလဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကိုလည်းရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူခဲ့ပါသည်။